ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 24 March 2021 ၁၀၃၂၆

# မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၃

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။



မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနား ကျင်းပစဉ်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ဝန်ထမ်းများအနေဖြင့် တာဝန်များထမ်းဆောင်ရာတွင် စေတနာထား၍ အကောင်းဆုံး ဆောင်ရွက်ကြစေလိုပါကြောင်း၊ Teaching Assistant (TA) နှင့် Language Teacher (LT) ခန့်ထားမှုနှင့်ပတ်သက်၍ ဒေသခံများကို ဦးစားပေးခန့်ထားရေးနှင့် လစာတိုးမြှင့်ခံစားခွင့်ပြုရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ မှတ်ပုံတင်များလျှောက်ထားရာတွင် မျိုးနွယ်စုအမှန်ဖြစ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းတစ်ခုတွင် မျှော်မှန်းချက်၊ မူဝါဒများချမှတ်အကောင်အထည်ဖော်မှသာ ရည်မှန်းချက်ပန်းတိုင်သို့ လျင်မြန်စွာရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရည်မှန်းချက်များ ပြည့်ဝအောင်မြင်စေရန် ဝန်ကြီးဌာန၏ လမ်းပြမြေပုံဖြစ်သည့် မဟာဗျူဟာတစ်ရပ်ရှိရန် လိုအပ်သည့် မူဝါဒများရေးဆွဲရန်နှင့် အကောင်အထည်ဖော်နိုင်ရန် ဝန်ကြီးဌာနအနေဖြင့် မလွှဲမသွေဆောင်ရွက်ရမည့်ကိစ္စတစ်ရပ်ဖြစ်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

# စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့တို့၌ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

နေပြည်တော် မတ် ၂၃

ရခိုင်ပြည်နယ် စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့နယ်များရှိ သောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာများ၊ စစ်ဘေးရှောင်စခန်းများအတွက် သက်ဆိုင်ရာ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများကို နေ့စဉ်ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သွားရောက်လှူဒါန်း**

ထိုသို့ ဖြန့်ဝေလှူဒါန်းလျက်ရှိရာ မတ် ၁၉ ရက်က စစ်တွေမြို့နယ်မီးသတ်စခန်းမှ အောင်သီရိဘုန်းတော်ကြီးကျောင်း (တိုက်ပွဲရှောင်စခန်း)သို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့်အား မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့်လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ်မီးသတ်စခန်းမှ ရေဖြူကန် (တိုက်ပွဲရှောင်စခန်း)သို့ သောက်သုံးရေဂါလန် ၃၂၀၀ ခန့်အား မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့်လည်းကောင်း သွားရောက်လှူဒါန်းခဲ့သည်။

အောင်မျိုး





ကြေးမုံ

# နိုင်ငံ့ဝန်ထမ်း ကြိုးပမ်းထမ်းရွက် ပြည်သူ့အတွက်

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက် နိုင်ငံ့ဝန်၊ ပြည်သူ့ဝန်ကို ထမ်းရွက်ကြရသူများ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းဟု ခေါ်ဆိုကြပါသည်။ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ထမ်းရွက်ကြသဖြင့် မွန်မြတ်သော အမှုတော်ထမ်းများဖြစ်ပါသည်။ သက်ဆိုင်ရာလုပ်ငန်းများကို လုပ်ခလစာနည်းပါးစွာဖြင့် စေတနာရှေ့ထားကာ ထမ်းရွက်ကြသူများဖြစ်သဖြင့် ဂုဏ်ယူထိုက်သူများ ဖြစ်ကြပါသည်။

အစဉ်အလာမပျက် ထမ်းရွက်ခဲ့ကြသော မွန်မြတ်ဂုဏ်ယူဖွယ်ရာကောင်းသည့် နိုင်ငံ့ဝန်ထမ်းများ၏ပုံရိပ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နိုင်ငံရေးအပြောင်းအလဲတွင် စွန်းထင်းညစ်ထေးခဲ့ရပါသည်။ အဖျက်လုပ်ရပ်ကို ရှေးရှုသော နိုင်ငံရေးသမားအချို့က CDM ဟူသော လှုပ်ရှားမှုဖြင့် သွေးထိုးလှုံ့ဆော်ပေးမှုကြောင့် အချို့ဝန်ထမ်းများသည် လုပ်ငန်းခွင်မှစွန့်ခွာပြီး ပျက်ကွက်မှုများရှိခဲ့ပါသည်။ စိတ်အခံ ခံစားချက်များ၊ သွေးထိုးလှုံ့ဆော်မှုများ၊ မသိနားမလည်မှုများ၊ ဖိအားပေးအကျပ်ကိုင်မှုများကြောင့် CDM တွင် ပါဝင်ခဲ့ကြပါသည်။

ဂုဏ်ယူဖွယ်ကောင်းသည့် ဝန်ထမ်းတစ်ဦးဖြစ်လာရေးမှာ လွယ်ကူသော အလုပ်မဟုတ်ပါ။ မိမိတို့ တတ်ကျွမ်းသည့်ပညာရပ်ဖြင့် ကာလရှည်ကြာ တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် အသိတရားပြန်လည်ရရှိလာမည့်အချိန်ကို စိတ်ရှည်သည်းခံကာ စောင့်ဆိုင်းပေးခဲ့ပါသည်။ ဝန်ထမ်းများသည် မတူကွဲပြားသော ခံယူချက်များ၊ ယုံကြည်ချက်များ ရှိမည်ဖြစ်သော်လည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးထမ်းရွက်မည်ဆိုသည့် မွန်မြတ်သောစိတ်ထားများထားရှိကာ မည်သည့်အစိုးရခေတ်တွင်ဖြစ်စေ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်အစိုးရက နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားအတွက် လုပ်ငန်းများပြန်လည်လည်ပတ်ရေး၊ ပြည်သူ့ဆေးရုံများ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနေပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆေးရုံများမှ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းများမှ ဆရာဆရာမများ ပျက်ကွက်မှုအချို့ရှိသည်ကို တွေ့ရပါသည်။ ပျက်ကွက်မှုဖြစ်ပေါ်သည့် ဝန်ထမ်းများသည် CDM ပြုလုပ်ရန်အတွက် ခြိမ်းခြောက်ခံရခြင်း၊ တာဝန် ပြန်လည်ထမ်းဆောင်လျှင် အရေးယူခံရဖွယ်ရှိမည်ကို စိုးရိမ်ပူပန်ခြင်းတို့ကြောင့် ပျက်ကွက်မှုများရှိနေသည်ဟု သိရပါသည်။

ဝန်ထမ်းများကို ဖိအားပေးခြိမ်းခြောက်ခြင်းများရှိလျှင် သတင်းပေးပို့တိုင်ကြားသွားရန် အသိပေးထားပြီး သက်ဆိုင်ရာက အကာအကွယ်ပေးသွားမည်ဖြစ်သည်။ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည်ဖြစ်ပြီး မိမိတို့လုပ်ငန်းတာဝန် ပျက်ကွက်နေမှုများသည် ပြစ်မှုကျူးလွန်သည့်အဆင့်မဟုတ်ပါက ဝန်ထမ်းစည်းကမ်း ဖောက်ဖျက်မှုသာဖြစ်၍ ပထမအကြိမ်အနေဖြင့် ခံဝန်ကတိ လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ထပ်မံစည်းကမ်းဖောက်ဖျက်လာမှသာ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်သည်။

ထို့ကြောင့် ပြစ်မှုကျူးလွန်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်သင့်ပါသည်။ မိမိတို့စိတ်ဆန္ဒများကို ဖွပ်လျှော်ဆေးကြော၍ မိမိတို့ဘဝများကို ပြန်လည်တည့်မတ်ကြရန်လိုပါသည်။ ဘဝတူဝန်ထမ်းအချင်းချင်းလည်း စာနာထောက်ထားကာ ပြန်လည်တည့်မတ်ပေးကြရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်း ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများကို ဝေဒနာရှင်ပြည်သူများက စောင့်စားမျှော်လင့်နေကြပြီး ကျောင်းသား ကျောင်းသူများကလည်း မိမိတို့ ဆရာ ဆရာမများကို သတိရနေကြမည် ဖြစ်သည်။

ယခုအခါ ဆရာဝန်များ CDM ပြုလုပ်သောကြောင့် ဆေးရုံအချို့ ပိတ်ထားရဆဲဖြစ်သည်ကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့နေရသည်။ ဒေသခံပြည်သူများက တပ်မတော်မှ ကူညီဆောင်ရွက်ပေးပါရန် တောင်းဆိုမှုများလည်းရှိနေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ပြန်လည်ထမ်းဆောင်လိုသည့် ဝန်ထမ်းများအား ပြန်လည်တာဝန်ထမ်းဆောင်မှုကို ခွင့်ပြုပေးထားပြီး ဆက်လက်တာဝန်ထမ်းဆောင်ခြင်း မရှိတော့သည့်အခါ လစ်လပ်ရာထူးနေရာများအတွက် အစားထိုးဝန်ထမ်းခန့်ထားသွားမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထု အကျိုးစီးပွားအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံရေးအရောင်အသွေးများနှင့် လွဲမှားသည့်ခံယူချက်များ မထားရှိဘဲ နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကိုရှေးရှုကာ နိုင်ငံ့တာဝန်များကို ပြန်လည်ထမ်းဆောင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၂၃

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုး ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မတ် ၂၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၃-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၄၀၀ | ၇ | ၆၅,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၀၀ | ၇၃ | ၂၅၅,၆၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၃,၃၀၀ | ၃,၃၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၂.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၁၆.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၁.၅၅ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၆၁၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၉.၉၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၉၄၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၈.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၇.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၆.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၈၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်



**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့ည ပင်လုံမြို့၌ စော်ဘွားများ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြော

**နေပြည်တော် မတ် ၂၃**

ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန COVID-19 Central Command Centre ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဆေးပညာရှင်များသည် မြန်မာနိုင်ငံ၏ ဆေးလောကတစ်ခုလုံး အစဉ်အဆက် တိုးတက်လာအောင် အဆက်ဆက်ဆောင်ရွက်ခဲ့သူများ ဖြစ်ပါကြောင်း၊ ယနေ့ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော ပါမောက္ခချုပ်များသည် ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်(Professional)များ ဖြစ်ပါသဖြင့် ဆေးပညာကျင့်ဝတ် (Ethics) ကို လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်နေပါသဖြင့် ဝန်ထမ်းကျင့်ဝတ်ကို လည်းကောင်း၊ တက္ကသိုလ်များ၏ ဆရာများဖြစ်နေခြင်းကြောင့် ဆရာကျင့်ဝတ်ကို လိုက်နာရသူများဖြစ်၍ လည်းကောင်း၊ ပြည်တွင်း ပြည်ပ ဘွဲ့လွန်သင်တန်းများ တက်ရောက်အောင်မြင်ခဲ့ကြပြီး ခေတ်အဆက်ဆက် တွေ့ကြုံခဲ့ရသော အတွေ့အကြုံများအပေါ် အခြေခံ၍ ယနေ့လူငယ်များ လမ်းမှားများ မရောက်ရှိစေရန် ထိန်းကျောင်းပေးစေလိုပါကြောင်း၊ မိမိတို့သင်ကြားလေ့ကျင့်ပေးမည့် ကျောင်းသား ကျောင်းသူများအား "ဘေးရန်ဆီးကာ"ဖြစ်စေရေးနှင့် အန္တိမရည်မှန်းချက်ဖြစ်သော ဆေးပညာရှင်ကောင်းများ ဖြစ်လာစေရေးအတွက် တတ်နိုင်သမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း။

ဆေးတက္ကသိုလ်များနှင့် နီးနွယ်တက္ကသိုလ်များသည် ကျောင်းသား ကျောင်းသူများအား ဆေးပညာရပ် အစဉ်အမြဲတိုးတက်နေစေရန် သင်ကြားပေးလျက်ရှိသော တက္ကသိုလ်ကြီးများဖြစ်၍ ဆေးပညာရပ်များ ဆက်လက် သင်ကြားပေးနိုင်စေရန် အားလုံးကြိုးစားဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့သောကြောင့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး နှောင့်နှေးခဲ့ပါသဖြင့် ၂၀၂၁ ပညာသင်နှစ်တွင် ဘွဲ့လွန်ဆေးပညာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးနိုင်ရန် ဘွဲ့လွန်ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ပြီးဖြစ်ပါသဖြင့် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးလုပ်ငန်းများ ကြိုတင်လုပ်ဆောင်နိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ တက္ကသိုလ်အလိုက် စာရင်းပြုစုပေးကြရန်နှင့် နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှု မဖြစ်စေရေး စိစစ်ဆောင်ရွက်ရန်လိုပါကြောင်း။

ယင်းနောက် အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံ/ရုံး/ဌာနနှင့်ကင်းကွာနေသော ဝန်ထမ်းများ အနေဖြင့် အလုပ်ပြန်လည်ဝင်ရောက်ထမ်းဆောင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်နေသော ဆေးပညာရှင်များနှင့် ကုသရေးပိုင်းတွင် ပါဝင်သောပုဂ္ဂိုလ်များအတွက် ဂုဏ်ဒြပ်နှင့်ကိုက်ညီသည့် ချီးမြှင့်ငွေများအား လာမည့် ဧပြီလ ကုန်မှစ၍ စတင်ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများအဆင်ပြေစေရန် ဝန်ကြီးဌာနမှ အထူးအလေးထား စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ယာယီ ပူးတွဲတာဝန်)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်က ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများကို ဆွေးနွေးကြပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စနှင့် ဆေးပညာရှင်များနှင့် ကုသရေးပိုင်းတွင်ပါဝင်သောပုဂ္ဂိုလ်များအတွက် ဂုဏ်ဒြပ်နှင့်ကိုက်ညီသည့် ချီးမြှင့်ငွေများရရှိရေး ဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းအစည်းအဝေးသို့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

**❃ ရှေ့ဖုံးမှ**

ယခုရေးဆွဲလျက်ရှိသည့် မဟာဗျူဟာပါ ရည်မှန်းချက်က "တိုင်းရင်းသားများအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိနိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိနိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပါ ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအတိုင်း ပြည့်ဝအောင်မြင်နိုင်ရေး" ဖြစ်သဖြင့် တိုင်းရင်းသားများအတွက် ဥပဒေပါ အခွင့်အရေးများရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် မဟာဗျူဟာတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မဟာဗျူဟာပါ အခန်းကဏ္ဍများကို နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်နှင့်အမျှ ဖွံ့ဖြိုးမှုကွာဟချက်များ လျော့နည်းကျဉ်းမြောင်းလာမည်ဟု မျှော်လင့်ရပါကြောင်း၊ မဟာဗျူဟာရေးဆွဲရာတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ မျှော်မှန်းချက်များနှင့်လည်း ကိုက်ညီရန်လိုအပ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးရရှိရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားရေးရာကိစ္စရပ်များသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားရေးရာ ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပိုမို ထိရောက်စွာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ "မဟာဗျူဟာ" တွင် ပါဝင်သင့်ပါဝင်ထိုက်သည်များ ပြည့်စုံစွာပါဝင်နိုင်ရေး၊ မဟာဗျူဟာ အပြီးသတ်ရေးဆွဲနိုင်ရေးနှင့် မဟာဗျူဟာ၏ သက်တမ်းဖြစ်သည့် ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ၁၀ နှစ်တာ ကာလအတွင်းတွင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုနှင့် ညွှန်ကြားရေးမှူး ဒေါ်သဉ္ဇာနိုင်တို့က Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့်ပတ်သက်၍ လိုအပ်သည့်အချက်များ ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပညာရေးဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပါရဂူဘွဲ့ကြိုသင်တန်း (Prelim) များ စတင်ဖွင့်လှစ်မည်

**နေပြည်တော် မတ် ၂၃**

ပညာရေးဝန်ကြီးဌာနရှိ ပါရဂူဘွဲ့ကြိုသင်တန်း (Prelim) ဖွင့်လှစ်သည့် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်များတွင် ၅-၅-၂၀၂၁ ရက်နေ့မှစတင်၍ ပါရဂူဘွဲ့ကြိုသင်တန်း (Prelim) ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ပါရဂူဘွဲ့သင်တန်းဝင်ခွင့်လျှောက်လွှာများကို ဖ-၄-၂၀၂၁ ရက်နေ့ နောက်ဆုံးထားပြီး သက်ဆိုင်ရာတက္ကသိုလ်များတွင် လျှောက်ထားရမည်ဖြစ်ကာ ပါရဂူဘွဲ့ဝင်ခွင့်ရေးဖြေစာမေးပွဲများကို ၂၁-၄-၂၀၂၁ ရက်နေ့တွင် သက်ဆိုင်ရာဘာသာရပ်နှင့် ၂၂-၄-၂၀၂၁ ရက်နေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုရမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၈-၄-၂၀၂၁ ရက်နေ့တွင် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပညာရေးဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပါရဂူဘွဲ့(ကျမ်းပြု) သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် မတ် ၂၃**

ပညာရေးဝန်ကြီးဌာနရှိ ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သည့် တက္ကသိုလ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် ဘာသာရပ်အလိုက် ပါရဂူ(ဘွဲ့ကြို)နှင့် ပါရဂူဘွဲ့(ကျမ်းပြု)သင်တန်းအသီးသီးကို အောင်မြင်စွာ ပြီးစီးခဲ့ကြသူများအတွက် ပါရဂူဘွဲ့(ကျမ်းပြု) ပထမနှစ်မှ စတုတ္ထနှစ်အထိ သင်တန်းများကို ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ၁-၄-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မတရားအသင်းအဖြစ် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၂၁**
**၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)**

**မတရားအသင်းအဖြစ် ကြေညာခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)နှင့် အဖွဲ့ဝင်များ၊ ယင်းကော်မတီက ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ ယင်းကော်မတီအဖွဲ့အစည်းများနှင့် ဆက်နွှယ်သည့်ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုလည်းကောင်း အနှောင့်အယှက်အန္တရာယ်ဖြစ်စေသည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါကော်မတီ၊ ယင်းကော်မတီက ဖွဲ့စည်းသော အဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းအဖြစ် ကြေညာလိုက်သည်။

**အမိန့်အရ**

**ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်**
**ပြည်ထောင်စုဝန်ကြီး**
**ပြည်ထဲရေးဝန်ကြီးဌာန**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၂၃**

ကိုဗစ်–၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်–၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြုကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်–၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘိလပ်မြေစက်ရုံများ ပြန်လည် လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘိလပ်မြေစက်ရုံများ ပြန်လည် လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ မြန်မာဆင်၊ Hi–Tech၊ AAA၊ ကျားခေါင်း၊ ကြံ့နှစ်ကောင်၊ Alpha (ကျောက်ဆည်၊ ပုသိမ်ကြီး)၊ ဆင်မင်း(၁)(၂) ၊ အပါချီ၊ မြင်းပျံ၊ Blue Diamond စသည့် စက်ရုံအသီးသီးမှ စက်ရုံတာဝန်ခံများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ အချက်တစ်ချက်ဖြစ်သည့် ကိုဗစ်–၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်ဆိုသည့် အချက်နှင့်အညီ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန်အတွက် လုပ်ငန်းရှင်များအား အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း၊ ပြည်သူများအတွက် လိုအပ်ချက်ဖြစ်သော စားရေး၊ ဝတ်ရေး၊ နေရေးတို့အနက် နေရေးမှာ အဓိကအရေးကြီးကြောင်း၊ ပြည်သူများ နေထိုင်နိုင်ရေးနှင့် တိုင်းပြည်တိုးတက်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းများမှာ အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်နေရာ ဆောက်လုပ်ရေးလုပ်ငန်းသုံးဘိလပ်မြေထုတ်လုပ်မှုများ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်မှာလည်း အရေးကြီးကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်မှသာ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်လာမည်ဖြစ်ကြောင်း၊ ဘိလပ်မြေစက်ရုံများမှ လုပ်ငန်းရှင်များအနေဖြင့် မိမိအတွက်လည်း အကျိုးရှိ ပြည်သူလူထုအတွက်လည်း အကျိုးရှိပြီး နိုင်ငံတော်တိုးတက်ရေးအတွက် လိုအပ်သည့်အတိုင်း အတာအထိ အထောက်အကူဖြစ်စေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ငန်းရှင်များနှင့် ပြည်သူလူထု အကျိုးကို အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ရုံများအနေဖြင့် သတ်မှတ်ထားသည့် အရေအတွက်အတိုင်း ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပေးသွားရန်နှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ငန်းရှင်များဘက်မှ အခက်အခဲများရှိပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ အဖွဲ့ဝင်(၂) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အဖွဲ့ဝင်(၃) ဦးမျိုးအောင်၊ အဖွဲ့ဝင်(၄) ဦးသိန်းငွေးတို့က စက်ရုံများ အမြန်ဖွင့်နိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသော ဘိလပ်မြေစက်ရုံများမှ တာဝန်ခံများက စက်ရုံများအလိုက် လက်ရှိထုတ်လုပ်နိုင်မှုအခြေအနေ၊ ကုန်ကြမ်းရရှိမှု၊ လောင်စာဆီ၊ လျှပ်စစ်မီး၊ သယ်ယူပို့ဆောင်ရေး၊ လုပ်သား၊ ငွေကြေးလည်ပတ်မှု စသည့် အခက်အခဲများကို တင်ပြကြရာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူဦးရေစာရင်းမှန်ကန်ရေး

**မိမိတို့အနေဖြင့် မဲစာရင်းများစိစစ်ရာတွင် မဲမသမာမှုများ များစွာဖြစ်ပေါ်ခဲ့သည်ကို သတင်းစာရှင်းလင်းပွဲတွင် ပြောကြားထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး စနစ်တကျရှိစေရေး မိမိတို့အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ရှိသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများတွင်လည်း လူဦးရေစာရင်းမှန်ကန်ရေးအတွက် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုကာလများတွင် ကောင်စီဝင်များအနေဖြင့် တာဝန်အသီးသီးခွဲဝေ၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၅-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ




**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။

အဆိုပါမိန့်ခွန်းစာအုပ်တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့်အမှာစကားများ၊ အထိမ်းအမှတ်အခမ်းအနားများသို့ ပေးပို့သည့် သဝဏ်လွှာများ စုစုပေါင်း(၂၁)ပုဒ်ကို စုစည်းဖော်ပြပေးထားသည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် စီမံခန့်ခွဲရေးအစည်းအဝေးတွင် "လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေသည် ရွေးကောက်ပွဲအဆင်မပြေမှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ အဆင်မပြေရသည့် အကြောင်းအရင်းများမှာ မဲစာရင်းမှားယွင်းခြင်း၊ ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲအတွင်းကာလနှင့် ရွေးကောက်ပွဲအလွန်ကာလတို့တွင် အားနည်းချက်များစွာရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယင်းအချက်များကြောင့် လက်ရှိအခြေအနေအထိ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့သည် ပြည်သူများလက်ခံယုံကြည်မှုရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့သည် ကြားကာလတာဝန်ယူသည့်အဖွဲ့ဖြစ်ကြောင်း၊ ယင်းကာလတွင် ယိုင်နေသည့်စီးပွားရေးကို ပြန်လည်တည့်မတ်ရန်အတွက် လတ်တလောဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စများကို ချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စများကို လမ်းကြောင်းမှန်ပေါ်ရောက်အောင် ဆောင်ရွက်ပေးသွားမည်"ဖြစ်ပါကြောင်း ပြောကြားသည့် အမှာစကား၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းတွင် " ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံ့ဝန်ထမ်းများနဲ့ပတ်သက်ပြီး "နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည်"လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လိုအပ်ချက်တွေ ရှိကောင်းရှိနေနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်လည်စိစစ်ပြီး နိုင်ငံ့ဝန်ထမ်းများအကျိုးအတွက် လိုအပ်တာတွေ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားပါမယ်။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တိုက်ရိုက်သယ်ပိုးခွင့်ရရှိသူများလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍများ ကောင်းမွန်စွာလည်ပတ်နိုင်ဖို့အတွက် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ ပြည်သူ့ကောင်းကျိုးကို လုပ်ဆောင်နေကြရတဲ့ ဂုဏ်ယူစရာကောင်းသူများဖြစ်ကြပါတယ်။ ဒီဂုဏ်သိက္ခာကို ကျွန်တော်တို့ စောင့်ထိန်းကြရမှာဖြစ်ပါတယ်။" စသည့်အကြောင်းအရာများ အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပြောကြားခဲ့သည့် အမှာစကား၊ မိန့်ခွန်းများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**စစ်တွေ မတ် ၂၃**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး ရုံးခန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထား ရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များက ကာကွယ်ဆေး ထိုးနှံပေးကြသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများသည် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဖေဖော်ဝါရီ ၂၃ ရက်က စတင်ထိုးနှံခဲ့ပြီး ယနေ့တွင် ဒုတိယအကြိမ် ထိုးနှံကြခြင်းဖြစ်သည်။ ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး လေးထပ်ဆောင်၌ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော စစ်တွေမြို့ ဘောင်းဒွတ်သားစုရပ်ကွက် မဟာအောင်မြေဘုံကျော် ကျောင်းတိုက်ဆရာတော် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တကုဏ္ဍိဝံသအား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**တင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံတော်၏သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲနေသောပြည်သူ့တပ်မတော်

## အောင်ဇေယျ

(ယမန်နေ့မှအဆက်)

**ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)**

**ဘီအိုင်အေသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသော ပထမဆုံးတပ်မတော် ဖြစ်သည်။** ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့အထိ သက်တမ်းရှိခဲ့သည်။ တပ်မတော်မျိုးစေ့ ရဲဘော်သုံးကျိပ်က ပေါက်ဖွားလာသော တပ်မတော်ဟုလည်း ဆိုနိုင်သည်။

ဗန်ကောက်သို့ မီနာမီအဖွဲ့နှင့် ရဲဘော်သုံးကျိပ်ရောက်ရှိပြီးနောက် ဗိုလ်မှူးကြီးဆူဇူကီးက ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းရေးအတွက် စစ်သားစုဆောင်းရန် အမိန့်ပေးခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗန်ကောက်မြို့ရှိ ဗမာလူမျိုးဆရာဝန် ဦးလွန်းဖေနေအိမ်၌ ရဲဘော်သုံးကျိပ်ဝင်များ၊ ထိုင်းနိုင်ငံရောက် မြန်မာလူမျိုးများ၊ ထိုင်းမြန်မာကပြားများ ၂၀၀ ခန့် စုဝေးခဲ့ရာ ဗိုလ်တေဇက မိမိတို့တိုင်းပြည်လွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စားစွာ တိုက်ပွဲဝင်လိုသူများအနေဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ထဲဝင်ရန် ဖိတ်ခေါ်ခဲ့သည်။ ထိုနေ့က တပ်သားသစ် ၁၀၀ ကျော် ရသည်။ ရဲဘော်သုံးကျိပ်ဝင်များနှင့် တပ်သားသစ်များသည် လွတ်လပ်ရေးအတွက် အသက်ပေး၍ တိုက်ပွဲဝင်ပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြု၍ သွေးသောက်ပွဲကျင်းပခဲ့သည်။ ဤကား ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၏ အစပင်တည်း။

ထို့နောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဗိုလ်တေဇ နေထိုင်လျက်ရှိသော ဖရန့်ဖီး (Frank Field) အဆောက်အအုံတွင် ရဲဘော်သုံးကျိပ်ဝင် ၂၇ ဦးသည် တစ်ဦးကိုတစ်ဦး အသက်ပေးစောင့်ရှောက်၍ လွတ်လပ်ရေးအတွက် အသက်စွန့်လှူပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုကာ ဒုတိယအကြိမ် သွေးသောက်ပွဲ ကျင်းပခဲ့ကြသည်။ သွေးသောက်ပွဲတွင် စစ်သင်တန်းတက်စဉ် ကွယ်လွန်သွားသော သခင်သန်းတင်နှင့် ပြည်တွင်းသူပုန်တပ်ဖွဲ့ ပထမအသုတ်အဖြစ် မြန်မာနိုင်ငံထဲ ကြိုတင်ဝင်ရောက်သွားသော ဗိုလ်ဇေယျနှင့် ဗိုလ်မြင့်ဆွေတို့ မပါဝင်ချေ။

စစ်မထွက်မီ ပြင်ဆင်မှုအနေဖြင့် စစ်ကြောင်းများ သတ်မှတ်ခဲ့သည်။ မော်လမြိုင်စစ်ကြောင်း၊ ထားဝယ်စစ်ကြောင်း၊ ရေကြောင်းချီတပ်ဖွဲ့ (မြိတ်စစ်ကြောင်း)တို့ ဖြစ်သည်။ အတွင်းသူပုန်တပ်ဖွဲ့ဟူ၍လည်း ဖွဲ့စည်းခဲ့သည်။ စစ်ကြောင်းအလိုက် ရဲဘော်သုံးကျိပ်ဝင်များကို တာဝန်ခွဲဝေပေးခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းတွင် ဗိုလ်တေဇ၊ ဗိုလ်ရန်အောင်၊ သခင်ထွန်းအုပ်၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်စောအောင်၊ ဗိုလ်မိုး၊ ဗိုလ်ဇင်ယော်တို့ ပါဝင်သည်။ လက်နက်ခဲယမ်းမီးကျောက်နှင့် သယ်ယူပို့ဆောင်ရေးတာဝန်များ ဆောင်ရွက်ရန် ထောက်ပို့တပ်ရင်းတွင် ဗိုလ်ကျော်ဇောနှင့် ဗိုလ်စောနောင်တို့ ပါဝင်ခဲ့သည်။ ဗိုလ်စကြာနှင့် ဗိုလ်အောင်တို့လည်း ထောက်ပို့တပ်ရင်းနှင့်အတူ လိုက်ပါလာသည်။ ဗိုလ်ရန်နိုင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်တောက်ထိန်တို့က ရေကြောင်းချီတပ်ဖွဲ့တွင် ပါဝင်သည်။ ထားဝယ်စစ်ကြောင်းတွင် ဗိုလ်လကျာ၊ ဗိုလ်လရောင်၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြင့်အောင်၊ ဗိုလ်ဗလနှင့် ဗိုလ်ညာဏတို့ ပါဝင်ခဲ့ကြသည်။ ဗိုလ်ဘုန်းမြင့်က တပ်မ ၅၅ နှင့် ဆက်သွယ်ရေးအရာရှိဖြစ်သည်။ ပြည်တွင်းသို့ နှစ်သုတ်ခွဲဝင်ရောက်သွားနှင့်သော ပြည်တွင်းသူပုန်တပ်ဖွဲ့တွင် ဗိုလ်နေဝင်း၊ ဗိုလ်မိုးညို၊ ဗိုလ်လင်းယုံ၊ ဗိုလ်တာရာ၊ ဗိုလ်မြဒင်၊ ဗိုလ်ဇေယျနှင့် ဗိုလ်မြင့်ဆွေတို့ ပါဝင်ကြသည်။ ထို့ကြောင့် ရဲဘော်သုံးကျိပ်ဝင် ၂၈ ဦးသည် စစ်ကြောင်းများနှင့်အတူ မြန်မာပြည်တွင်းဝင်ခဲ့သည်။ ဗိုလ်ထိန်ဝင်းသည် ရဲဘော်သုံးကျိပ်ဝင်များ ဘန်ကောက်ရောက်ပြီးနောက် ဗန်ကောက်ဝါဒဖြန့်ဖြူးရေးဌာနမှနေ၍ မြန်မာဘာသာဖြင့် အသံလွှင့်ဝါဒဖြန့်ခဲ့သည်။ ၁၉၄၂ ခုနှစ် မေလကျမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး ပြန်ကြားရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်သည်။

စစ်ကြောင်းများသည် ၎င်းတို့တပ်စွဲရာ နေရာဒေသအသီးသီးတွင် တပ်သားသစ်များ ထပ်မံစုဆောင်းခဲ့ရာ အင်အား ၁၅၀၀၀ အထိ ရှိလာသည်။ လက်နက်ခဲယမ်းမီးကျောက်နှင့် စားနပ်ရိက္ခာများကို ဖြည့်တင်းစုဆောင်းခဲ့သည်။ စစ်ကြောင်းများ ချီတက်သောအခါ လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာ၊ မြို့များမှ ပြည်သူများသည် မိဘ၊ သားမယားနှင့် လုပ်ငန်းကိုင်ငန်းများကိုစွန့်၍ ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ တဖွဲဖွဲဝင်ရောက်လာကြသဖြင့် အင်အားကြီးထွားလာသည်။ အကြပ်တပ်သားများသည် တိုက်ရင်းလေ့ကျင့်-လေ့ကျင့်ရင်းတိုက်ကာ စစ်ရည်ဝလာကြသည်။ အတွေ့အကြုံရလာကြသည်။

စစ်ကြောင်းများမထွက်မီ ဗိုလ်နေဝင်းခေါင်းဆောင်သော ပြည်တွင်းသူပုန်တပ်ဖွဲ့ကို ကြိုတင်စေလွှတ်၍ မြေအောက်တော်လှန်ရေးလုပ်ငန်းများကို ဆောင်ရွက်စေသည်။ ထိုအဖွဲ့တွင် ဗိုလ်မိုးညို၊ ဗိုလ်လင်းယုံ၊ ဗိုလ်တာရာနှင့် ဗိုလ်မြဒင်တို့ ပါဝင်သည်။ လမ်းခရီးတွင် ဗိုလ်မြဒင် မကျန်းမာ၍ ဇင်းမယ်ဆေးရုံတွင် ထားခဲ့ရသည်။ ကျန်လေးဦးသည် ထိုင်း-မြန်မာနယ်စပ်ကိုဖြတ်၍ မြန်မာပြည်ထဲ ဝင်ရောက်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်သို့ရောက်၍ ပြည်သူ့အရေးတော်ပုံ ပါတီဝင်များနှင့် ဆက်သွယ်မိသည်။ ဗိုလ်နေဝင်း၊ ဗိုလ်မိုးညိုနှင့် ဗိုလ်လင်းယုံတို့သည် ရန်ကုန်နှင့် ပဲခူးတွင်လည်းကောင်း၊ ဗိုလ်တာရာသည် ဖြူးနှင့် ပျဉ်းမနားတွင်လည်းကောင်း စစ်ပညာနှင့် လက်နက်ငယ်သင်တန်းကို လျှို့ဝှက်စွာပေးခဲ့၏။

ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းပြီး မြန်မာပြည်အတွင်းသို့ ချီတက်ဝင်ရောက်ခါနီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာလထဲတွင် မီနာမီအဖွဲ့သည် တောင်ပိုင်းတပ်မတော်၏ ကွပ်ကဲမှုအောက်မှ အမှတ်- ၁၅ တပ်တော်၏ ကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့ရောက်ရှိသွားသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် မြန်မာပြည်တွင်းသို့ စစ်ကြောင်းများဖြန့်၍ ဝင်ရောက်ခဲ့ရာတွင် ဂျပန်တို့၏ တပ်မ ၃၃၊ တပ်မ ၅၅ တို့နှင့်အတူ ရင်ပေါင်တန်း၍ တိုက်ခိုက်ခဲ့ကြသည်။

မော်လမြိုင်စစ်ကြောင်း၏ မူလအစီအစဉ်မှာ အမှတ်-၁၅ တပ်တော်နှင့်အတူ ထိုင်း-မြန်မာနယ်စပ်ကို မဲဆောက်မှဖြတ်၍ မြဝတီကို သိမ်းပိုက်ကာ ထိုမှတစ်ဆင့် ဒေါနတောင်တန်းကို ဖြတ်ပြီး မော်လမြိုင်ကို သိမ်းပိုက်ရန် ဖြစ်သည်။ သို့သော် ရဟိုင်းမြို့သို့ ရောက်သောအခါ အစီအစဉ် ပြောင်းသွားသည်။ မော်လမြိုင်စစ်ကြောင်းသည် အမှတ်-၁၅ တပ်တော်နှင့်အတူ မော်လမြိုင်သို့ မလိုက်ဘဲ အမှတ် -၁၅ တပ်တော် စစ်ကြောင်း၏ မြောက်ဘက်မှနေ၍ သီးခြားချီတက်ကာ နဂါးပတ်စစ်ဗျူဟာဖြင့် ဗြိတိသျှတပ်များကို နောက်ပိုင်းမှ လှည့်ပတ်တိုက်ခိုက်မည် ဖြစ်သည်။

မော်လမြိုင်စစ်ကြောင်းသည် ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် သာဆောင်ရမ်းမှတစ်ဆင့် ထိုင်း-မြန်မာနယ်စပ်ကို ဖြတ်ကျော်သည်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကူဆိပ်သို့ ရောက်ရှိကာ စခန်းချရင်း စစ်သားစုဆောင်းသည်။ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် စစ်တောင်းမြစ်ကမ်းရှိ ကွင်းဆိပ်သို့ရောက်ရှိကာ မြစ်ကို ဖြတ်ကူးသည်။ ဗိုလ်စောအောင်ဦးစီးသောတပ်သည် ရွှေကျင်မြို့တွင် ဗြိတိသျှတပ်ဖွဲ့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားရာ ဗိုလ်စောအောင် ကျဆုံးသည်။ ရဲဘော်သုံးကျိပ်ထဲမှ ပထမဆုံး ကျဆုံးသူဖြစ်သည်။ မော်လမြိုင်စစ်ကြောင်းသည် ဆက်လက်ချီတက်ရာ ရန်ကုန်-မန္တလေးလမ်းမကြီးကိုဖြတ်၍ ပဲခူးရိုးမကိုကျော်ကာ တိုက်ကြီးမြို့ကို သိမ်းပိုက်သည်။ မတ်လ ၈ ရက်နေ့တွင် ဖူးကြီးရွာ၌ ဗြိတိသျှတပ်များနှင့် တိုက်ပွဲဖြစ်ပွားရာ ဗိုလ်မိုး ကျဆုံးသည်။ မော်လမြိုင်စစ်ကြောင်းသည် ဖူးကြီးရွာ၊ သပြေကုန်းရွာ၊ မြယာကုန်းသို့ အဆင့်ဆင့်ချီတက်ပြီး လှိုင်မြစ်ကိုဖြတ်ကူးကာ ထန်းတပင်မှတစ်ဆင့် လှေသမ္ဗန်များဖြင့် စုန်ဆင်းခဲ့ရာ ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ မတ်လ ၁၂ ရက်နေ့တွင် ရောက်ရှိခဲ့သည်။

စာမျက်နှာ ၇ သို့ ☆




(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပစဉ်။

**စစ်ကြောင်းများသည် ၎င်းတို့တပ်စွဲရာ နေရာဒေသအသီးသီးတွင် တပ်သားသစ်များ ထပ်မံစုဆောင်းခဲ့ရာ အင်အား ၁၅၀၀၀ အထိ ရှိလာသည်။ လက်နက်ခဲယမ်းမီးကျောက်နှင့် စားနပ်ရိက္ခာများကို ဖြည့်တင်းစုဆောင်းခဲ့သည်။ စစ်ကြောင်းများ ချီတက်သောအခါ လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာ၊ မြို့များမှ ပြည်သူများသည် မိဘ၊ သားမယားနှင့် လုပ်ငန်းကိုင်ငန်းများကိုစွန့်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ တဖွဲဖွဲဝင်ရောက်လာကြသဖြင့် အင်အားကြီးထွားလာသည်။ အကြပ်တပ်သားများသည် တိုက်ရင်းလေ့ကျင့်-လေ့ကျင့်ရင်းတိုက်ကာ စစ်ရည်ဝလာကြ။**

# စည်ပင်ဌာနများ အုပ်ချုပ်ရေးမှူးရုံးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး ရန်ကုန်မြို့တော်ဝန်မှာကြား

**ရန်ကုန် မတ် ၂၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ခရိုင်မှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၈ နာရီက မြို့တော်ခန်းမပထမထပ်ရှိ အစည်းအဝေးခန်းမကြီး၌ ကျင်းပသည်။



တွေ့ဆုံစဉ် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးက ယခုအချိန်တွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများကိုပါ ကြံ့ကြံ့ခံပြီး လုပ်ငန်းများကို ဆောင်ရွက်သွားကြသည့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းအားလုံးကို အသိအမှတ်ပြုပါကြောင်း၊ ယခုဆိုလျှင် အဓိကလမ်းမကြီးများ၊ လမ်းသွယ်များတွင် အများပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနိုင်ရန် ပူးပေါင်းဆောင်ရွက်ကြသည့် လမ်းတံတားဌာန၊ ပန်းဥယျာဉ်ဌာနနှင့် သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများအားလုံးကို ကော်မတီအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ မြို့တော်ကြီး သာယာစေရန်အတွက် ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးများမှာ အဓိက ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြို့နယ်များသာယာလာလျှင် မြို့တော်ကြီးသာယာလာမည်ဖြစ်ကြောင်း၊ “My City My Life ငါ့မြို့တော် ငါ့ဘဝ” ခံယူချက်ဖြင့် ကော်မတီရှိ ဝန်ထမ်းများအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားမည်ဆိုလျှင် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ရရှိလာမည်ဖြစ်ကြောင်း၊ ကော်မတီသည် မိသားစုပုံစံမျိုးဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည့်အတွက်ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများဖြစ်ပေါ်လာပါက အဆင့်ဆင့်တင်ပြပြီး လိုအပ်သည်များကို ကော်မတီအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုဆိုလျှင် ရန်ကုန်မြို့တော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖွဲ့စည်းပေးထားပြီး မြို့တော်ဝန်က အတွင်းရေးမှူးနေရာမှ တာဝန်ယူ၍ ဌာနဆိုင်ရာများကလည်း အဖွဲ့ဝင်များဖြင့် ပါဝင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့နယ်များတွင်လည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးထားပြီဖြစ်ပြီး အုပ်ချုပ်ရေးမှူးများအနေဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့စေရန် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် ကော်မတီရှိ ဝန်ထမ်းများအားလုံးသည် မိမိတာဝန်ယူထားသည့် လုပ်ငန်းများအပေါ် တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေး မိမိတို့အဖွဲ့အစည်းသည် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်သည့်အတွက်ကြောင့် စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် လုပ်ငန်းများကို ဆောင်ရွက်သွားစေရေးနှင့် ဖြစ်ပေါ်လာသည့် အခြေအနေများအပေါ် စိတ်ခံတတ်ခိုင်မာစွာဖြင့် ကျော်ဖြတ်သွားစေရန် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝန်းသိုမြို့နယ် ကနဖော့ကျေးရွာ၌ စိုက်ပျိုးမြေဧက ၂၅၀ အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်

**ဝန်းသို မတ် ၂၃**

တောင်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကုန်ထုတ်လမ်းများဖောက်လုပ်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်၌ လယ်မြေဧက ၂၅၀ ကျော် အကျိုးပြုမည့် ကနဖော့ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ ကနဖော့ကျေးရွာ ကုန်ထုတ်လမ်းကို လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့် ယမုံကောင်းကုမ္ပဏီက ပြည်ထောင်စုဘတ်ဂျက် ၂၅ ဒသမ ၈၉၁ သန်းဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အရှည် ၄ ဒသမ ၅၅ ဖာလုံ ၊ အကျယ် ၁၂ ပေ၊ မြေသား နှစ်ပေဒုနှင့် ဂျင်းကိုးလက်မထပ်ပိုးခင်းခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းမှာ ပထမတစ်ပေဒုတစ်လွှာခင်းကြိတ်ပြီးဖြစ်ကြောင်းသိရပြီး လမ်းအရည်အသွေး သိပ်သည်းမှုသိရှိရန် CBR တိုင်းတာစစ်ဆေးခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းတိုင်းတာ စစ်ဆေးခဲ့ကြရာ လုပ်ငန်းမှာ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွှေးကြူဇင်**

■



# မြစ်သားမြို့နယ်၌ ကြက်သွန်နီများ စိုက်ပျိုးလျက်ရှိ

**မြစ်သား မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများမှ ကြက်သွန်နီစိုက်ဧက ၁၀၀ ပေါ်တွင် ကြက်သွန်နီများကို စိုက်ပျိုးခဲ့ပြီး တစ်ဧက ပျှမ်းမျှပိဿာချိန် ၂၅၀၀ ထွက်ရှိပြီး စုစုပေါင်းကြက်သွန်နီပိဿာချိန် ၂၅၀၀၀၀ ထွက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

ရေကြောင်းချီတပ်ဖွဲ့သည် ဇန်နဝါရီလ ... (ဇန်ကောက်မှ) တစ်ဆင့် ချွန်ဖုန်း-ဝိတိုရိယအငူ (ယခု ဘုရင့်နောင်အငူ)- ကရသူရီ-ဘုတ်ပြင်းအတိုင်း ချီတက်ကာ မြိတ်မြို့ကို သိမ်းပိုက်သည်။ မြိတ်တွင် စစ်သားစုဆောင်းပြီးနောက် ထားဝယ်- ကျိုက္ခမီ- မော်လမြိုင်သို့ ရောက်ရှိသည်။ ဘားအံရှိ ဗြိတိသျှတပ်များကိုတိုက်၍ ဘားအံကို သိမ်းပိုက်သည်။ ထို့နောက် ကျိုက္ခမီသို့ပြန်လာ၍ စက်လှေ ၁၂ စင်းဖြင့် ရန်ကုန်သို့ ချီတက်သည်။ သခွပ်မြစ်ဝ အလွန် သီလဝါရွာအနီးသို့ ရောက်သောအခါ ရှေ့ဆုံးမှချီတက်သော ဗိုလ်မင်းခေါင်ဦးစီးသည့် စက်လှေအုပ်စုသည် ဗြိတိသျှရေတပ်အုပ်စုနှင့် ထိတွေ့ပြီး အဖမ်းခံရသည်။ ဗိုလ်ရန်နိုင်နှင့် ဗိုလ်တောက်ထိန်တို့ စက်လှေများသည် သခွပ်မြစ်ဝမှ မြစ်ဝကျွန်းပေါ်သို့ လမ်းကြောင်းပြောင်းချီတက်သည်။ မတ်လ ၃ ရက်နေ့တွင် ဒေးဒရဲမြို့၊ ထို့နောက် ကျိုက်လတ်မြို့သို့ ရောက်သည်။ ဗိုလ်တောက်ထိန်က ရန်ကုန်မြို့သို့ သွားရောက်သတင်းပို့စဉ် ကျန်တပ်များကို ဗိုလ်ရန်နိုင်ဦးစီး၍ မြစ်ဝကျွန်းပေါ်ရှိ မြို့ရွာများကို သိမ်းပိုက်သည်။ ကြံခင်းမြို့တွင်ရှိ၍ ဗြိတိသျှတပ်များ၏ သတင်းရသဖြင့် ညောင်စာရေး၊ ရွှေနတ်တောင်မှတစ်ဆင့် ရွှေတောင်မြို့သို့ ချီတက်ရာ နာမည်ကျော် ရွှေတောင်တိုက်ပွဲ ဖြစ်ပွားသည်။ ဗိုလ်ရန်နိုင်ဦးစီးသည့် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များသည် ဗြိတိသျှတပ်များကို ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ရာ ဗြိတိသျှတို့ ရွှေတောင်မှ ဆုတ်ခွာသည်။ ဗိုလ်ရန်နိုင်တပ်သည် ပြည်မြို့သို့ ဆက်လက်ချီတက်၍ ဧပြီလ ၄ ရက်နေ့တွင် စခန်းချရပ်နားသည်။

ထားဝယ်စစ်ကြောင်းသည် ဇန်ကောက်မှ ဇန်နဝါရီလ ၈ ရက်နေ့တွင် ထွက်ခွာ၍ ကန်ချနာဘူရီတွင် စစ်သားစုဆောင်းသည်။ နယ်စပ်ကို စန်ပိုရွာအနီးမှဖြတ်၍ မြန်မာပြည်တွင်း ဝင်ရောက်ခဲ့သည်။ မေတ္တာရွာတွင် ဗြိတိသျှတပ်နှင့် ထိတွေ့တိုက်ခိုက်ကာ မေတ္တာရွာကိုသိမ်းပိုက်သည်။ ထို့နောက် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ထားဝယ်ကိုသိမ်းပိုက်ပြီး မော်လမြိုင်သို့ ဆက်လက်ချီတက်သည်။ ထားဝယ်စစ်ကြောင်းမှ ဗိုလ်မြင့်အောင်နှင့် ဗိုလ်ဗလတပ်များသည် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်နှင့် ပူးပေါင်းရန် မော်လမြိုင်၊ ဘားအံ၊ ရွှေဂွန်းမှတစ်ဆင့် သံလွင်မြစ်ကိုဖြတ်ကူး၍ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကွင်းဆိပ်ရွာသို့ရောက်ရှိပြီး စစ်ဌာနချုပ်နှင့် ပူးပေါင်းမိသည်။

ဗိုလ်မိုးကြိုးသည် မော်လမြိုင်စစ်ကြောင်းကို မူလစီမံချက်အတိုင်း ရန်သူ့နောက်ပိုင်းသို့ စေလွှတ်လိုက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်စစ်ကြောင်းကို ရန်ကုန်မြို့သို့ ဦးတည်ချီတက်စေရာတွင် ထားဝယ်စစ်ကြောင်းမှ တပ်များကို ရှေ့ပြေးစေလွှတ်သည်။ ယင်းစစ်ကြောင်းသည် စစ်တောင်းမြစ်ကိုဖြတ်ကူးပြီး မြစ်ကြီး၊ ဝေါမှတစ်ဆင့် ဂျပန်တပ်မ ၅၅ မှ တပ်များနှင့်အတူ ပဲခူးမြို့ရှိ ဗြိတိသျှတပ်များကို တိုက်ခိုက်ရာ မတ်လ ၇ ရက်နေ့တွင် ပဲခူးကိုသိမ်းပိုက်နိုင်ခဲ့သည်။ တစ်ဆက်တည်း အောင်မြေချဲ့ထွင် ချီတက်ခဲ့ရာ ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် တပ်မ ၅၅ မှ တပ်များနှင့်အတူ ရန်ကုန်မြို့ကို သိမ်းပိုက်မိသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်နှင့် ထားဝယ်စစ်ကြောင်းက ရန်ကုန်မြို့ကို သိမ်းပိုက်မိချိန်တွင် မော်လမြိုင်စစ်ကြောင်းက ဗြိတိသျှတို့ ဆုတ်ခွာရာလမ်းကြောင်းဖြစ်သော ဖူးကြီး၌ ရောက်ရှိနေပြီးဖြစ်သည်။ ရေကြောင်းချီစစ်ကြောင်းက ဧရာဝတီမြစ်ဝကျွန်းပေါ်ကို သိမ်းပိုက်ပြီး ပိတ်ဆို့ထားပြီးဖြစ်သည်။ ထားဝယ်စစ်ကြောင်းမှ ကျန်ရှိသော ဗိုလ်လကျာ်၊ ဗိုလ်လရောင်၊ ဗိုလ်မင်းရောင်နှင့် ဗိုလ်ဉာဏတို့ တပ်များကလည်း မုဒုံမှ မော်လမြိုင်၊ မော်လမြိုင်မှ မုတ္တမသို့ကူး၍ ထိုမှတစ်ဆင့် ပဲခူးမြို့၊ ရန်ကုန်မြို့သို့ ဝင်ခဲ့ကြသည်။

ဤကား.....လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပထမဆုံးမြန်မာ့တပ်မတော်ဖြစ်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၏ နိုင်ငံလွတ်မြောက်ရေးအတွက် ရန်ကုန်မြို့ကို သိမ်းပိုက်ရာတွင် စစ်ကြောင်းသုံးကြောင်းဖြင့် ရန်သူဗြိတိသျှကို ဝိုင်းပတ်ပိတ်ဆို့ခဲ့သော ဗျူဟာဖြစ်သည်။ ရဲဘော်သုံးကျိပ်၏ စွန့်လွှတ်စွန့်စားမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သည်။

**နိုင်ငံတော်၏သမိုင်းကြောင်းတွင် လွတ်လပ်ရေးမရမီကတည်းက ပြည်သူတို့မှ ပေါက်ဖွားလာသည့် တပ်မတော်ဟူ၍ တည်ရှိပြီး နိုင်ငံလွတ်လပ်ရေး ရရှိရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သည်မှာ သမိုင်းသက်သေ ဖြစ်သည်။**

(ဆက်လက်ဖော်ပြပါမည်)

**❂ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှု၊ မဲလိမ်မဲခိုးမှုများကြောင့် နိုင်ငံတော်၏ တာဝန်ကို ရယူထိန်းသိမ်းခဲ့ရသည့်အခြေအနေများ၊ တပ်မတော်အနေဖြင့် မဲမသမာမှုများကို တရားဥပဒေနှင့်အညီ ဖြေရှင်းပေးရန်၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ရေး တောင်းဆိုခဲ့သော်လည်း လျစ်လျူရှုခဲ့ပြီး ယခုအခြေအနေသို့ ရောက်ရှိမှသာလျှင် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် ပြောဆိုလျက်ရှိသည့် အခြေအနေများ၊ နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ငြိမ်းချမ်းစွာ ဆန္ဒပြမှုအသွင်မှ အကြမ်းဖက်ဆူပူမှုအသွင် (Riot)၊ ၎င်းမှ မင်းမဲ့စရိုက်ဆန်သောလူအုပ်စု(Anarchy Mob) အသွင်၊ ထိုမှ တစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သည့်အသွင် (Rebel) အဆင့်သို့ ကူးပြောင်းလာသည့်အခြေအနေများ၊ မင်းမဲ့စရိုက်အသွင် လက်နက်ကိုင်အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ရာတွင် မြို့နယ် ၃၀ ရှိ ပြည်သူ့ပိုင်ရုံး ၆ ခု၊ ရဲစခန်း ၃၀၊ ရဲကင်း ၁၂ ခု၊ အဆောက်အဦ ၅ ခုတို့ကို အကြမ်းဖက်ဖျက်ဆီးခဲ့ပြီး မီးရှို့ဖျက်ဆီးမှုအနေဖြင့် စာသင်ကျောင်းမီးရှို့မှု ၃ ကြိမ်၊ တံတားမီးရှို့မှု ၁ ကြိမ်၊ ATM စက်နှင့်ဘဏ်များ ဖျက်ဆီးခံရမှု ၂ ကြိမ်၊ ဆက်သွယ်ရေးတာဝါတိုင်များ ဖျက်ဆီးခံရမှု ၁ ကြိမ်၊ မီးသတ်စခန်းဖျက်ဆီးခံရမှု ၁ ကြိမ်၊ မော်တော်ယာဉ်များဖျက်ဆီးခံရမှု ၄ ကြိမ်၊ နေအိမ်များ မီးရှို့ခံရမှု ၂ ကြိမ်၊ ဆိုင်များ ဖျက်ဆီးခံရ မှု ၂ ကြိမ်နှင့် မီးရထားလမ်းပိုင်းဖျက်ဆီးခံရမှု ၂ ကြိမ် ရှိခဲ့ပြီး လမ်းပန်းဆက်သွယ်မှုတွင် အဓိကအရေးကြီးသည့် မီးရထားလမ်းကြောင်းကိုပြတ်တောက်အောင်ဖျက်ဆီးလုပ်ဆောင်ခြင်းသည် နိုင်ငံအတွက် အလွန်အန္တရာယ်ကြီးသည့် လုပ်ဆောင်မှုအခြေအနေများ။

**မီးရှို့ဖျက်ဆီးခံရမှု**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မတ်လ ၁၄ ရက်မှ ၁၉ ရက်အထိ စက်ရုံ၊ အလုပ်ရုံများ မီးရှို့ဖျက်ဆီးခံရမှုအနေဖြင့် အထည်ချုပ်စက်ရုံ ၁၀ ရုံ၊ အထည်ချုပ်လုပ်ငန်းသုံးစက်ပစ္စည်းစက်ရုံ ၂ ရုံ၊ လျှပ်စစ်ပစ္စည်းစက်ရုံ ၁ ရုံ၊ ဓာတ်မြေသြဇာစက်ရုံ ၁ ရုံ၊ အိတ်ချုပ်စက်ရုံ ၁ ရုံ၊ ပီနံအိတ်စက်ရုံ ၁ ရုံနှင့် ဖော့ပစ္စည်းစက်ရုံ ၁ ရုံ စုစုပေါင်း စက်ရုံ၊ အလုပ်ရုံ မီးလောင်ဆုံးရှုံးမှု ၁၇ ရုံဖြစ်ပြီး ယင်းစက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေသူများ၊ မှီခိုနေရသူများ လူဦးရေသောင်းချီ၍ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အခြေအနေများ၊ နိုင်ငံ့ကုန်ထုတ်စွမ်းအားစုတွင် အရေးကြီးသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုယက်ခြင်းများအထိ လုပ်ဆောင်ခဲ့ကြပြီး မီးသတ်မည့် မီးသတ်ယာဉ်များကိုလည်း ထွက်ခွာ၍မရအောင် အကြမ်းဖက်တားဆီးခဲ့သည့် အခြေအနေများ။

**သေဆုံးခဲ့ရသည့် အခြေအနေ**

အကြမ်းဖက်တိုက်ခိုက်မှုများအတွင်း ရဲတပ်ဖွဲ့ဝင် ၅ ဦး ကျဆုံးခဲ့ပြီး ၁၆၃ ဦး ဒဏ်ရာရရှိခဲ့ကာ တပ်မတော်သား ၄ ဦးကျဆုံးပြီး မိသားစုဝင် ၁ ဦး သေဆုံးခဲ့ရသည့် အခြေအနေများ၊ Cyber Bullying ပြုလုပ်ပြီး သတင်းပေး၊ ဒလန်ဟု စွပ်စွဲကာ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသူ အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၂ ဦး ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရပြီး သေဆုံးသူ စုစုပေါင်း ၄၄ ဦး၊ ဒဏ်ရာရရှိသူ ၁၆၃ ဦးရှိခဲ့သည့် အခြေအနေများ၊ ရဲသတင်းပေး ဒလန်ဟုစွပ်စွဲချက်ဖြင့် ကတုံးရိတ်ခြင်း၊ လည်ပင်းတွင် စာတန်းချိတ်ဆွဲခြင်း၊ တစ်သက်လုံး အရှက်ရစေမည့် မျက်နှာတွင် တက်တူးထိုးခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည့် အခြေအနေများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခြင်း၊ ရဲစခန်းများကို ဝိုင်းဝန်းအကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် သက်သေခံပစ္စည်းများကို ဖျောက်ဖျက်ရန် လုပ်ဆောင်ခြင်းများသည် ရည်ရွယ်ချက်ရှိစွာဖြင့် လုပ်ဆောင်နေကြသည့် အခြေအနေများ၊ အကြမ်းဖက်ရာတွင် လူကိုသေစေနိုင်သည့်၊ ပြင်းထန်စွာဒဏ်ရာရရှိစေနိုင်သည့် လက်နက်များ၊ အကြမ်းဖက်သုံးပစ္စည်းများကို နေရာအနှံ့မှ ရှာဖွေဖော်ထုတ်တွေ့ရှိရသည့် အခြေအနေများ၊ အကြမ်းဖက်ဆူပူမှုများ လုပ်ဆောင်နေခြင်းကြောင့် သေဆုံးမှု၊ ဒဏ်ရာရမှုများရှိသကဲ့သို့ တာဝန်မဲ့ ကျင့်ဝတ်မလိုက်နာသူများကြောင့် ဆေးကုသမှုခံယူရန် လိုအပ်သော်လည်း ဆေးကုသမှုမရရှိသည့် အပြစ်မဲ့လူနာပြည်သူများ သေဆုံးနေရမှု အခြေအနေများ။

**ဥပဒေနှင့်အညီ ထမ်းဆောင်နေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ပြီးခဲ့သည့် ရက်သတ္တပတ်ကာလအတွင်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ကျွန်းစုမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့တို့သို့ သွားရောက်၍ နယ်မြေခံတပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ တပ်မတော်၏ နိုင်ငံတော်တာဝန်များကို ဥပဒေနှင့်အညီ ထမ်းဆောင်နေမှုအခြေအနေများ၊ "ဒီမိုကရေစီဆိုသည်မှာ အများ၏ ဆန္ဒနှင့်ဆောင်ရွက်ခြင်းဖြစ်ပြီး အများ၏ဆန္ဒနှင့် ဆောင်ရွက်သည် ဆိုသော်လည်း အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လိုသည့်အခြေအနေများ၊ အများ၏ဆန္ဒသည် ရိုးသားမှုမရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန် ခဲယဉ်းသည်"ဟု ပြောကြားခဲ့သည့် အခြေအနေများ၊ **စာမျက်နှာ ၉ သို့ ❂**


မသမာသူအကြမ်းဖက်လူအုပ်စုများက မီးရထားတိမ်းမှောက်စေရန် နည်းအမျိုးမျိုးဖြင့် တားဆီးပိတ်ပင်ခြင်း


မန္တလေးမြို့ရှိ ဗိုလ်ငွား၊ ဗိုလ်ရှင်း အထည်အလိပ်စက်ရုံအား အကြမ်းဖက်မီးရှို့ဖျက်ဆီးခြင်း



မဟုတ်မမှန်လုပ်ကြံဖန်တီးပြီး ဓာတ်ပုံရိုက်ကူး၍ လူမှုကွန်ရက်တွင် ဖြန့်ဝေလျက်ရှိ


အကြမ်းဖက်ဆူပူဆန္ဒပြသူများမှ မီးရှို့ရန် ပြုလုပ်နေခြင်း


မီးသတ်ကားများအား ဆန္ဒပြအကြမ်းဖက်သူများမှ ပိတ်ဆို့တားဆီးထားခြင်း


ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်ရဲစခန်းများအား အကြမ်းဖက်မီးရှို့ဖျက်ဆီးခြင်း

**❂ စာမျက်နှာ ၈ မှ**

အကြမ်းဖက်ဆန္ဒပြမှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး "လူငယ်၊ လူရွယ်များကို အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကင်းမဲ့စေတဲ့ လုပ်ဆောင်ချက်များကို လုပ်ဆောင်လာစေရန်၊ ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်လာစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပြီး နိုင်ငံတော်အတွက် အန္တရာယ်ရှိသည့် လုပ်ရပ်များဖြစ်သည်"ဟု ပြောကြားခဲ့သဖြင့် လူငယ်၊ လူရွယ်များအနေဖြင့် မိမိတို့၏ ရည်ရွယ်ချက်များ၊ အနာဂတ်များကို ရှုမြင်ပြီး နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှု၊ နိုင်ငံရေးသမားများ၏ ချောက်ချမှုများကို သတိထားရှုမြင်သင့်သည့် အခြေအနေများ။

**သတင်းမှားဖြန့်ချိမှု**

မီဒီယာများအနေဖြင့် သတင်းများကို မှန်ကန်စွာ၊ နှစ်ဖက်အမြင်မျှတစွာ ရေးသားခြင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့် အရေးအသားများ၊ အကြမ်းဖက်မှုဖြစ်အောင် သွေးထိုးလှုံ့ဆော်မှုများကို ရှောင်ရှားရမည်ဖြစ်သော်လည်း အချို့မီဒီယာများအနေဖြင့် သွေးထိုးလှုံ့ဆော်မှု၊ သတင်းမှားဖြန့်ချိမှုများကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်လျက်ရှိခဲ့သည်ကို တွေ့ရှိရသည့် အခြေအနေများ၊ မီဒီယာများအနေဖြင့် အကြမ်းဖက်ဆူပူဆန္ဒပြသူများ၏ မီးရှို့ဖျက်ဆီးမှုများ၊ ဒလန်ဟုစွပ်စွဲပြီး ကားတာယာကွင်းဖြင့် ပတ်၍ ရက်စက်စွာ မီးရှို့သတ်ဖြတ်မှု၊ မျက်လုံးဖောက်သတ်ဖြတ်မှု၊ ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုနေသည့် အမျိုးသမီးတစ်ဦးကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှု စသည့် ဖြစ်စဉ်ဖြစ်ရပ်များကို သတင်းအမှောင်ချပြီး တစ်ဖက်သတ်ရေးသားနေမှု အခြေအနေများ၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH ကို မတရားအသင်းအဖြစ် ကြေညာထားရှိပြီးဖြစ်ရာ မီဒီယာများ၏ သတင်းဖော်ပြချက်များ၊ ရေးသားချက်များသည် ယင်းမတရားအသင်းနှင့်ပတ်သက်၍ တစ်နည်းနည်းဖြင့် လုပ်ကိုင်ဆောင်ရွက်ကူညီပါက မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇ (၁)အရ ပြစ်မှုမြောက်ကြောင်း သတိပေးပြောကြားလိုသည့် အခြေအနေများ။

**ရှင်းလင်းပြောကြား**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို နိုင်ငံတော်ပိုင်မြေ သုံးစွဲမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် ထိုက်သင့်သည့် အခကြေးငွေမရရှိဘဲ နစ်နာမှုရှိခြင်း၊ ဖောင်ဒေးရှင်းပိုင် အလှူငွေများကို အသုံးပြု၍ လူနေအိမ်ဆောက်လုပ်ခြင်းသည် ဖောင်ဒေးရှင်း၏ မူလရည်ရွယ်ချက်ဖြစ်သည့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝမြှင့်တင်ရေးတို့နှင့် သက်ဆိုင်ခြင်းမရှိသည့် သုံးစွဲမှုဖြစ်သည့် အခြေအနေများနှင့် ငွေကြေးဆိုင်ရာများကို အသေးစိတ် ဆက်လက်စစ်ဆေးလျက်ရှိသည့် အခြေအနေများအား ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက ဒေါ်အောင်ဆန်းစုကြည်ထံ အမေရိကန်ဒေါ်လာ ၆ သိန်း၊ အကယ်ဒမီရွှေ ခုနစ်ပိဿာ(၁၁ ဒသမ ၄၃၁ ကီလိုဂရမ်)ပေးခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ဦးဖြိုးမင်းသိန်းကိုယ်တိုင် ပြောကြားထားသည့် Video Clip ကို ပြသကာ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုအဆင့်အဖွဲ့ဝင်အချို့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အဖွဲ့ဝင်အချို့၏ လာဘ်ပေး၊ လာဘ်ယူမှု၊ မသမာမှုများကို ဖော်ထုတ်လျက်ရှိပြီး ယခင် ဝန်ကြီးချုပ်များဖြစ်သည့် ဒေါ်နန်းခင်ထွေးမြင့်၊ ဦးဝင်းသိန်း၊ ဦးညီပုနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့သည့် အဂတိလိုက်စားမှုများ ရှိသည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စစ်ဆေးနေသည့်အခြေအနေများ၊ မဲမသမာမှု၊ မဲလိမ်မှုများနှင့်ပတ်သက်ပြီး NLD အုပ်ချုပ်ရေးမှူးအချို့နှင့် အမာခံများ ဆောင်ရွက်ခဲ့သည့် အခြေအနေများကို Powerpoint Presentation များ၊ Video Clip များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များ၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲကျင်းပပြီးစီးသည့် ကာလများတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုအခြေအနေများ၊ မဲမသမာမှုဖြစ်ပေါ်စေရန် ဖိအားပေးစေခိုင်းခံခဲ့ရမှု ဖြစ်စဉ်ဖြစ်ရပ်များ၊ မဲစာရင်းလက်တွေ့စစ်ဆေးချက်များ၊ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်စေရန် ဖိအားပေးလုပ်ဆောင်ခဲ့မှုများကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသူများ၊ ဖိအားပေးစေခိုင်းခံခဲ့ရသူများ၏ ပြောကြားချက် Video Clip များ၊ သက်သေအထောက်အထားများဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှအဖွဲ့ဝင် ဦးခင်မောင်ဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

**ခင်းကျင်းပြသ**

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများမှိုပြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာအချက်အလက်များ၊ လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များ၊ မဲစာရင်းလက်တွေ့ စစ်ဆေးချက်များနှင့် သိရှိနိုင်ရန်လိုအပ်သည့် တွေ့ရှိချက်အထောက်အထားများ၊ သိမ်းဆည်းရမိသည့် ဆူပူအကြမ်းဖက်လှုပ်ရှားမှုများတွင် အသုံးပြုလာသော ဒေသန္တရလုပ် လက်နက်၊ ကိရိယာပစ္စည်းများ စသည်တို့ကို ခင်းကျင်းပြသထားရှိရာ သတင်းစာရှင်းလင်းပွဲ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက လိုက်လံရှင်းလင်းပြသခဲ့သည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်း ရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက် သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသူများက ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုသည့် လက်နက်ကိရိယာများအား ကြည့်ရှုလေ့လာကြစဉ်။



ကျွန်းလှ-ကောလင်းကားလမ်းပေါ်ရှိ ခေါင်းမြူးချောင်းကူးတံတားအား မီးရှို့ဖျက်ဆီး




ATM စက်များအား အကြမ်းဖက်ဖျက်ဆီးထားရှိခြင်း

# ချမ်းမြသာစည်မြို့နယ်အတွင်း အများပြည်သူအေးချမ်းစွာ သွားလာနိုင်ရေးအတွက် ပိတ်ဆို့ထားသည့်အတားအဆီးများ ဖယ်ရှားရှင်းလင်းနေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူများက ဥပဒေမဲ့အကြမ်းဖက်တိုက်ခိုက်

**နေပြည်တော် မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၁၀၅ လမ်း၊ ၅၂ လမ်းနှင့် ၅၃ လမ်းကြားတွင် ဆူပူအကြမ်းဖက်သူ ၁၅၀ ခန့်က ယနေ့ ညနေ ၄ နာရီခွဲခန့်တွင် အများပြည်သူအသုံးပြုလျက်ရှိသော လမ်းများအား အတားအဆီးများ၊ တာယာကွင်းများမီးရှို့ကာ ပိတ်ဆို့ထားခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေကြသည့်အတွက် ဆူပူအကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏တိုင်တန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များကသွားရောက်၍ အတားအဆီးများအား ဖယ်ရှားရှင်းလင်းရန်နှင့် လူစုခွဲခြင်းများအား ဥပဒေနှင့်အညီဆောင်ရွက်စဉ် ဆူပူအကြမ်းဖက်သူများက Air Short Gun များ၊ ကုံးသီးများ၊ လက်လုပ်သေနတ်များ၊ တုတ်၊ ဓား၊ ဂျင်ဂလိများဖြင့်ပစ်ခတ်ခဲ့သည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များနေရာအထိ အတင်းတိုးဝင်ရောက်၍ လူကိုသေစေနိုင်သည်အထိ အကြမ်းဖက်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အရာရှိကြီးတစ်ဦးအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။



**မလွဲမသွေဖြစ်ပေါ်စေနိုင်**

ဒဏ်ရာရရှိသူမှာ(စိုးရိမ်ရ) လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အရာရှိကြီးအဆင့် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ဖြစ်စဉ်ဖြစ်ပွားချိန် အနီးပတ်ဝန်းကျင်တွင် မောင်းပြန်သေနတ်ကိုင်ဆောင်သည့် အရာရှိ၊ စစ်သည် ၁၀၀ ကျော်ရှိသည့်အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် ၁၀၀ ကျော်ခန့်မှာလည်း အမိန့်ကြိုတင်ဖြေကြားရေးလက်နက်ကိုယ်စီ ကိုင်ဆောင်နေသည့်အချိန်နှင့် အခြေအနေဖြစ်သော်လည်း သာမန်အားဖြင့် မိမိအထက်အရာရှိအား ယခုကဲ့သို့ ဒဏ်ရာပြင်းထန်စွာရရှိစေခြင်းအပေါ် လက်အောက်ငယ်သားများအနေဖြင့် မောင်းပြန်လက်နက်များဖြင့် ပြင်းပြင်းထန်ထန်တုံ့ပြန်နိုင်ခြင်း၊ လက်လွတ်စပယ်ဒေါသဖြင့်အင်အားကို အလွန်အကျွံအသုံးပြုကာ တုံ့ပြန်ခြင်းပြုလုပ်ခဲ့ပါက မမျှော်မှန်းနိုင်သော သေကျေထိခိုက်ဒဏ်ရာရမှုများ မလွဲမသွေဖြစ်ပေါ်စေနိုင်သည့်အခြေအနေလည်းဖြစ်ကြောင်း။

အလားတူ ဒီပဲယင်းနယ်မြေတွင် ဒုရဲအုပ်နှင့်တပ်ဖွဲ့ဝင်အချို့ အကြမ်းဖက်ခံရသဖြင့် နှစ်ဦးသေဆုံးခဲ့မှုဖြစ်စဉ်၊ မန္တလေးမြို့ အောင်မြေသာစံ နှင်းဆီအိမ်ရာတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဥပဒေမဲ့အကြမ်းဖက်မှုကြောင့် သေဆုံးခဲ့သည့်ဖြစ်စဉ်၊ သန်လျင်မြို့နယ် ဒုရဲအုပ်ဦးစီးရဲတပ်ဖွဲ့ဝင် လေးဦးအား ဖမ်းဆီးကြိုးတုပ်၍ နှိပ်စက်ခဲ့သည့်ဖြစ်စဉ်၊ ပြင်ဦးလွင်မြို့တွင် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီးနှစ်ဦးအား ဖမ်းဆီးကာ ဓာတ်တိုင်တွင် လက်ပြန်ကြိုးတုပ်ကာ ကတုံးတုံး၊ မျက်ခုံးမွေးရိတ် နှိပ်စက်ခဲ့သည့် ဖြစ်စဉ်၊ မော်လမြိုင်မြို့နယ် မုပွန်နယ်မြေရဲစခန်းမှ ရဲအုပ်တစ်ဦးအား လက်နက်လုယူဖမ်းဆီးနှိပ်စက်ခဲ့သည့်ဖြစ်စဉ်၊ မန္တလေး ချမ်းမြသာစည်မြို့နယ်တွင် ရဲတပ်ဖွဲ့ဝင်ငါးဦးအား ဖမ်းဆီးနှိပ်စက်၍ ကားအားဖျက်ဆီးခဲ့သည့်ဖြစ်စဉ်၊ ကျောက်တံတားမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးတစ်ဦးအား အကြမ်းဖက်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်၊ ပဲခူးမြို့လိပ်ပြာကန်ရပ်ကွက် မဂ္ဂတစ်လမ်းဆုံတွင် ဆူပူအကြမ်းဖက်လူအုပ်စုမှ ပွိုင့်-၂၂ သေနတ်ဖြင့်ပစ်ခတ်ခံရသဖြင့် ဒုရဲအုပ်တစ်ဦးသေဆုံးကာ သုံးဦးပြင်းထန်စွာဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်၊ ဖယ်ခုံမြို့နယ် ဖလိုင်တောင်ခြေကျေးရွာအနီးတွင် တပ်မတော်သားအရာရှိနှစ်ဦးနှင့် အခြားအဆင့်နှစ်ဦးတို့ကို ဖမ်းဆီး၍ရက်စက်စွာသတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်၊ လှိုင်သာယာမြို့နယ်တွင် စစ်အုပ်ချုပ်ရေးကာလ တပ်မတော်အရာရှိဇနီးလောင်းဖြစ်သူ မဝင်းသန္တာဆွေအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်တို့တွင် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေါသအလျောက် စည်းကမ်းနှင့်မညီဘဲ လက်လွတ်စပယ် မိမိတို့ကိုင်ဆောင်ထားသည့် အမိန့်ကြိုတင်ဖြေကြားရေးလက်နက်အပြင် မောင်းပြန်လက်နက်များကိုသာ အသုံးပြုခဲ့ပါကလည်း အဆိုပါအကြမ်းဖက်မှုဖြစ်စဉ်အသီးသီးရှိ အကြမ်းဖက်သူအုပ်စုများ၏ ကံကြမ္မာများမှာ မတွေးဝံ့စရာဖြစ်စဉ်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

**အနိမ့်ဆုံးအဆင့် အနည်းဆုံးအင်အား**

သို့ရာတွင် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိမိတို့၏လုပ်ဖော်ကိုင်ဖက်နှင့် အထက်အရာရှိများ မည်သို့ပင်သေဆုံး၊ ဒဏ်ရာရရှိမှုဖြစ်စေခဲ့သော်လည်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်တို့သည် အမိန့်ကြိုတင်ဖြေကြားရေးနှင့် အကြမ်းဖက်မီးရှို့၊ လူသတ်မှုဖြစ်စဉ်များအလိုက် လူစုခွဲခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အနိမ့်ဆုံးအဆင့် အနည်းဆုံးအင်အားဖြင့်သာ ဆောင်ရွက်ရန် ညွှန်ကြားချက်၊ ထုတ်ပြန်ထားသည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ရှုန်းရင်းဆန်ခတ်မှုလက်စွဲဥပဒေ(၁၉၅၆ ခုနှစ်)၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်း လက်စွဲစာစောင်(၂၀၁၅ ခုနှစ်)နှင့် တပ်မတော်အက်ဥပဒေပုဒ်မ(၁၉၅၉ ခုနှစ်)အပါအဝင် သီးခြားထုတ်ပြန်ထားသည့် Rule of Engagement၊ Self Defence များပါအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ခဲ့ခြင်း၊ အကြမ်းဖက်သမားများအပေါ် ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ခြင်း တို့ကြောင့်သာ ဆူပူအကြမ်းဖက်သမားများ သေဆုံး၊ ဒဏ်ရာရရှိမှုအနည်းဆုံးအနေအထားဖြင့် ဖမ်းဆီးထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်းနှင့် ဖော်ပြပါ အရာရှိကြီးအဆင့် ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည့် ချမ်းမြသာစည်မြို့နယ် ၁၀၅ လမ်း၊ ၅၂ လမ်းနှင့် ၅၃ လမ်းကြားတွင် ဆူပူအကြမ်းဖက်သူများအနက်မှ အမျိုးသား ၄၅ ဦးအား ထိခိုက်ဒဏ်ရာရရှိစေခဲ့ခြင်းမရှိဘဲ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် လူနေအိမ်များအား ဆူပူအကြမ်းဖက်သူလူတစ်စုက မီးရှို့ဖျက်ဆီး၊ လက်လုပ်မိုင်းများနှင့် မီးပုလင်းများဖြင့် ပစ်ခတ်

**နေပြည်တော် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် မင်းနန္ဒာလမ်းနှင့် သီတာနွယ်လမ်းဆုံအနီးရှိ နွယ်အေးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား ဆူပူအကြမ်းဖက်သူအင်အား ၂၀၀ ခန့်က မတ် ၂၂ ရက် ည ၉ နာရီ မိနစ် ၄၀ ခန့်တွင် လာရောက် မီးရှို့မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးရှို့မှုဖြစ်ပွားခဲ့သည့် နေရာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် သွားရောက်ခဲ့ပြီး ဆူပူအကြမ်းဖက်သူများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲခဲ့ကာ မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။



မီးလောင်မှုဖြစ်စဉ်ကြောင့် နွယ်အေးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး မီးလောင်ပျက်စီးခဲ့ပြီး ၎င်းရုံးအနီးရှိတယ်လီဖုန်းဆိုင်တစ်ဆိုင် မီးကူးစက်လောင်ကျွမ်းပျက်စီးခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးသူများနှင့် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိရေး အမြန်ဆုံးစုံစမ်းဖော်ထုတ်၍ ထိရောက်စွာ ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းရှိ ဖော့ကန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို မတ် ၂၂ ရက် ည ၈ နာရီခွဲခန့်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ပြတင်းပေါက်ကိုဖွင့်၍ ကျော်တက်ကာ ရုံးတွင်းသို့ ဝင်ရောက်ပြီး အုပ်ချုပ်ရေးမှူးရုံးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ယူဆောင်၍ ရုံးရှေ့လမ်းမကြီးပေါ်တွင် မီးရှို့နေကြောင်း သိရှိရသဖြင့် ရပ်ကွက်နေတာဝန်ရှိသူများက သွားရောက်ဖမ်းဆီးခဲ့ရာ ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

ထို့ အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် နယ်မြေ(၉) နတ်ရေကန်လမ်းသွယ်နေ ဦးတင်သန်း(ဘ)ဦးသိန်းဟန်၏ နေအိမ်အမိုးပေါ်သို့ ယနေ့ မွန်းလွဲ ၃ နာရီခန့်တွင် ဆိုင်ကယ်တစ်စီးဖြင့် မောင်းနှင်လာသည့် ဆူပူအကြမ်းဖက်သူနှစ်ဦးက လက်လုပ်မိုင်းနှစ်လုံးဖြင့် အကြောင်းမဲ့ရန်ပြုပစ်ခတ်ထွက်ပြေးခဲ့သဖြင့် လက်လုပ်မိုင်းတစ်လုံးမှာ နေအိမ်အတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ဦးတင်သန်း၏ သမီးတစ်ဦးနှင့် သားတစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ကူမဲမြို့ နယ်မြေရဲစခန်းရှိ အိမ်ထောင်သည်လိုင်းခန်းအတွင်းသို့ ယနေ့ နံနက် ၁ နာရီခန့်တွင် ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသားနှစ်ဦးက မီးပုလင်းဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ပြီး အဆိုပါပစ်ခတ်မှုကြောင့် မီးလောင်ကျွမ်းမှု မရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့အစိုးရအုပ်ချုပ်မှုယန္တရားများလည်ပတ်မှုကို ဟန့်တားနှောင့်ယှက်ပျက်စီးစေရန်၊ အများပြည်သူထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်သွားသည့် အကြမ်းဖက်လူတစ်စုကို အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိဘပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မမေ့အပ်သော ကျေးဇူးတရား

**ကိုဇွဲ**

ကျေးဇူးဆိုတာ တစ်ဦးက အခြားတစ်ဦးအပေါ်မှာ ပြုတဲ့အကျိုး ကောင်းမှု၊ ကောင်းကျိုးကို ခေါ်ခြင်း ဖြစ်ပါတယ်။ ဘဝတစ်ခုရရှိလာပြီဆိုရင် ကျေးဇူးပြုခြင်းနဲ့ကင်းတဲ့သူ တစ်ဦးတစ်ယောက်မျှမရှိပါ။ ကျေးဇူးတရားကို ဘဝသက်ဆုံးတိုင် ရင်ဝယ်ပိုက် တန်ဖိုးထားသူရှိသလို အကူအညီအခက်အခဲယူပြီးတာနဲ့ မသိချင်ယောင်ဆောင်ကာ ကျေးဇူးကန်းသူတွေလည်း ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ရှိနေတတ်တာ သဘာဝပါ။

"တစ်လုတ်စားဖူး သူ့ကျေးဇူးကို အထူးသိလျက် အဆပ်ခက်၊ သူ၏ကျေးဇူး တိမ်မြှုပ်သော သူ မီးလိုပူ၊ ကျေးဇူးရှိမှ ကျေးစွပ်၊ အရိပ်နေနေ အခက်ချိုးချိုး၊ သားရေပေါ်အိပ် သားရေနားစား၊ ကျေးဇူးမသိတတ်သူ မိတ်ကောင်းကို မရနိုင်" စသည်တို့မှာ ကျေးဇူးတရားနဲ့ ပတ်သက်တဲ့ စကားပုံများပင် ဖြစ်ပါတယ်။ လူတွေရဲ့ဘဝဆိုတာ အချိန်အားဖြင့် ခဏတာပါ။ ခဏတာ ပိုင်ဆိုင်ရတဲ့ ရှင်သန်ရချိန်ကာလမှာ ငြိမ်းအေးတဲ့ဘဝကနေ ကျီးလန့်စာ စားရတဲ့ဘဝမျိုး မဖြစ်စေဖို့၊ ကြိုးစား နေထိုင်နိုင်ဖို့ လိုပါတယ်။ လူဆိုတာက တစ်ဦးတစ်ယောက်တည်း နေထိုင်ရှင်သန်လို့ မဖြစ်တာကြောင့် ကောင်းမွန်တဲ့၊ ပြည့်စုံတဲ့ လူမှုအဖွဲ့အစည်းကို စိတ်ဓာတ်၊ စည်းကမ်း၊ ပညာတို့နဲ့ ဖွဲ့နှောင်ကာ အစုအဖွဲ့နဲ့ နေထိုင်ကြခြင်း ဖြစ်ပါတယ်။

**အခြေခံ စံသတ်မှတ်ချက်**

လူငယ်ဘဝကစတင်ပြီး အခြေခံစံသတ်မှတ်ချက်တွေကို မိဘ၊ ဆွေမျိုး၊ ဆရာသမားတွေက အရည်အချင်းရော တန်ဖိုးပါရှိတဲ့ လူတော်လူကောင်းတွေဖြစ်ဖို့အတွက်ပါ သင်ကြားပေးခဲ့ကြတာ ဖြစ်ပါတယ်။ လူသားတွေရဲ့ အခြေခံ စံသတ်မှတ်ချက်တွေ ဖြစ်တဲ့ မျှဝေခံစားလိုစိတ်၊ ရိုကျိုးတတ်တဲ့စိတ်၊ ပေါင်းသင်းဆက်ဆံမှု အရည်အသွေး၊ လူလားမြောက်နိုင်စွမ်း၊ နိုးကြားသတိရှိခြင်းတို့ကို မိဘ ဆရာသမားတွေရဲ့ သင်ကြားမှုကို ခံယူခဲ့ကြရတဲ့ လူငယ်တိုင်းဟာ ဆိုင်ရာလုပ်ငန်းခွင်အသီးသီးမှာ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းရွက်နေနိုင်ကြတာကို ယနေ့လုပ်ငန်းခွင်တိုင်းမှာ မြင်တွေ့နေရတာပဲ ဖြစ်ပါတယ်။

အတန်းပညာတွေ ပြီးဆုံးလို့ ဆိုင်ရာ တက္ကသိုလ်အသီးသီးကနေ ဘွဲ့၊ ဒီဂရီတွေရရှိပြီးခဲ့သူ လူငယ်တွေဟာ ငွေကြေးလစာနဲ့ အလုပ်အကိုင်ရရှိဖို့အတွက် လုပ်ငန်းနယ်ပယ်တွေကို စဉ်းစားရွေးချယ်ပြီး အလုပ်လျှောက်လွှာတင်ကာ ရေးဖြေ၊ လူတွေ့ စတဲ့စာမေးပွဲအသီးသီးကို ဖြေဆိုရင်းနဲ့ ဘဝခရီးလမ်းကို လျှောက်လှမ်းဖို့ ပြင်ဆင်ခဲ့ကြရသူတွေ ဖြစ်ပါတယ်။

"သားရေ၊ ဒီမှာ စာအိတ်တစ်အိတ် ရောက်နေတယ်"လို့ အမေဖြစ်သူက အပြင်မှ ပြန်လာတဲ့ ကျွန်တော့်အား ပြောရင်း ကျွန်တော့်လက်ထဲက ကျောပိုးအိတ်လေးကိုယူပြီး အခန်းထဲဝင်သွားချိန် ကျွန်တော့်ရင်တွေ တဒိတ်ဒိတ်ခုန်နေမိတာက အမှန်။ မြို့နယ်ရုံးရဲ့ ဒုဦးစီးမှူးရာထူးအတွက် ရေးဖြေအောင်မြင်ထားတဲ့ ကျွန်တော်ဟာ စာအိတ်ပေါ်မှ တံဆိပ်တုံးကို ကြည့်လိုက်တာနဲ့ လူတွေ့ ဆန်းစစ်ချက် အောင်ပြီလို့ သိလိုက်ရပြီ။ စာအိတ်ကို ဖွင့်ဖောက်လိုက်တဲ့အခါမှာတော့ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်မှာ သတင်းပို့ရမယ်ဆိုတာတွေကို နားလည်သဘောပေါက်လိုက်ရတယ်။ ပြီးမှ 'အမေ၊ သား ဒုဦးစီးဖြစ်ပြီ၊ သားဖြစ်ချင်တဲ့ အရာရှိတော့ မဟုတ်သေးပေမယ့် အရာရှိငယ် ဖြစ်ပါပြီ' လို့ အမေ့ကို ထွေးဖက်ရင်း ပြောပြလိုက်တယ်။ ကျွန်တော် ရေးဖြေအောင်တာကို

**အမှန်တကယ်ဖြစ်တည်မှုမဟုတ်ဘဲ စိတ်ကူးယဉ်မျှော်လင့်မှုတွေနဲ့ ရေးသားထားတဲ့ လူမှုကွန်ရက်သတင်းတု၊ သတင်းလိမ်၊ သတင်းမှားတွေကို ယုံကြည်မျှော်လင့်ရင်း ဌာနကျေးဇူး၊ ဆရာသမားကျေးဇူးကို မသိကျိုးကျွန်ပြုကာ CDM နောက် လိုက်ပါနေကြတဲ့ ဝန်ထမ်းတွေအတွက် မစိုးရိမ်ဆရာတော်ကြီး မိန့်ကြားခဲ့တာလေးကို ဖော်ပြပေးလိုက်ပါတယ်။**

**"သူ၏ကျေးဇူး ရှိခဲ့ဖူး၊ အထူးပြန်ဆပ်နိုင်စေသော်၊ မဆပ်နိုင်သည် ရှိပစေ၊ မချေမဖျက်မိစေသော်"**

စာအိတ်ဖွင့်မဖောက်ခင်ကတည်းက အမေက သိနှင့်ပြီးသားဖြစ်နေပါတယ်။ ဝန်ထမ်းမျိုးရိုးဖြစ်တဲ့ မိသားစုဆိုတော့ အမေက စာအိတ်မြင်ကတည်းက သိနေပြီးသားကို နောက်မှပြောပြလို့ သိခဲ့ရတယ်။

ဒုဦးစီးမှူးတာဝန် စတင်မထမ်းဆောင်ခင် အရာထမ်းငယ် အခြေခံသင်တန်းကို ဖောင်ကြီးလို့ခေါ်တဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှာ တက်ရောက်သင်ယူခဲ့ရပါတယ်။ ဝန်ထမ်းကောင်း ဖြစ်ဖို့ စနစ်တကျလေ့ကျင့်ပေးတဲ့ သင်တန်းမှာ ဝန်ကြီးဌာနပေါင်းစုံက ဝန်ထမ်းတွေနဲ့ အတူတကွ သင်ယူရတာကြောင့် သင်တန်းက သင်ကြားပို့ချပေးတဲ့အချက်အလက်ပညာတွေအပြင် လူမှုဆက်ဆံရေးညှိဖွင်းသူပါ လူမှုဆက်ဆံရေး ကောင်းမွန်လာတာကို သင်တန်းပြီးဆုံးချိန်မှာ သင်တန်းတက်ဖော်သူငယ်ချင်းတချို့ရဲ့ အပြုအမူ၊ စိတ်နေစိတ်ထားကို ကြည့်ခြင်းဖြင့် သိရှိလိုက်ရပါတယ်။

**မမေ့ကောင်းသောအရာ**

သင်တန်းပြီးဆုံးလို့ ကျရာဌာနအသီးသီးမှာ တာဝန်ကိုယ်စီ ထမ်းဆောင်ရာမှာတော့ ဌာနရဲ့ တာဝန်ရှိသူအသီးသီးတို့ရဲ့ ကိုယ်၊ နှုတ်၊ စိတ်တို့နဲ့ ကူညီစောင့်ရှောက်ပေးမှုတွေကြောင့် ရက်အနည်းငယ်နဲ့ ဌာနလည်ပတ်မှုတွေကို သိရှိနားလည် တတ်မြောက်ခွင့်ရခဲ့တယ်။ အထက်လူကြီးတွေနဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ စေတနာကို ကျေးဇူးတင်စိတ် ဖြစ်သော်လည်း စိတ်အားဖြင့် ကျေးဇူးတင်ခြင်းမှာ မထင်ရှားတာကြောင့် ဌာနအတွက်၊ ဌာန လုပ်ဖော်ကိုင်ဖက်အတွက်၊ ဌာနက ဆရာသမားတွေအတွက် အဓိကထားပြီး သစ္စာဖောက်ခြင်းကို ဘယ်တော့မှမပြုလုပ်ဘူးလို့ မိမိကိုယ်မိမိ သစ္စာပြုထားခဲ့ပါတယ်။ ကျေးဇူးတရားဟူသည် မမေ့ကောင်းသောအရာပင် မဟုတ်ပါလော။

ကျေးဇူးသိတတ်မှုဆိုတာကလည်း အပြောလွယ်ပြီး အသိခက်တဲ့ အလုပ်ဖြစ်တာကြောင့် 'ကျေးဇူးပဲ' 'ကျေးဇူးတင်ပါတယ်' ဆိုတာကို နှုတ်က လွယ်လွယ်နဲ့ ပြောတတ်ကြပေမယ့် ကျေးဇူးဆပ်ဖို့အရာမှာတော့ အများစုက မေ့မေ့လျော့လျော့ပဲ ဖြစ်နေကြတာကို တွေ့နေရပါတယ်။ ကျေးဇူးတရားဟူသည် များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ မိမိအပေါ် တစ်စုံတစ်ရာ ကောင်းကျိုးပြုပေးဖူးပါက ထိုသူဟာ ကျေးဇူးရှင် / ခင်ပွန်းကြီး ၁၀ ပါး စာရင်းဝင်ပါတယ်။

ခင်ပွန်းကြီး ၁၀ ပါးမှာ ဗုဒ္ဓ - သဗ္ဗညုတ မြတ်စွာဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ - ပစ္စေကဗုဒ္ဓါ ဘုရားငယ်များ၊ အဂ္ဂသာဝက၊ မဟာသာဝက - မြတ်ဗုဒ္ဓ၏ တပည့်သာဝကများ၊ ရဟန္တာ - အာသဝေါကုန်ခန်းပြီးသော ရဟန္တာအရှင်မြတ်ကြီးများ၊ မာတာ - မွေးသမိခင်၊ ပီတု - မွေးသဖခင်၊ အာစရိယ - မြတ်ဆရာသမား၊ ဝုဒ္ဓါ - သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်၊ ဓမ္မကထိက - ဆရာ (ဓမ္မတို့ကို ဆုံးမတတ်သော ဆရာသမားများ)၊ ဟိတကရ - ထမင်းတစ်လုတ် ရေတစ်မှုတ် စသည်ကိုပေးကမ်းချီးမြှင့်ထောက်ပံ့ဖူးသော၊ မိမိကို ကိုယ်၊ နှုတ်၊ နှလုံးဖြင့် ကျေးဇူးပြုဖူးသော ကျေးဇူးရှင်ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။

ခင်ပွန်းကြီး ၁၀ ပါး / ကျေးဇူးရှင်ပုဂ္ဂိုလ်ဆယ်ဦးအား ကျေးဇူးမဆပ်နိုင်ရင်တောင် ပြစ်မှားခြင်းတော့ မပြုသင့်။ မပြစ်မှားမိစေဖို့အတွက်လည်း အသိ သတိ လွန်စွာထားရမှာဖြစ်ပြီး ပြစ်မှားစော်ကားသူတို့မှာ မီးလိုပူလောင်ပြီး ဘဝတွင် ဘယ်သောအခါမျှ မကြီးပွားမတိုးတက်နိုင်ကြောင်းကို စာပေကျမ်းဂန်ထဲမှာ လေ့လာမှတ်သားထားဖူးပါတယ်။

**ဆင်းရဲဒုက္ခကို ကြုံတွေ့ရတတ်**

ခင်ပွန်းကြီး ၁၀ ပါး အကြောင်း စေ့စေ့တွေးမိလေ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတချို့ရဲ့ ဒီရက်ပိုင်း လုပ်ရပ်တွေအတွက် သနားဂရုဏာ ဖြစ်နေမိပါတယ်။ ဌာနက ဆရာသမားတွေရဲ့ ဆုံးမစကား နားမထောင်၊ လုပ်ဖော်ကိုင်ဖက်တွေအပေါ် မချေမငံ ရင့်သီးစွာ ဆက်ဆံပြီး Civil Disobedience Movement (CDM) လုပ်သွားကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာ ကျေးဇူးရှင်ဆရာသမားတွေအပေါ် ကျေးဇူးတုံ့ပြန်ရမယ့်အစား ကျေးစွပ် (ကျေးဇူးကန်း) တဲ့သူတွေ ဖြစ်နေပြီဆိုတာ ကာယကံရှင်တွေကတော့ သတိထားမိဟန်မတူ။ ကျေးဇူးကန်းတဲ့သူဟာ မဖြစ်ဖူးတဲ့ မကောင်းကျိုးတွေ ဖြစ်လာရတတ်ပြီး မကြုံဖူးတဲ့ ဆင်းရဲဒုက္ခကို ကြုံတွေ့ရတတ်ပါတယ်။

'အကြင်သူသည် မပြစ်မှားထိုက်သော ရဟန္တာပုဂ္ဂိုလ်တို့၌ (ခင်ပွန်းကြီး ၁၀ ပါးခေါ်သော ကျေးဇူးရှင်တို့၌) ကာယကံစသည်ဖြင့် ပြစ်မှားမိခဲ့သည်ဖြစ်အံ့။ ဒဏ်ဆယ်ပါးတို့တွင် တစ်ပါးပါးသော အကြောင်းသို့ လျင်မြန်စွာ ရောက်ရ၏' လို့ ဓမ္မပဒမှာ အတိအလင်း ဖော်ပြထားတာကြောင့် မိမိအပေါ် တစ်စုံတစ်ရာ ကျေးဇူးပြုဖူးတဲ့ လုပ်ငန်းခွင်မှ ဆရာသမားတွေ အပေါ်၊ အခြေခံရော အဆင့်မြင့်ပညာပါ သင်ကြားပေးခဲ့ကြတဲ့ ဆရာ ဆရာမတွေအပေါ်မှာ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် မလွန်ကျူးမိစေဖို့ရန် သတိရှိနေရမှာ ဖြစ်ပါတယ်။ အဖျက်သမား စိတ်ဓာတ်ရှိသူတွေရဲ့ သွေးထိုးလှုံ့ဆော်မှုစကားတွေ နားယောင်ပြီး လုပ်ငန်းခွင်ကို စွန့်ခွာရုံအပြင် ဆရာသမားတွေရဲ့ ဆုံးမစကားတွေကိုပါ နားထောင်မှုမရှိတော့တဲ့ CDM ဝန်ထမ်းတွေဟာ ပုံမှန်ရနေကျလစာတွေပါ မရရှိတော့တာကြောင့် မိဘ၊ ညီအစ်ကိုမောင်နှမတွေပါ လူနေမှုအခက်အခဲတွေ ကြုံတွေ့နေကြရတဲ့ သတင်းတွေကို ကြားသိလာရတာဟာ ဝန်ထမ်းအချင်းချင်း၊ နိုင်ငံ့တာဝန် လုပ်ကိုင်နေကြသူအချင်းချင်း များစွာစိတ်မကောင်းဖြစ်မိပါတယ်။ လမ်းမှားကို အတွေးမှားနဲ့ လျှောက်လှမ်းပြီး ဆရာသမားတွေရဲ့ ဆုံးမစကားကို ပစ်ပယ်ခဲ့ခြင်းရဲ့ အကျိုးရလဒ်ပင်မဟုတ်ပါလော။

**လက်ကိုင်ထားနိုင်ကြဖို့လို**

ကျေးဇူးရှင်တို့ကို ပြစ်မှားမိပါက တွေ့ကြုံရနိုင်တာကိုလည်း လေ့လာထားသမျှ အလျဉ်းသင့်လို့ ဖော်ပြပါရစေ။ ကျေးဇူးရှင်တို့ကို ပြစ်မှားမိသူဟာ ကြီးစွာသောရောဂါဆိုးတွေကို ခံစားရခြင်း၊ စည်းစိမ်ဥစ္စာတို့ ယုတ်လျော့ခြင်း၊ မီးဘေးသင့်ခြင်း၊ ကိုယ်လက်အင်္ဂါ ကျိုးကန်းပျက်စီးခြင်း၊ ကုဋ္ဌနူနာစွဲကပ်ခြင်း၊ ရူးသွပ်ခြင်း၊ မင်းပြစ်မင်းဒဏ်သင့်ခြင်း၊ သူတစ်ပါးတို့ရဲ့ စွပ်စွဲမှုကို ခံရခြင်း၊ မိဘဆွေမျိုး သားချင်းတို့နဲ့ ရှင်ကွဲ သေကွဲ ကွဲရခြင်း၊ သက်ရှိ သက်မဲ့ပစ္စည်းဥစ္စာတွေ ပျက်စီးဆုံးရှုံးရခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းအေးပြီး သမ္မာအာဇီဝ လုပ်ကိုင်စားသောက်ရတဲ့ နိုင်ငံ့ဝန်ထမ်းဘဝမှာ ကျေးဇူးတရားတွေကို ရင်ဝယ်ပိုက်ပြီး ဗြဟ္မစိုရ် တရားတွေဖြစ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကို လက်ကိုင်ထားနိုင်ကြဖို့ လိုပါတယ်။

မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဘာသာ သာသနာတော်အပေါ် ကျေးဇူးပြုနိုင်သူ၊ ကျေးဇူးဆပ်နိုင်သူမဟုတ်ပါက တန်ဖိုးမဲ့သူ တစ်နည်းအားဖြင့် ကျေးဇူးကန်း၊ ကျေးဇူးမဆပ်သူပင် ဖြစ်သွားနိုင်ပါတယ်။ နိုင်ငံရဲ့ဖြစ်စဉ်တွေအပေါ်မှာ အမှန်အတိုင်း မရှုမြင်ဘဲ ကိုယ်ကျိုးစီးပွားအတွက် ဖျက်လိုဖျက်ဆီး လုပ်ကိုင်ကြတဲ့ တရားမဝင်အဖွဲ့အစည်းတွေရဲ့ သွေးထိုးစကားတွေကို နားယောင်မိကြတဲ့ CDM ဝန်ထမ်းတွေမှာ နာကျင်မှု၊ စည်းဖောက်မှု၊ ကျရှုံးမှုဖြစ်စဉ်တွေနဲ့ ပျော်ရွှင်မှုသုခတွေ ချုပ်ငြိမ်းနေရတာကလည်း ကျေးဇူးရှင်အပေါ် ကျေးစွပ်ခြင်းရဲ့ သက်ရောက်မှုတွေကြောင့်ဆိုတာကို တရားသဘောအရ ဆင်ခြင်မိပါတယ်။

အမှန်တကယ်ဖြစ်တည်မှု မဟုတ်ဘဲ စိတ်ကူးယဉ်မျှော်လင့်မှုတွေနဲ့ ရေးသားထားတဲ့ လူမှုကွန်ရက်သတင်းတု၊ သတင်းလိမ်၊ သတင်းမှားတွေကို ယုံကြည်မျှော်လင့်ရင်း ဌာနကျေးဇူး၊ ဆရာသမားကျေးဇူးကို မသိကျိုးကျွန်ပြုကာ CDM နောက် လိုက်ပါနေကြတဲ့ ဝန်ထမ်းတွေအတွက် မစိုးရိမ်ဆရာတော်ကြီး မိန့်ကြားခဲ့တာလေးကို ဖော်ပြပေးလိုက်ပါတယ်။

"သူ၏ကျေးဇူး ရှိခဲ့ဖူး၊ အထူးပြန်ဆပ်နိုင်စေသော်၊ မဆပ်နိုင်သည် ရှိပစေ၊ မချေမဖျက်မိစေသော်"

ဒ့ါကြောင့် စာဖတ်သူအပေါင်းနဲ့ CDM သူငယ်ချင်းအားလုံးသည်လည်း ကျေးဇူးရှင် အပေါင်းတို့အား အခွင့်ရတိုင်း ကျေးဇူးဆပ်နိုင်ကြပါစေ၊ ဆင်ခြေအမျိုးမျိုးပေးခြင်းမှ ရှောင်လွှဲနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# တောင်ကိုရီးယားသမ္မတ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူ

**ဆိုးလ် မတ် ၂၃**

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းသည် လာမည့် ဇွန်လတွင် ဗြိတိန်နိုင်ငံသို့ ခရီးသွားရန် စီစဉ်ထားသည့်အတွက် ယင်းခရီးစဉ်မတိုင်မီ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပထမအကြိမ် ထိုးနှံမှုခံယူခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာက ဖော်ပြထားသည်။

သမ္မတမွန်ဂျေအင်းသည် အောက်စဖို့ဒ်တက္ကသိုလ်နှင့် ဗြိတိန်-ဆွီဒင်ဆေးဝါးကုမ္ပဏီထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုကို ဆိုးလ်မြို့ရှိ ပြည်သူ့ကျန်းမာရေးဗဟိုဌာနတစ်ခုတွင် ခံယူခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာရုပ်သံလိုင်းတစ်ခုက ဖော်ပြထားသည်။

AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံမှုနှင့် ထိရောက်မှုကို ပြည်တွင်း၌ ထပ်လောင်းအတည်ပြုခဲ့ပြီးဖြစ်သလို ဥရောပနိုင်ငံအများစုကလည်း ၎င်းကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း မွန်ဂျေအင်းက မတ် ၂၂ ရက်တွင် ကျင်းပပြုလုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဆိုင်ရာ အစည်းအဝေးတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။



သွေးခဲမှုပြဿနာနှင့်ပတ်သက်၍ နိုင်ငံအများအပြားတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အသုံးပြုမှု ရပ်ဆိုင်းခဲ့ပြီးနောက် ယခုအခါ ဂျာမနီ၊ ပြင်သစ်၊ အီတလီနှင့် အခြားဥရောပနိုင်ငံများတွင် အဆိုပါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ပြန်လည် စတင်နေပြီဖြစ်ကြောင်း သိရသည်။ ဥရောပဆေးဝါးအေဂျင်စီက AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ဘေးကင်းလုံခြုံပြီး ထိရောက်မှုရှိကြောင်း အတည်ပြုခဲ့ပြီးနောက် ဥရောပနိုင်ငံများ အနေဖြင့် အဆိုပါကာကွယ်ဆေး အသုံးပြုမှုကို ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ရောဂါကာကွယ်တားဆီးရေးအေဂျင်စီသည် အသက် ၆၅ နှစ်နှင့် အထက် လူနာများနှင့် ဘိုးဘွားရိပ်သာများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အသက် ၆၅ နှစ်နှင့်အထက် ကျန်းမာရေးဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယနေ့မှစ၍ ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်အထိ တောင်ကိုရီးယားနိုင်ငံ၌ ပထမအကြိမ်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူသူ ပေါင်း ၆၈၀၅၆၀ ခန့်ရှိပြီး ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူသူပေါင်း ၈၈၃ ဦးရှိကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းသည် ယခုနှစ် နိုဝင်ဘာလထက် နောက်မကျစေဘဲ နိုင်ငံ၏ လူဦးရေ ၅၂ သန်းအတွက် ပုံမှန်ဘဝပြန်ရောက်နိုင်ရန် စီစဉ်ထားခြင်းနှင့် အတူ ယခုနှစ် ဇွန်လကုန်ပိုင်းတွင် ပြည်သူ ၁၂ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပြီးသတ်ထိုးနှံပေးရန် ရည်ရွယ်ထားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# ဂျပန်ဆေးဝါးကုမ္ပဏီနှစ်ခု၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား လက်တွေ့စမ်းသပ်မှုများ ပြုလုပ်

**တိုကျို မတ် ၂၃**

ဂျပန်နိုင်ငံဆေးဝါးကုမ္ပဏီနှစ်ခုက ၎င်းတို့ဖော်စပ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိရောက်မှုရှိ မရှိအပေါ် လက်တွေ့စမ်းသပ်မှုများကို ယမန်နေ့တွင် စတင်ပြုလုပ်ခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။



သည်ဒိုင်အီချီဆန်ကျို ဆေးဝါးကုမ္ပဏီနှင့် KM Biologics ဆေးဝါးကုမ္ပဏီတို့သည် ၎င်းတို့ဖော်စပ်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

သည်ဒိုင်အီချီဆန်ကျို ဆေးဝါးကုမ္ပဏီမှထုတ်လုပ်သည့် ကာကွယ်ဆေးအား လက်တွေ့စမ်းသပ်မှု ပြုလုပ်ရာတွင် ကျန်းမာရေးကောင်းမွန်သော အရွယ်ရောက်ပြည်သူ ၁၅၂ ဦးပါဝင်သည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဖော်စပ်မှုနှင့် အသွင်သဏ္ဌာန်တူညီမှုရှိကြောင်း သိရသည်။ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဂျပန်နိုင်ငံအတွင်း၌ အသုံးပြုလျက်ရှိသည်။

အလားတူ KM Biologics ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကျန်းမာရေးကောင်းမွန်သူ ၂၁၀ ဦးဖြင့် လက်တွေ့စမ်းသပ်မှု ပြုလုပ်လျက်ရှိသည်။

သုတေသီများက အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ဘေးကင်းလုံခြုံမှု ရှိ၊ မရှိနှင့် ရောဂါခုခံနိုင်စွမ်း ရှိ၊ မရှိတို့အပေါ် စစ်ဆေးအကဲဖြတ်မှုများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် အဆိုပါ ကာကွယ်ဆေးများကို အကြိမ်အရေအတွက် မည်မျှခန့် ထိုးနှံမှုခံယူရန် လိုအပ်သလဲဆိုသည့် အချက်အလက်များကို ဆုံးဖြတ်ချက်ချမှတ်ရန် သုတေသီများက ကြိုးပမ်းလျက်ရှိသည်။

လက်ရှိအချိန်တွင် ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဆိုင်ရာ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည့် ပြည်တွင်းဆေးဝါးကုမ္ပဏီလေးခုရှိသည်။

သည်ဒိုင်အီချီဆန်ကျို နှင့် KM Biologics ဆေးဝါးကုမ္ပဏီတို့သည် Shionogi နှင့် AnGes တို့ပြီးနောက် ဂျပန်နိုင်ငံ၌ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည့် တတိယနှင့် စတုတ္ထမြောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်သည့် ဆေးဝါးကုမ္ပဏီများ ဖြစ်လာခဲ့သည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ယမန်နှစ်အတွင်း ကင်ညာလေကြောင်းလိုင်း ကန်ဒေါ်လာ ၃၃၃ သန်း အရှုံးပေါ်

**နိုင်ရိုဘီ မတ် ၂၃**

ယမန်နှစ်အတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှုများကြောင့် ကင်ညာလေကြောင်းလိုင်းက အမေရိကန်ဒေါ်လာ ၃၃၃ သန်း အရှုံးပေါ်ခဲ့ကြောင်း ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ယမန်နှစ်က အသွားအလာကန့်သတ်မှုများ ချမှတ်ထားသောကြောင့် လုပ်ငန်းပိုင်းဆိုင်ရာတွင် ထိခိုက်မှုများရှိခဲ့ကြောင်း၊ ထို့ပြင် ခရီးသည်အရေအတွက် လျော့နည်းလာသဖြင့် ဝင်ငွေကျဆင်းကာ လေယာဉ်ပျံသန်းပြေးဆွဲမှုများ ရပ်နားထားခဲ့ရကြောင်း ကင်ညာလေကြောင်းလိုင်း၏ ဘဏ္ဍာရေးအရာရှိချုပ် ဟယ်လန် မက်သူကာက ပြောကြားသည်။ ခရီးသည်အရေအတွက်ကျဆင်းမှုရာခိုင်နှုန်းမှာ ၆၆ ရာခိုင်နှုန်းရှိကြောင်းနှင့် ကုန်စည်ပို့ ဆောင်မှု ၂၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

မိမိတို့လေကြောင်းလိုင်းသည် အစိုးရ၏ အထောက်အပံ့ကိုသာမရရှိပါက ကိုဗစ်-၁၉ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်းရပ်တည်ရေးအတွက် အခက်အခဲများရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့လေကြောင်းလိုင်းကို အခြားလေကြောင်းလိုင်းများနှင့် လက်တွဲဆောင်ရွက်ပြီး မူလအမြတ်အစွန်း ပြန်လည်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ် အယ်လန်က ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၈၄ ဦး ထပ်မံ စစ်ဆေးတွေ့ရှိ

**ကွာလာလမ်ပူ မတ် ၂၃**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၈၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၃၅၅၄၀ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။



အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၁၃၇၅ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန်ကိုးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည် ရောက်ရှိလာသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ဟမ် အဒူလာရှ်က ယနေ့ ပြောကြားခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ခြောက်ဦး ထပ်မံသေဆုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၂၄၄ ဦး ရှိလာခဲ့ပြီဖြစ်သည်။

သို့သော် လူနာ ၁၀၅၈ ဦး ရောဂါမှ ပြန်လည် သက်သာလာသည့်အတွက် ဆေးရုံမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၃၁၉၈၄၂ ဦး (၉၅ ဒသမ ၃ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ကျန်းမာရေး စောင့်ရှောက်မှုခံယူလျက်ရှိသူ ၁၄၄၅၄ ဦးရှိရာ ယင်းတို့အနက် ၁၄၈ ဦးသည် အထူးကြပ်မတ်ကုသမှုခံယူနေရပြီး ၆၂ ဦးသည် အသက်ရှူအထောက်အကူပြု ကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ကမ္ဘာ့နိုင်ငံအားလုံး ကာကွယ်ဆေးရရှိရေးအတွက် ပူးပေါင်းပါဝင်ကြရန် ဖွံ့ဖြိုးပြီးနိုင်ငံများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း



**ဂျီနီဗာ မတ် ၂၃**

ကမ္ဘာ့နိုင်ငံအားလုံး ကာကွယ်ဆေးရရှိရေးအတွက် ပူးပေါင်းပါဝင်ကြရန် ဖွံ့ဖြိုးပြီးနိုင်ငံများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့တွင် တိုက်တွန်းပြောကြားခဲ့သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ၎င်းတို့၏နိုင်ငံသားများအား ကာကွယ်ဆေးထိုးနှံပြီးပါက ကျန်ရှိသော ကမ္ဘာ့နိုင်ငံများအတွက် ကာကွယ်ဆေးဖြန့်ဖြူးပေးရာတွင် ပူးပေါင်းပါဝင်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒနွမ် ဂါဘရီယီဆက်စ်က တိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံအများအပြားတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်ခြင်းမရှိသေးသည့်အချိန်တွင် အချို့သော နိုင်ငံများသည် ကာကွယ်ဆေးများ အပြိုင်အဆိုင်ဝယ်ယူလျက်ရှိသည်ကို သတိပြုမိသည့်အတွက် ကမ္ဘာ့နိုင်ငံအားလုံး ကာကွယ်ဆေးအလုံအလောက် မရမည်ကို စိုးရိမ်ပူပန်မိပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒနွမ် ဂါဘရီယီဆက်စ်က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးဖြန့်ဖြူးရေးအစီအစဉ် COVAX သည် မျှော်မှန်းထားသည့်ပမာဏ၏ ၁၀ ရာခိုင်နှုန်းသာ ကာကွယ်ဆေးဖြန့်ဖြူးပေးပြီးဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် COVAX အစီအစဉ်အရ ဂါနာနိုင်ငံသို့ ကာကွယ်ဆေး ပထမအသုတ်ကို ပေးပို့ခဲ့သည်။ မတ် ၂၂ ရက်အထိ COVAX အစီအစဉ်အရ အဖွဲ့ဝင် ၅၇ နိုင်ငံသို့ ကာကွယ်ဆေးအလုံးရေ ၃၁ သန်းကျော် ဖြန့်ဖြူးပေးပြီးဖြစ်ကြောင်း သိရသည်။

COVAX အစီအစဉ်သည် အဖွဲ့ဝင်နိုင်ငံများသို့ ကာကွယ်ဆေးအလုံးရေ သန်း ၃၃၀ ကျော်ကို ဇွန်လမကုန်မီ ဖြန့်ဖြူးပေးရန် မျှော်မှန်းထားကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# နိုင်ငံသားတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူကြရန် လာအိုအစိုးရတိုက်တွန်း

**ဗီယင်ကျန်း မတ် ၂၃**

လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုထိန်းချုပ်ရန်အတွက် နိုင်ငံသားတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လာအိုအစိုးရ တာဝန်ရှိသူများက တိုက်တွန်းခဲ့သည်။

ဧပြီလအတွင်း ဆောင်ရွက်မည့် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်တွင် ကျန်းမာရေးဝန်ထမ်း ၁၅၀၀၀၀ အား ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း ဗီယင်ကျန်းတိုင်းစ်သတင်းစာက ယနေ့တွင် ပြောကြားသည်။


နိုင်ငံအတွင်း ထိုးနှံပေးမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ဆိုးရွားသော ဘေးထွက်ဆိုးကျိုးများရှိကြောင်း ဆိုရှယ်မီဒီယာနှင့် ရုပ်မြင်သံကြားသတင်းများတွင် ကောလာဟလသတင်းများ ဖြန့်ဝေနေမှုအပေါ် မယုံကြည်ကြရန်နှင့် အဆိုပါကောလာဟလသတင်းများအပေါ်တွင် အခြေခံပြီး နိုင်ငံသားများအနေဖြင့် ကာကွယ်ဆေးထိုးနှံမှုမခံယူလိုခြင်းကို ဦးတည်လာစေကြောင်း ကျန်းမာရေးဝန်ကြီးဌာန ရောဂါထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ရာတန်ဆေဖီဆိုဗန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အစိုးရက မတ်လအကုန်တွင် နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် မျှော်မှန်းထားသည်။ သို့သော် အချို့သော နိုင်ငံသားများမှာ ကာကွယ်ဆေး၏ အစွမ်းထက်ထိရောက်မှုအပေါ်တွင် သံသယရှိနေသဖြင့် နိုင်ငံသားများ၏ ၆၀ ရာခိုင်နှုန်းကိုသာ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်း အသုံးပြုသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ၏ မြင့်မားသော အရည်အသွေးများကြောင့် ကာကွယ်ဆေးထိုးနှံမှုခံယူမည့် ကျန်းမာရေးဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအား အနာဂတ်ကာလတွင် ထပ်မံဖြစ်ပွားလာနိုင်မည့် ကပ်ရောဂါဘေးမှ ကယ်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံသားတိုင်းကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် ၎င်းက တိုက်တွန်းခဲ့သည်။ နိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းဖြစ်သော လူ ၁ ဒသမ ၆ သန်းအား ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်မည်ဟု တာဝန်ရှိသူများက ခန့်မှန်းထားသည်။ ၂၀၂၂ ခုနှစ်တွင် နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းနှင့် ၂၀၂၃ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်မှန်းထားသည်။ နိုင်ငံအတွင်း ကျန်းမာရေးလုပ်ငန်းဆိုင်ရာ စေတနာ့ဝန်ထမ်းများကို ယမန်နှစ်အတွင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ လာအိုနိုင်ငံတွင် ထိုးနှံပေးသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမှာ Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၏ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ သိုလှောင်ရန် လိုအပ်သည့် အအေးခန်းစနစ်များ ထူထောင်ရေးအတွက် ဂျပန်အစိုးရ ကူညီမည်




**တိုကျို မတ် ၂၃**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သယ်ဆောင်ရန်နှင့် သိုလှောင်ထားရှိနိုင်ရန် လိုအပ်သည့် အအေးခန်းစနစ်များ ထူထောင်ရေးအတွက် ကူညီထောက်ပံ့မှုများကို ဂျပန်အစိုးရက ဗီယက်နမ်နိုင်ငံအား ပေးအပ်သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် ဗီယက်နမ်ကွန်မြူနစ် ပါတီအကြီးအကဲ ငုယင်ဖုထရောင်းတို့က ယမန်နေ့တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ အကြီးအကဲအဖြစ် ဇန်နဝါရီလတွင် တတိယအကြိမ် ပြန်လည်ရွေးကောက်ခြင်း ခံခဲ့ရသော ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲ ငုယင်ဖုထရောင်းအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ကနဦး ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ သယ်ဆောင်ရန်နှင့် သိုလှောင်ထားရှိရန် လိုအပ်သည့် အအေးခန်းစနစ်များ ထူထောင်နိုင်ရေးအတွက် ငွေကြေးဆိုင်ရာထောက်ပံ့မှုများကို ဗီယက်နမ်နိုင်ငံအား ပေးအပ်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့သည်။

ထို့ပြင် ကိုဗစ်- ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ဗီယက်နမ်နိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ခြင်းမရှိဘဲ ဂျပန်နိုင်ငံတွင် သောင်တင်လျက်ရှိသည့် ဗီယက်နမ်နိုင်ငံသားများအား ကူညီထောက်ပံ့မှုများ ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူဂါက ဆိုသည်။

အလားတူ ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲ ငုယင်ဖုထရောင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအတွက် လိုအပ်မှုများကို ကူညီပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ဂျပန်နိုင်ငံတွင် သောင်တင်လျက်ရှိသည့် ဗီယက်နမ်နိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၂၄၃၉၆၅၅၅ | ဦး |
| သေဆုံးသူ | ၂၇၃၇၇၅၁ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၀၃၇၀၅၉၀ | ဦး |

# ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုကြောင့် ကျဆင်းခဲ့ရသော ခရီးသွားလုပ်ငန်းကို ပြန်လည်မြှင့်တင်ရန် ထိုင်းနိုင်ငံ ဆောင်ရွက်

**ဗန်ကောက် မတ် ၂၃**

ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျဆင်းခဲ့ရသော ခရီးသွားလုပ်ငန်းကို ပြန်လည်မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့ အတူတကွ ခရီးသွားကြသည်ဟူသော လှုပ်ရှားမှုတစ်ရပ်ကို တိုးမြှင့်ဆောင်ရွက်ရန် ထိုင်းနိုင်ငံက ယနေ့တွင် ဆုံးဖြတ်ခဲ့သည်။

အဆိုပါခရီးသွားလှုပ်ရှားမှုတွင် ပါဝင်ခွင့်ရရှိမည့် နိုင်ငံသားများ ခရီးသွားလာရာတွင် တည်းခိုနိုင်ရန်အတွက် ဟိုတယ်အခန်းအရေအတွက် ၂ နှစ်သန်းကို ပြင်ဆင်ထားရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျွန်ုပ်တို့ အတူတကွ ခရီးသွားကြသည်ဟူသော လှုပ်ရှားမှုသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ကျဆင်းခဲ့ရသော ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်အတွက် ယမန်နှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခု အစီအစဉ်တွင် ပါဝင်ခွင့်ရရှိသူ နိုင်ငံသား တစ်ဦးချင်းအတွက် ဟိုတယ်အခန်း ငှားရမ်းခ ထိုင်းဘတ်ငွေ ၃၀၀၀ ကို အစိုးရက ကျခံမည်ဖြစ်သည်။ ၎င်းအပြင် အသက် ၁၈ နှစ်နှင့်အထက်ရှိသော နိုင်ငံသားများအား ပြည်တွင်း ခရီးစဉ်များသွားလာနိုင်ရန်အတွက် ထိုင်းဘတ်ငွေ ၅၀၀၀ ထောက်ပံ့ပေးရန် ထိုင်းအစိုးရအဖွဲ့က အတည်ပြုခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# လျှပ်စစ်မိန်းဘုတ်ခုံ အပူလွန်ကဲရာမှ ဂျုံစက်ရုံ မီးလောင်

**နေပြည်တော် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွှေပြည်သာစက်မှုဇုန် (၃) ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ အမှတ် (၁၀၃/ ၁၀၆) ပိုင်ရှင် ဦးကြူ၏ ဂျုံစက်ရုံရှိ G-3 ဂိုဒေါင်၌ လျှပ်စစ်မိန်းဘုတ်ခုံအပူလွန်ကဲရာမှ မီးကူးစက်လောင်မှု မတ် ၁၉ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဖြစ်ပွားခဲ့သည်။



အဆိုပါမီးလောင်မှုအား ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်စခန်း၊ အင်းစိန်မြို့နယ် မီးသတ်စခန်း၊ ရွှေပြည်သာမြို့နယ် မီးသတ်စခန်း၊ တညင်းကုန်းနယ်မြေ မီးသတ်စခန်း၊ ရွှေပြည်သာစက်မှုဇုန်နယ်မြေမီးသတ်စခန်းနှင့် ရွှေလင်ပန်းစက်မှုဇုန် သီးသန့်မီးသတ်စခန်းတို့မှ မီးငြိမ်းသတ်ယာဉ် ရှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး စုစုပေါင်း မီးသတ်ယာဉ် ၁၀ စီးဖြင့် သန္ဓေ၊ အရန်နှင့် သီးသန့်တပ်ဖွဲ့ဝင်များက မွန်းလွဲ ၃ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုကြောင့် သိုလှောင်ထားသော ပီနံအိတ်ခွံများ အပါအဝင် ယာဉ်နှစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သိရသည်။

**အောင်မျိုး**

# ရပ်တန့်ထားသည့် ၂၂ ဘီးယာဉ်အား တိုက်မိပြီး သုံးဘီးဆိုင်ကယ်မောင်းနှင်သူ သေဆုံး

**ရေတာရှည် မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ဆွာမြို့ မြောက်ပိုင်း ပိတောက်မြိုင်ရပ်ကွက်အနီး ရန်ကုန်-မန္တလေးကားလမ်းတွင် မတ် ၂၂ ရက် ည ၁၀ နာရီခွဲခန့်က စက်ချို့ယွင်း၍ ရပ်တန့်ထားသော ၂၂ ဘီးယာဉ်၏ နောက်ပိုင်းအား သုံးဘီးဆိုင်ကယ်တစ်စီးက အရှိန်လွန်ဝင်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာသို့ ဆွာနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် ရွှက်ဝါနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ ငွေထွန်း မောင်းနှင်သည့် သုံးဘီးဆိုင်ကယ်သည် မိုင်တိုင် (၁၈၆/၇) အနီး ၁၅ ပေခန့်အကွာ၌ ပလတ်စတစ်ပုံးများ ချထားပြီး ယာဉ်နောက်ပိုင်းတွင် ရောင်ပြန်နှင့် အချက်ပြမီးများဖွင့်လျက် စက်ချို့ယွင်း၍ရပ်တန့်ထားသော ၂၂ ဘီးယာဉ်၏ နောက်ပိုင်း ဝဲဘက်ခြမ်းကို အရှိန်လွန်ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ငွေထွန်းမှာ ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ၎င်းအား ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**





အထောက်အထားမဲ့ ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးများဆိုဒ်စုံနှင့် ပစ္စည်းတင်ဆောင်လာသော ယာဉ်သုံးစီးအား တွေ့ရစဉ်။

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် မတ် ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၇၁၀၊ သွင်းကုန် ၁၄၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉ ဒသမ ၈၅၀ သန်းတန်ဖိုးရှိ တရားဝင်အထောက်အထား တင်ပြနိုင်ခြင်းမရှိသော 8H-8781 ယာဉ်တစ်စီးပေါ်တွင် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများဆိုဒ်စုံ ကီလိုဂရမ် ၁၃၆၀၊ 8I – 3485 ယာဉ်တစ်စီးပေါ်တွင် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများဆိုဒ်စုံ ကီလိုဂရမ် ၁၇၄၀၊ 1N– 7072 ယာဉ်တစ်စီးပေါ်တွင် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများဆိုဒ်စုံ ၁၀၉၅ ကီလိုဂရမ်နှင့် ပစ္စည်းတင်ဆောင်လာသော ယာဉ်သုံးစီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့နယ်၌ လေပြင်းတိုက်ခတ်၍ နေအိမ်နှင့် စာသင်ကျောင်းအချို့ အမိုးလန်ပျက်စီး

**ကျိုက်မရော မတ် ၂၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အတ္တရံကျေးရွာအုပ်စု ပေါလောကျေးရွာတွင် မတ် ၂၂ ရက် ညနေ ၄ နာရီခန့်က လေပြင်းများပြင်းထန်စွာတိုက်ခတ်မှုကြောင့် အဆိုပါကျေးရွာရှိ လူနေအိမ်များ၊ မူလတန်းကျောင်းတစ်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းရှိ သွပ်ချပ်များလန်ထွက်ကာ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။



လေပြင်းများတိုက်ခတ်မှုကြောင့် ပေါလောကျေးရွာရှိ နေအိမ် ၁၉ လုံးမှာ အမိုးများလန်ခြင်း၊ တဲအိမ်နှစ်အိမ်ပျက်စီးခြင်း၊ မူလတန်းကျောင်းရှိ သွပ်မိုးများ အမိုးလန်ပျက်စီးခြင်း၊ ပေါလောဘုန်းတော်ကြီးကျောင်းရှိ သွပ်မိုးများ အမိုးလန်ပျက်စီးဆုံးရှုံးခြင်း၊ သိမ်ဓမ္မာရုံရှိ သွပ်မိုးများ ပျက်စီးခြင်းများဖြစ်ပွားကာ လူနှင့် အခြားတိရစ္ဆာန်များ သေကျေပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မော်ရှည်ကုန်းရပ်ကွက်၌ နေအိမ်တစ်လုံး မီးလောင်

**သရက်ချောင်း မတ် ၂၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့ မော်ရှည်ကုန်းရပ်ကွက် ရတနာလမ်း၌ မတ် ၂၃ ရက် နံနက် ၁ နာရီခန့်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်ရှည်ကုန်းရပ်ကွက်နေ ဒေါ်ကြည်သိန်း၏ နေအိမ်ရှေ့တွင်ထားရှိသော မီတာဘောက် ဝါယာရှော့ဖြစ်၍ မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်သည့်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထိုက်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးသက်နိုင်လွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ရပ်ကွက်သူ ရပ်ကွက်သားများက မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကာ မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်ကြည်သိန်းအား သရက်ချောင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု Elementary-1 Course သင်တန်းသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှုဝန်ထမ်းများ တက်ရောက်

**နေပြည်တော် မတ် ၂၃**

Basic English for Ministry Staff အစီအစဉ်၏ Elementary -1 Course သင်တန်းကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် ကျင်းပခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနား၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအနေဖြင့် အင်္ဂလိပ်ဘာသာ အရည်အသွေးကောင်းမွန်စေရန် လမ်းညွှန်မှာကြားပါကြောင်း၊ ယင်းလမ်းညွှန်မှာကြားချက်အပေါ် ပြန်ကြားရေးဝန်ကြီးဌာနက ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေးပြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအစီအစဉ်ဖြင့် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ရတောင့်ရခဲ အခွင့်အရေးတစ်ရပ်အဖြစ် ခံယူပြီး ကြိုးစားသင်ယူကြရန်ဖြစ်ကြောင်း မှာကြားသည်။

ယခုသင်တန်းကို ပြန်ကြားရေးဝန်ကြီးဌာန၏ ညှိနှိုင်းပေးမှုဖြင့် ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် Basic English for Ministry Staff အစီအစဉ်၏ Elementary-1 Course အဖြစ် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုသင်တန်းကျောင်း (နေပြည်တော်)မှ



ဆရာ ဆရာမများက တစ်ပတ်လျှင်နှစ်ရက် ၂၀၂၁ ခုနှစ် မေ ၁၂ ရက်အထိ ပို့ချမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်း ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊



နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံနှင့် မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံများရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သည်။ ထို့ကြောင့် ယနေ့တွင် တိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့အား အဆိုပါဆေးရုံများသို့ စေလွှတ်ခဲ့ရာ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူအင်အား ၂၀၀ ခန့်က လှိုက်လှဲစွာကြိုဆိုခဲ့ကြကြောင်း သိရှိရပြီး အဆိုပါဆေးရုံများရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံတက်ဒေသခံပြည်သူများအတွက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဆေးရုံသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ



**နေပြည်တော် မတ် ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၈၉၅၅၁ ဦး၊ အတွင်းလူနာ ၄၁၀၂ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၄၁၂၀၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၁၉၃ ဦး စုစုပေါင်း ၆၃၁၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၂၅၉ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၄၁၅ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၅၆၇၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# ရောရောယောင်ယောင်နဲ့ သူများတွေကိုပဲ လိုင်းပေါ်ကနေ မြှောက်ပင့်ပေးပြီး သူတို့ကတော့ နေနိုင်စားနိုင်သူမို့ အိမ်ထဲကမထွက်တဲ့သူတွေလည်း အများကြီး။ လမ်းပေါ်ထွက်ခိုင်းတာက ဝန်ထမ်းတွေ၊ အခြေခံပြည်သူတွေကိုပါ။ ဒါကြောင့် ပြည်သူ အချင်းချင်းတော့ အပြစ်မမြင်စေချင်ဘူး။

**မမွန်မွန်အောင်**

**ဒီမိုကရေစီသဘောတရားအရ မိမိနှင့် သဘောဆန္ဒမတူညီမှုကိုလည်း အသိအမှတ်ပြု လေးစားရမည်ဖြစ်သည်။ သဘောဆန္ဒမတူညီမှုများကို ရှေ့သို့တင်၍ တည်ငြိမ်မှုမရှိသော၊ အေးချမ်းမှုမရှိသော အခြေအနေတစ်ခုဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်နိုင်မည်မဟုတ်ပေ။ ယခုအခါ လူတချို့က နိုင်ငံအေးချမ်းတည်ငြိမ်မှုမရှိစေရန် အဖျက်အမှောင့်လုပ်ရပ်များကို သွေးထိုးလှုံ့ဆော်ခြင်း၊ မြှောက်ပင့်အားပေးခြင်းတို့ဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသို့ ဦးတည်လျှောက်လှမ်းမှုကို ဆန့်ကျင်လျက်ရှိသည်။ ထိုသို့ အဖျက်အမှောင့်လုပ်ရပ်များနှင့်ပတ်သက်၍ လတ်တလော ကြုံတွေ့ခံစားနေရသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို ပြန်လည်ဖော်ပြအပ်ပါသည်။**

"လမ်းပေါ်ထွက်လို့ ပြောနေတာကတော့ ဒီမိုကရေစီဆိုပြီး တစ်ပြားသားမှ မလျော့ဘူး။ ဒီမိုကရေစီသဘောအရ ဆန္ဒပြရမယ်ဆိုပဲ။ ဒီမိုကရေစီ.. ဒီမိုကရေစီနဲ့ ဆန္ဒပြတာကိုလည်း ဒီမိုကရေစီလို့ တထစ်ချလိုရာဆွဲပြောနေတော့ ခက်တယ်ဗျာ။ ဒီလောက်က သည်းခံလို့ရသေးတယ်။ ကိုယ်ယုံကြည်တာကို လက်ခံဖို့ တခြားသူတွေလည်း ရုံးမတက်ရဘူး၊ ဘယ်သူမှ ဘာအလုပ်မှ မလုပ်ရဘူး၊ တော်လှန်ရေးပဲ လုပ်ရမယ်၊ မလုပ်ရင် နိုင်ငံတော်ကို သစ္စာဖောက်တာလို့ ပြောဆိုလှုပ်ရှားနေကြတာတွေကတော့ မဟုတ်တော့ဘူး။ လူတိုင်းမှာ စားဝတ်နေရေးရှိတယ်လေ။ ကိုယ့်အကြောင်းနဲ့ကိုယ် ရှိကြတာပါ။ ဒါကို နားလည်ပေးရမယ်။ လမ်းပေါ်မထွက်လို့၊ သူယုံကြည်ရာကို လိုက်မလုပ်လို့ တခြားသူကို အကြမ်းဖက်တာတွေတော့ မလုပ်သင့်ဘူး။ ဒါမျိုးကို ဒီမိုကရေစီ မခေါ်ပါဘူး။ မင်းမဲ့စရိုက်အစစ်ဖြစ်နေတာ" ဟု မရမ်းကုန်းမြို့နယ်အတွင်း နေထိုင်သည့် အငြိမ်းစားဝန်ထမ်း ဦးလှထွန်း(အမည်လွှဲ)က ပြောပြသည်။

အများပြည်သူ သွားလာရာလမ်းများကို လမ်းများပိတ်ဆို့ထားပြီး ခဲ၊ လေးခွ၊ ဂျင်ကလိ၊ ခါတ်ဆီပုလင်း၊ လက်လုပ်မိုင်း၊ လုပ်သေနတ်စသည့် အန္တရာယ်ရှိသည့် လက်နက်ပစ္စည်းများ ကိုင်ဆောင်ကာ အကြမ်းဖက်မှုများ လုပ်ဆောင်နေမှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်ကြရသည်။ ထို့အပြင် အပြစ်မဲ့ပြည်သူများကို ရုံးမတက်စေရန်၊ လမ်းပေါ်ထွက်စေရန်၊ အကြမ်းဖက်မှုများတွင် ပါဝင်လာစေရန် ခြိမ်းခြောက်မှုများကိုလည်း လုပ်ဆောင်လျက်ရှိသည်။

"တစ်ခါတလေလည်း တွေးမိတယ်။ ဘယ်သူက ဘယ်လိုသွားချောက်တွန်းလို့ ဒုက္ခရောက်မလဲ စဉ်းစားနေရတော့ အလုပ်ကပဲထွက်လိုက်ရင် ကောင်းမလားလို့။ သတင်းပေးဆိုတာမျိုး၊ ဒလန်ဆိုတာမျိုး၊ သစ္စာဖောက်ဆိုတာမျိုးတွေနဲ့ အကြမ်းဖက်ခံရတာတွေ ကြားသိနေရတော့ လုံခြုံတယ်လို့ မခံစားရဘူး။ မလုပ်သင့်တာတွေဆိုတာကို မသိတော့ဘူးထင်ပါတယ်။ ကိုယ်ကလည်း ကိုယ့်အခြေအနေနဲ့ကိုယ်၊ အလုပ်ရှိမှ လစာရှိမှ ဖြစ်မှာလေ။ အိမ်မှာ အဖေအို၊ အမေအိုရှိသေးတယ်။ အခုလိုအချိန်မှာ စားဝတ်နေရေး ခက်ခဲတဲ့သူတွေ ပိုပေါမှာလို့ တွေးမိရင်လည်း စိတ်မကောင်းဘူး။ ဒီလိုအခြေအနေတွေနဲ့ ကိုဗစ်ကြောင့်ခက်ခဲခဲ့တဲ့ စီးပွားရေးက ပိုခက်ခဲမှာ။

"ရောရောယောင်ယောင်နဲ့ သူများတွေကိုပဲ လိုင်းပေါ်ကနေ မြှောက်ပင့်ပေးပြီး သူတို့ကတော့ နေနိုင်စားနိုင်သူမို့ အိမ်ထဲကမထွက်တဲ့သူတွေလည်း အများကြီး။ လမ်းပေါ်ထွက်ခိုင်းတာက ဝန်ထမ်းတွေ၊ အခြေခံပြည်သူတွေကိုပါ။ ဒါကြောင့် ပြည်သူအချင်းချင်းတော့ အပြစ်မမြင်စေချင်ဘူး။ ကျွန်မ ဒီမိုကရေစီတွေ၊ နိုင်ငံရေးတွေကို ထဲထဲဝင်ဝင် နားမလည်ပါဘူး။ ဒါပေမယ့် အေးအေးချမ်းချမ်းနဲ့ အဖေနဲ့အမေကို လုပ်ကျွေးချင်တယ်။ အခုကတော့ ရုံးတောင် ဈေးဝယ်သလိုလို၊ ဆေးဝယ်သလိုလို၊ အမျိုးအိမ်သွားသလိုလိုနဲ့ ကြံဖန်သွားနေရတာ။ ကိုယ့်အခြေအနေ၊ သူ့အခြေအနေကို နားလည်ပေးနိုင်ကြပါစေလို့ပဲ ပြောချင်ပါတယ်" ဟု ဗဟန်းမြို့နယ် ဌာနဆိုင်ရာတစ်ခုတွင် အငယ်တန်းစာရေး တာဝန်ထမ်းဆောင်နေသော မမွန်မွန်အောင် (အမည်လွှဲ)က ဆိုသည်။

"သမီးလေးကို အန္တရာယ်ကင်းစေချင်တယ်။ ကိုယ်တွေက လူအိုတွေ မဟုတ်လား၊ သူ့မှာ အမေအို၊ အဖေအိုအတွက် ဒီအခြေအနေတွေနဲ့ အလုပ်လုပ်နေရတာ။ လမ်းထွက်သွားရင်တော့ မိဘလုပ်ကျွေးတဲ့ သားသမီးဆိုပြီး နဖူးမှာ စာမပါတော့ ဒုက္ခပေးတဲ့သူတွေနဲ့ ကြုံမှာကို စိတ်ပူရတယ်။ နိုင်ငံရေးနဲ့ပတ်သက်ပြီး ခေတ်အဆက်ဆက် အမြင်မတူတာတွေရှိတာပဲ။ တစ်သဘောတည်း ဘယ်ရှိလို့လဲ။ ကိုယ့်လုပ်ရပ်ကြောင့် အပြစ်မဲ့တဲ့သူတွေ ဒုက္ခမရောက်ပါစေနဲ့" ဟု မမွန်မွန်အောင် (အမည်လွှဲ) ၏ ဖခင် ဦးထွန်းအောင်(အမည်လွှဲ) က ပြောပြသည်။

ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို နည်းလမ်းမျိုးစုံဖြင့် ဖောက်ဖျက်ကျူးလွန်ပြီး ဆူပူအကြမ်းဖက်မှုများ နိုင်ငံအနှံ့ ဖြစ်ပွားအောင် ရည်ရွယ်လုပ်ဆောင်နေသည်။ CDM အောင်မြင်ပြီး အစိုးရယန္တရား ပျက်ပြားရမည်ဟု ရည်မှန်းလုပ်ဆောင်နေသော်လည်း လက်ရှိအခြေအနေတွင် ပြည်သူများသာ အထိတ်တလန့် မလုံခြုံမှုကို ခံစားကြုံတွေ့နေရသည်။

"အခုအချိန်က ရိုးရိုးသားသား ရှာဖွေစားသောက်နေရတဲ့သူတွေအတွက် စီးပွားဖြစ်ဖို့ မတွေးနိုင်တဲ့အခြေအနေပါ။ ကျွန်မက လမ်းဘေးထမင်းဆိုင် ဖွင့်တာဆိုတော့ လာစားတဲ့သူ ရောင်းရတာလေ။ ထမင်းဆိုင်အလုပ်ဆိုတာ လက်လီစိတ် လုပ်ရတဲ့အလုပ်၊ ကိုယ့်အလုပ်နဲ့ကိုယ် မအားရတော့ လာစားတဲ့သူ ရောင်းလိုက်တာပဲ။ ရဲတပ်ဖွဲ့ဝင်ကို ရောင်းမိမှန်းလည်း မသိပါဘူး။ ဟိုတစ်လောက အဲဒီလို ရဲကို ထမင်းရောင်းပါတယ်ဆိုပြီး ဖေ့စ်ဘွတ်မှာ ဘယ်သူက ပို့စ်စတင်မှန်းမသိပါဘူး၊ ဝယ်မစားကြနဲ့ဆိုပြီး ရေးတင်တယ်။ အကြီးအကျယ်ရောင်းတဲ့ ထမင်းဆိုင်မဟုတ်ပါဘူး။ လမ်းဘေးထမင်းဆိုင်ရှင်၊ တစ်နေ့လုပ် တစ်နေ့စားပါ။ ကိုယ့်ဘာသာ ကောင်းရောင်းကောင်းဝယ် လုပ်စားနေတာမို့ စိတ်တော့ မကောင်းဘူး။ အခုကတော့ ဆိုင်ခဏပိတ်ထားပါတယ်။ ကိုယ့်လိုမျိုး ဘာမသိ၊ ညာမသိနဲ့ အပြစ်မဲ့တဲ့ ပြည်သူတွေ ဒုက္ခမရောက်စေချင်ဘူး။ ပြည်သူအချင်းချင်း ဒုက္ခမပေးကြပါနဲ့" ဟု မန္တလေးမြို့တွင် ထမင်းဆိုင်ဖွင့်သူ မအေးလှ (အမည်လွှဲ) က ရင်ဖွင့်ပြောပြသည်။

"ကိုဗစ်ကြောင့် တက္ကစီက အလုပ်မဖြစ်လို့ စဉ်းစားနေတုန်း အခုလို မတည်ငြိမ်တော့ အလုပ်က ပိုခက်ပါတယ်။ ကျွန်တော်က ကျွဲဆည်ကန်ကားကြီးကွင်းနားနဲ့ မြို့ထဲမှာ တက္ကစီဆွဲပါတယ်။ အေးဆေးတည်ငြိမ်မှ ဝင်ငွေရှာရလွယ်ကူတဲ့ ကျွန်တော်တို့လိုလူတွေက ဆူပူတာတွေ မကြိုက်ဘူး။ ပြီးတော့ လမ်းပေါ်မှာ စားဝတ်နေရေးအတွက် လှုပ်ရှားသွားလာနေရတဲ့သူဆိုတော့ လမ်းပေါ်ကအခြေအနေကို မြင်နေရတယ်။ ဆန္ဒပြမှုတွေဟာ ရက်ကြာလာတာနဲ့အမျှ အကြမ်းဖက်မှု လုပ်ဆောင်တဲ့သူတွေ ရောယောင်ပါလာတယ်။ အကြမ်းဖက်မှုလုပ်တော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူတွေပဲ ထိပ်တိုက်တွေ့ပြီး စိတ်မကောင်းစရာတွေ ကြားရမြင်ရတာပါ"ဟု မန္တလေးမြို့မှ အငှားယာဉ်မောင်း ကိုမိုးကျော် (အမည်လွှဲ)က ဆိုသည်။

CDM လှုပ်ရှားမှုများမှတစ်ဆင့် ဆက်နွှယ်ပါလာသော ဆူပူအကြမ်းဖက်မှုများသည် ပြည်သူများလိုလားသည့် ဒီမိုကရေစီပုံဖော်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ဒီမိုကရေစီ အနှစ်သာရကို ခံစားလိုသော်လည်း လူမှုစီးပွားဘဝများပင် အခက်တွေ့ကြုံနေရသည့် ပြည်သူများ၏ လက်တွေ့အခြေအနေကို ခံစားသိမြင်နိုင်ရန် စုစည်းဖော်ပြအပ်ပါသည်။

**ပြည့်မှူး**

**ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ**

## ကောလာဟလတွေကို ဖေ့စ်ဘွတ်လိုလူမှုကွန်ရက် စာမျက်နှာပေါ်မှာ ဖြန့်ဝေသူတွေနဲ့ အခြေအမြစ်မရှိတဲ့စကားတွေပြောဆိုနေသူတွေကို အရေးယူဆောင်ရွက်ပေးပါ

**အယ်ဒီတာရှင့်–**

ကျွန်မကတော့ ကျေးလက်နေပြည်သူတစ်ဦးဖြစ်ပါတယ်ရှင့်။ ကျွန်မမှာ သားလေးတစ်ဦးနဲ့ အရွယ်မရောက်သေးတဲ့ သမီးလေးတစ်ဦး ရှိပါတယ်။ သူတို့ရဲ့အဖေကတော့ လွန်ခဲ့တဲ့နှစ်နှစ်လောက်က ဆုံးသွားပါတယ်။ အခုဆိုရင် ကျွန်မတို့မှာ သားအမိသုံးယောက်တည်းပဲ ရှိပါတော့တယ်။ ကျွန်မသားကတော့ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကျွန်မတို့သားအမိ နှစ်ယောက်ကတော့ ရွာကအိမ်မှာဖွင့်ထားတဲ့ ဈေးဆိုင်လေးမှာပဲ တစ်ပိုင်တစ်နိုင် ဈေးရောင်းပါတယ်။

ဈေးလာဝယ်သူတွေနဲ့ ဖြတ်သွားဖြတ်လာသူတွေ အတော်များများဟာ ကျွန်မသားလေး CDM မလုပ်တာကို အကြောင်းပြုပြီး ခြိမ်းခြောက်သလိုလို၊ လှောင်ပြောင်သလိုလို၊ ခနဲ့သလိုလိုလုပ်နေတာတွေကို သည်းခံပြီး နေနေရပါတယ်။ အဆိုးဆုံးကတော့ နေပြည်တော်ကို တိုက်ခိုက်တော့မှာ၊ ဘာဖြစ်တော့မှာ၊ ညာဖြစ်တော့မှာဆိုပြီး ဖေ့စ်ဘွတ်စာမျက်နှာတွေမှာ တင်ထားတာတွေကို လာပြောနေတာတွေ ရှိလာပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့လည်း သားလေးကို ပြန်မခေါ်သေးဘူးလား၊ ပြန်ခေါ်ထားတော့လေ၊ CDM လုပ်ခိုင်းလိုက်တော့လေဆိုတာလည်းရှိလာပါတယ်။ ဒါကလည်း လုံးဝအဓိပ္ပာယ်မရှိသလို ယုံလည်းမယုံကြည်ပါဘူး။ အခြေအမြစ်မရှိတဲ့ ကောလာဟလသတင်းရင်းမြစ်တွေပဲဆိုတာ ကျွန်မသုံးသပ်မိပါတယ်။ ဒီလိုအသိဉာဏ်မဲ့တဲ့ လုပ်ရပ်တွေက စကားနဲ့တစ်မျိုး၊ အွန်လိုင်းနဲ့တစ်မျိုး ဝါဒဖြန့်နေတာကို မြင်တွေ့၊ ကြုံတွေ့နေရတာတွေဟာ ကြိမ်ဖန်များလာတော့ သည်းမခံနိုင်လောက်အောင် ဖြစ်ရပါတယ်။

နေ့စဉ်နဲ့အမျှ ခြိမ်းခြောက်၊ လှောင်ပြောင်၊ ခနဲ့တာတွေ မြင်တွေ့ကြားသိ၊ ကြုံတွေ့နေရသူတွေရဲ့ကိုယ်စား ဒီလိုကောလာဟလတွေကို ဖေ့စ်ဘွတ်လိုလူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖြန့်ဝေသူတွေနဲ့ အခြေအမြစ်မရှိတဲ့ စကားတွေပြောဆိုနေသူတွေကို တာဝန်ရှိသူတွေအနေနဲ့ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးနိုင်ပါရန် ကြေးမုံ အယ်ဒီတာထံမှတစ်ဆင့် တင်ပြလိုက်ရပါတယ်။

**ကျေးလက်နေပြည်သူတစ်ဦး**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိစစ်သည်များ၏ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂၃**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ကွန်ဟိန်းမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ သထုံမြို့နှင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ မြောက်ဦးမြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း ၁၃ ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ မြောက်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၅ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဝမ်ဟုန်ကျေးရွာရှိကောင်းဆန်းဘုန်းတော်ကြီးကျောင်း၊ ဝမ်ဟုန်ပန့်ဘုန်းတော်ကြီးကျောင်းနှင့် မိုက်ညောင်ဘုန်းတော်ကြီးကျောင်းများရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို တပ်မတော်ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## (၇၆)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံဆေးတပ်ရင်းသို့ အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် မတ် ၂၃**

(၇၆)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ ဆေးတပ်ရင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိ၊ စစ်သည်၊ သူနာပြုများနှင့် ဆေးရုံတက်လူနာများအတွက် အလှူရှင်များက အလှူငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရေးဦးစွာ အလှူရှင်ဖြစ်သည့် ဦးကျော်နေဝင်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူငွေကျပ်သိန်း ၁၂၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ်ကော်မရှင်စာရင်း | လဝက စာရင်း | နိုင်ငံသားစိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မဲရုံပေါင်း ၁၆၉ ရုံ | ၁၆၇၀၂၀ | ၁၄၃၅၄၃ | ၃၈၆၆၉ | ၁၈၆၉ | ၁၈၉၆၀ |
| ၂ | ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မဲရုံပေါင်း ၁၅၃ ရုံ | ၁၃၂၃၆၈ | ၁၁၄၄၀၄ | ၂၃၈၄၀ | ၉၄၅၈ | ၁၅၄၃၀ |
| ၃ | ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မဲရုံပေါင်း ၂၁၄ ရုံ | ၂၁၀၆၈၈ | ၁၉၅၇၇၅ | ၄၂၁၈၉ | ၂၆၂၃၈ | ၂၆၃၈ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၅၃၆ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၇၁၅၀၈ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၄၇၃၄၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၂၄၁၆၁၊ မြေပြင်လက်ကျန် ၂၁၁၂၇၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၂၉၆၂၂ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၆၇၃၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများသတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင်ရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရေတာရှည်မြို့နယ် | ၁၆၉ | ၁၈၇၇၀၀ | ၁၁၈၆၂၁ | ၆၉၀၇၉ | ၆၅၆၈၅ | ၅၅၅၆ | ၂၁၆၂ |
| ၂ | အုတ်တွင်းမြို့နယ် | ၁၅၃ | ၁၅၄၇၀၈ | ၉၀၁၆၉ | ၆၄၅၃၉ | ၆၀၆၁၅ | ၁၅၄၆၁ | ၁၁၅၃၇ |
| ၃ | ဖြူးမြို့နယ် | ၂၁၄ | ၂၂၉၁၀၀ | ၁၃၈၅၅၇ | ၉၀၅၄၃ | ၈၄၉၇၁ | ၈၆၀၅ | ၃၀၃၃ |
| | စုစုပေါင်း | ၅၃၆ | ၅၇၁၅၀၈ | ၃၄၇၃၄၇ | ၂၂၄၁၆၁ | ၂၁၁၂၇၁ | ၂၉၆၂၂ | ၁၆၇၃၂ |

**ရေတာရှည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်တွင် ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ မဲရုံပေါင်း ၁၆၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၈၇၇၀၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၁၈၆၂၁၊ ကျန်ရှိရမည့် အရေအတွက်မှာ ၆၉၀၇၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၅၆၈၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၇၇၅၅၀ | ၁၁၆၇၅၉ | ၆၀၇၉၁ | ၅၅၆၃၅ | ၅၅၅၆ | ၄၀၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၈၆၂ | ၁၈၆၂ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၈၂၈၈ | | ၈၂၈၈ | ၁၀၀၅၀ | | ၁၇၆၂ |
| | စုစုပေါင်း | ၁၈၇၇၀၀ | ၁၁၈၆၂၁ | ၆၉၀၇၉ | ၆၅၆၈၅ | ၅၅၅၆ | ၂၁၆၂ |



ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည်ကို တွေ့ရစဉ်။

၆။ ရေတာရှည်မြို့နယ်၊ ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စုရှိ မဲရုံ ၁၆၉ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၅၅၅၆ ပျောက်ဆုံးနေပြီး ၄၀၀ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၈၂၈၈ ဖြစ်သော်လည်း မြေပြင်တွင် ၁၀၀၅၀ ကျန်ရှိသဖြင့် မဲလက်မှတ် ၁၇၆၂ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၇။ ရေတာရှည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရွာမရပ်ကွက် | ၁ | ၂၁၅၀ | ၁၅၀၁ | ၆၄၉ | ၆၄၉ | | |
| ၂ | ဈေးရပ်ကွက် | ၁ | ၁၁၀၀ | ၇၄၄ | ၃၅၆ | ၃၅၆ | | |
| ၃ | ပေကုန်းရပ်ကွက် | ၁ | ၂၃၀၀ | ၁၅၄၈ | ၇၅၂ | ၇၅၂ | | |
| ၄ | မြို့လှ(၃)ရပ်ကွက် | ၂ | ၂၇၀၀ | ၁၇၈၁ | ၉၁၉ | ၉၁၉ | | |
| ၅ | မြို့လှ(၄)ရပ်ကွက် | ၂ | ၂၁၀၀ | ၁၂၅၄ | ၈၄၆ | ၅၉၆ | ၂၅၀ | |
| ၆ | မြို့လှ(၅)ရပ်ကွက် | ၂ | ၃၂၅၀ | ၂၄၃၀ | ၈၂၀ | ၈၂၀ | | |
| ၇ | ဘိုးတော်ကုန်းကျေးရွာအုပ်စု | ၂ | ၃၁၀၀ | ၂၀၆၄ | ၁၀၃၆ | ၁၀၃၆ | | |
| ၈ | ပီတူးကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၀၅၅ | ၅၄၅ | ၅၄၅ | | |
| ၉ | ဝါးရုံတောကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၃၂၅ | ၄၇၅ | ၄၇၅ | | |
| ၁၀ | ကဲလင်းဆိပ်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၀၇၉ | ၅၇၁ | ၅၇၁ | | |
| ၁၁ | ကျွဲရိုင်းပြင်ကျေးရွာအုပ်စု | ၄ | ၃၄၀၀ | ၁၉၂၈ | ၁၄၇၂ | ၁၄၇၂ | | |
| ၁၂ | ဆင်ဝွေကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၆၃၉ | ၈၆၁ | ၇၆၁ | ၁၀၀ | |
| ၁၃ | ညောင်ပင်သာကျေးရွာအုပ်စု | ၄ | ၂၆၅၀ | ၁၈၀၃ | ၈၄၇ | ၈၄၇ | | |
| ၁၄ | အင်ဒိုင်းကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၂၀၀၉ | ၁၁၉၁ | ၁၁၉၁ | | |
| ၁၅ | ဒိုးတန်းကျေးရွာအုပ်စု | ၄ | ၃၇၀၀ | ၂၆၅၁ | ၁၀၄၉ | ၉၄၉ | ၁၀၀ | |
| ၁၆ | မိချောင်းအိုင်ကျေးရွာအုပ်စု | ၄ | ၂၇၅၀ | ၁၇၀၇ | ၁၀၄၃ | ၇၄၃ | ၃၀၀ | |
| ၁၇ | ငါးကြီးကွေ့ကျေးရွာအုပ်စု | ၂ | ၃၉၅၀ | ၂၅၄၈ | ၁၄၀၂ | ၁၄၀၂ | | |
| ၁၈ | ရွှေကဇောင်းကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၂၁၇၄ | ၁၀၇၆ | ၁၀၂၆ | ၅၀ | |
| ၁၉ | ကွမ်းအုံကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၇၈၃ | ၆၁၇ | ၄၆၇ | ၁၅၀ | |
| ၂၀ | စီပိုင်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၅၇၂ | ၈၂၈ | ၈၂၈ | | |
| ၂၁ | ကျိုပ်ပတီးကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၅၈၇ | ၇၁၃ | ၆၁၃ | ၁၀၀ | |
| ၂၂ | ဆွာရွာမကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၀၉ | ၅၉၁ | ၅၉၁ | | |
| ၂၃ | ပိတောက်ကုန်းကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၁၇၇၂ | ၁၁၇၈ | ၁၀၇၂ | ၁၀၆ | |
| ၂၄ | နကျပ်ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၂၇ | ၄၂၃ | ၄၂၃ | | |
| ၂၅ | ကြာအင်းကုန်းကျေးရွာအုပ်စု | ၃ | ၃၇၀၀ | ၂၄၄၉ | ၁၂၅၁ | ၁၂၅၁ | | |
| ၂၆ | ကက္ကူကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၁၆၅ | ၉၈၅ | ၇၃၅ | ၂၅၀ | |
| ၂၇ | ဝဲဒေါင့်ကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၅၉ | ၄၄၁ | ၄၄၁ | | |
| ၂၈ | ဒေါင့်အင်းကုန်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၁၁၄ | ၈၃၆ | ၆၈၆ | ၁၅၀ | |

စာမျက်နှာ ၁၉ သို့ ☆



ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည်ကို တွေ့ရစဉ်။

☆ စာမျက်နှာ ၁၈ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂၉ | ဆပ်သေကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၆၂၇ | ၇၇၃ | ၇၇၃ | | |
| ၃၀ | ဇေယျာသိမ်ကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၂၅၄၇ | ၁၂၅၃ | ၁၂၅၃ | | |
| ၃၁ | ရဲကုန်းကျေးရွာအုပ်စု | ၄ | ၅၉၅၀ | ၃၇၄၇ | ၂၂၀၃ | ၁၉၅၃ | ၂၅၀ | |
| ၃၂ | ဘုရားကုန်း(မြို့လှ) ကျေးရွာအုပ်စု | ၂ | ၃၆၀၀ | ၂၂၉၀ | ၁၃၁၀ | ၁၂၆၀ | ၅၀ | |
| ၃၃ | ဗိုလ်တဲရပ်ကွက် | ၁ | ၁၇၅၀ | ၁၂၈၃ | ၄၆၇ | ၄၆၇ | | |
| ၃၄ | ရွှေကြက်ယက်တောင်ရပ်ကွက် | ၁ | ၁၉၀၀ | ၁၂၁၇ | ၆၈၃ | ၆၈၃ | | |
| ၃၅ | ရွှေကြက်ယက်မြောက်ရပ်ကွက် | ၁ | ၁၆၅၀ | ၁၂၃၆ | ၄၁၄ | ၄၁၄ | | |
| ၃၆ | ဆွာမြောက်ပိုင်းရပ်ကွက် | ၄ | ၅၉၀၀ | ၃၉၇၄ | ၁၉၂၆ | ၁၄၂၆ | ၅၀၀ | |
| ၃၇ | ဆွာတောင်ပိုင်းရပ်ကွက် | ၂ | ၃၉၅၀ | ၂၄၂၅ | ၁၅၂၅ | ၈၇၅ | ၆၅၀ | |
| ၃၈ | ရေနီ(၁)ရပ်ကွက် | ၂ | ၂၆၅၀ | ၁၆၈၃ | ၉၆၇ | ၄၁၇ | ၅၅၀ | |
| ၃၉ | ရေနီ(၂)ရပ်ကွက် | ၁ | ၂၀၀၀ | ၁၃၈၁ | ၆၁၉ | ၆၁၉ | | |
| ၄၀ | ရေနီ(၃)ရပ်ကွက် | ၁ | ၂၅၅၀ | ၁၇၇၃ | ၇၇၇ | ၇၇၇ | | |
| ၄၁ | ရေနီ(၄)ရပ်ကွက် | ၃ | ၃၉၀၀ | ၂၈၇၇ | ၁၀၂၃ | ၈၂၃ | ၂၀၀ | |
| ၄၂ | မြို့လှ(၁)ရပ်ကွက် | ၃ | ၂၄၅၀ | ၁၆၇၈ | ၇၇၂ | ၇၇၂ | | |
| ၄၃ | မြို့လှ(၂)ရပ်ကွက် | ၂ | ၂၁၅၀ | ၁၄၆၆ | ၆၈၄ | ၅၈၄ | ၁၀၀ | |
| ၄၄ | ခင်တန်းကြီးကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၄၇၅ | ၇၂၅ | ၆၂၅ | ၁၀၀ | |
| ၄၅ | ကျန်သနွယ်ကျေးရွာအုပ်စု | ၆ | ၄၅၅၀ | ၃၁၈၅ | ၁၃၆၅ | ၁၄၁၅ | | ၅၀ |
| ၄၆ | ပေါက်ချောင်းကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၁၆၉ | ၈၃၁ | ၇၈၁ | ၅၀ | |
| ၄၇ | ပိတောင်ခင်ကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၄၀၂ | ၈၄၈ | ၆၉၈ | ၁၅၀ | |
| ၄၈ | သပြေတန်းကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၁၄၉ | ၅၅၁ | ၅၅၁ | | |
| ၄၉ | ဇလုပ်ကြီးကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၈၃ | ၃၆၇ | ၃၆၇ | | |
| ၅၀ | ကွင်းကြီးကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၁၇၄ | ၈၇၆ | ၆၂၆ | ၂၅၀ | |
| ၅၁ | ကုန်းကြီးကျေးရွာအုပ်စု | ၄ | ၂၈၅၀ | ၁၈၀၈ | ၁၀၄၂ | ၈၉၂ | ၁၅၀ | |
| ၅၂ | သိုင်းဝကျေးရွာအုပ်စု | ၆ | ၄၄၀၀ | ၂၇၃၇ | ၁၆၆၃ | ၁၃၁၃ | ၃၅၀ | |
| ၅၃ | ဂုံမင်းကွင်းကျေးရွာအုပ်စု | ၄ | ၃၀၅၀ | ၂၁၅၀ | ၉၀၀ | ၉၀၀ | | |
| ၅၄ | ဆွာမင်းလမ်းကျေးရွာအုပ်စု | ၇ | ၄၃၀၀ | ၃၄၇၀ | ၈၃၀ | ၁၁၈၀ | | ၃၅၀ |
| ၅၅ | စကွေး(မရိုးခုံ) ကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၁၆၄၉ | ၁၂၅၁ | ၁၀၅၁ | ၂၀၀ | |
| ၅၆ | ရေငန်းကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၂၀ | ၅၈၀ | ၅၈၀ | | |
| ၅၇ | (စိုင်း)ဘုရားကုန်း ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၄၆၁ | ၃၈၉ | ၃၈၉ | | |
| ၅၈ | သစ်ပုတ်ပင်ကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၆၇၁ | ၉၂၉ | ၉၂၉ | | |
| ၅၉ | ဆံတော်ပို့ကျေးရွာအုပ်စု | ၄ | ၂၈၅၀ | ၁၇၆၅ | ၁၀၈၅ | ၁၀၈၅ | | |
| ၆၀ | လုံးရမ်းကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၃၀၄ | ၅၄၆ | ၅၄၆ | | |
| ၆၁ | အုတ်ဖိုကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၆၆၉ | ၉၈၁ | ၉၈၁ | | |
| ၆၂ | ချောင်းမကြီးကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၆၈၁ | ၄၆၉ | ၄၆၉ | | |
| ၆၃ | နတ်တောင်ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၁၇၃၈ | ၁၀၁၂ | ၁၀၁၂ | | |
| ၆၄ | သာဂရကျေးရွာအုပ်စု | ၈ | ၁၀၆၀၀ | ၆၆၉၁ | ၃၉၀၉ | ၃၄၅၉ | ၄၅၀ | |
| ၆၅ | ဒေါင်းနန်းကျကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၀၂၇ | ၄၇၃ | ၄၇၃ | | |
| | **ရပ်ကွက်ချုပ်စုစုပေါင်း** | **၁၆၉** | **၁၇၇၅၅၀** | **၁၁၆၇၅၉** | **၆၀၇၉၁** | **၅၅၆၃၅** | **၅၅၅၆** | **၄၀၀** |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၈၆၂ | ၁၈၆၂ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၈၂၈၈ | | ၈၂၈၈ | ၁၀၀၅၀ | | ၁၇၆၂ |
| | **မြို့နယ်ချုပ်စုစုပေါင်း** | **၁၆၉** | **၁၈၇၇၀၀** | **၁၁၈၆၂၁** | **၆၉၀၇၉** | **၆၅၆၈၅** | **၅၅၅၆** | **၂၁၆၂** |

### အုတ်တွင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်တွင် ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၀ အုပ်စု၊ မဲရုံပေါင်း ၁၅၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၅၄၇၀၈၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၀၁၆၉ ဖြစ်ပြီး ကျန်ရှိရမည့်အရေအတွက်မှာ ၆၄၅၃၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၀၆၁၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၅၃၅၄၂ | ၈၉၂၉၇ | ၆၄၂၄၅ | ၅၆၉၉၇ | ၁၅၄၆၁ | ၈၂၁၃ |
| ၂ | မြို့နယ်မဲလက်မှတ် | ၁၁၆၆ | ၈၇၂ | ၂၉၄ | ၂၉၄ | | |
| ၃ | ရပ်/ကျေးမှ ပြန်အပ် | | | | ၃၃၂၄ | | ၃၃၂၄ |
| | စုစုပေါင်း | ၁၅၄၇၀၈ | ၉၀၁၆၉ | ၆၄၅၃၉ | ၆၀၆၁၅ | ၁၅၄၆၁ | ၁၁၅၃၇ |

၉။ အုတ်တွင်းမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၂၅ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၁၅၄၆၁ လျော့နည်းပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၂၆ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၈၂၁၃ ပိုမိုအသုံးပြုထားကြောင်း တွေ့ရှိရပါသည်။

၁၀။ အုတ်တွင်းမြို့နယ်၊ ပေါက်တောကျေးရွာအုပ်စု၊ မဲရုံအမှတ်(၇)အတွက် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းနှင့် လက်ကျန်မဲလက်မှတ်စာအုပ်များ စစ်ဆေးတွေ့ရှိခဲ့ခြင်း မရှိခဲ့ပါ။ ထို့ပြင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ရပ်ကွက်/ကျေးရွာအုပ်စုအချို့မှ ပြန်လည်အပ်နှံထားသည့် မဲလက်မှတ်အရေအတွက် ၃၃၂၄ ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၁။ အုတ်တွင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ပဲခူးလမ်းရပ်ကွက် | ၁ | ၂၃၃၅ | ၁၆၆၄ | ၆၇၁ | ၇၈၆ | | ၁၁၅ |
| ၂ | ခေါင်ရမ်းကျေးရွာအုပ်စု | ၄ | ၄၇၆၂ | ၂၇၉၀ | ၁၉၇၂ | ၁၂၆၀ | ၇၁၂ | |
| ၃ | ဝဲဒေါင့်ကျေးရွာအုပ်စု | ၅ | ၄၂၅၀ | ၂၉၅၉ | ၁၂၉၁ | ၁၄၉၁ | | ၂၀၀ |
| ၄ | သရက်ပင်မောင်နှစ်မ ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၅၃၀ | ၁၀၂၀ | ၁၁၇၀ | | ၁၅၀ |
| ၅ | ကျောင်းရှစ်ဆယ် ကျေးရွာအုပ်စု | ၃ | ၃၈၅၆ | ၃၅၉၃ | ၂၆၃ | ၁၅၀၇ | | ၁၂၄၄ |
| ၆ | ညောင်ပင်ကြီး ကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၂၅၉၅ | ၁၂၀၅ | ၁၁၅၅ | ၅၀ | |
| ၇ | အုန်းပင်ကျေးရွာအုပ်စု | ၄ | ၃၇၉၅ | ၂၂၈၉ | ၁၅၀၆ | ၁၅၁၁ | | ၅ |
| ၈ | ကွြယ်ဂံကျေးရွာအုပ်စု | ၄ | ၄၀၅၀ | ၂၅၈၂ | ၁၄၆၈ | ၁၅၆၈ | | ၁၀၀ |
| ၉ | တောပုကျေးရွာအုပ်စု | ၆ | ၄၅၀၀ | ၂၆၄၄ | ၁၈၅၆ | ၁၆၅၂ | ၂၀၄ | |
| ၁၀ | သံဘိုကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၅၉ | ၂၉၁ | ၃၄၁ | | ၅၀ |
| ၁၁ | ပေါက်တောကျေးရွာအုပ်စု | ၁၆ | ၁၁၅၉၄ | ၅၇၄၂ | ၅၈၅၂ | ၅၀၀၈ | ၈၄၄ | |
| ၁၂ | နတ်စင်ကုန်းကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၃၅၈ | ၇၄၂ | ၆၄၂ | ၁၀၀ | |
| ၁၃ | ဥယျာဉ်တော်ကျေးရွာအုပ်စု | ၅ | ၄၄၅၀ | ၂၇၆၉ | ၁၆၈၁ | ၁၉၃၁ | | ၂၅၀ |
| ၁၄ | ကြံခင်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၆၆၇ | ၈၃၃ | ၅၃၄ | ၂၉၉ | |
| ၁၅ | ကြက်တက်ညောင်ပင် ကျေးရွာအုပ်စု | ၃ | ၂၈၀၀ | ၁၆၅၉ | ၁၁၄၁ | ၁၆၄၁ | | ၅၀၀ |
| ၁၆ | ဝါးတီးကျေးရွာအုပ်စု | ၅ | ၆၀၀၀ | ၄၁၆၂ | ၁၈၃၈ | ၂၀၃၇ | | ၁၉၉ |
| ၁၇ | သာဂရကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၄၄၁ | ၈၀၉ | ၆၀၉ | ၂၀၀ | |
| ၁၈ | တလုတ်ကုန်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၀၀ | ၃၀၀ | ၃၅၀ | | ၅၀ |
| ၁၉ | ရွှေလောင်းကျေးရွာအုပ်စု | ၅ | ၄၅၀၀ | ၂၉၁၅ | ၁၅၈၅ | ၂၅၃၅ | | ၉၅၀ |
| ၂၀ | မဲကုန်းရပ်ကွက် | ၁ | ၁၅၀၀ | ၁၁၂၁ | ၃၇၉ | ၄၂၉ | | ၅၀ |
| ၂၁ | ကသစ်တန်းရပ်ကွက် | ၁ | ၁၄၅၀ | ၁၀၆၁ | ၃၈၉ | ၃၇၇ | ၁၂ | |
| ၂၂ | ဈေးရပ်ကွက် | ၁ | ၁၇၅၀ | ၁၁၉၇ | ၅၅၃ | ၄၅၃ | ၁၀၀ | |
| ၂၃ | ကြက်သွန်ခင်း(၁)ရပ်ကွက် | ၁ | ၂၁၅၀ | ၁၅၆၄ | ၅၈၆ | ၇၃၆ | | ၁၅၀ |
| ၂၄ | ကြက်သွန်ခင်း(၂)ရပ်ကွက် | ၁ | ၂၈၀၀ | ၁၇၁၃ | ၁၀၈၇ | ၇၈၇ | ၃၀၀ | |
| ၂၅ | အမှတ်(၁)ရပ်ကွက် | ၂ | ၃၁၀၀ | ၁၉၈၁ | ၁၁၁၉ | ၁၂၆၉ | | ၁၅၀ |
| ၂၆ | အမှတ်(၂)ရပ်ကွက် | ၃ | ၂၃၅၀ | ၁၆၁၆ | ၇၃၄ | ၉၂၆ | | ၁၉၂ |
| ၂၇ | အမှတ်(၃)ရပ်ကွက် | ၁ | ၁၃၅၀ | ၉၁၄ | ၄၁၆ | ၅၁၆ | | ၁၀၀ |
| ၂၈ | အမှတ်(၄)ရပ်ကွက် | ၁ | ၁၆၀၀ | ၁၁၀၆ | ၄၉၄ | ၆၉၄ | | ၂၀၀ |
| ၂၉ | အမှတ်(၅)ရပ်ကွက် | ၂ | ၁၀၅၀ | ၆၄၇ | ၄၀၃ | ၆၀၇ | | ၂၀၄ |
| ၃၀ | တဲကြီးကုန်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၄၁၉ | ၅၃၁ | ၆၃၁ | | ၁၀၀ |
| ၃၁ | ဘုရားနှစ်ဆူကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၄၁၄ | ၇၃၆ | ၁၅၈၆ | | ၈၅၀ |

စာမျက်နှာ ၂၀ သို့ ☆

☆ စာမျက်နှာ ၁၉ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃၂ | တောင်ညိုကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၀၅၀ | ၅၅၀ | ၆၀၀ | | ၅၀ |
| ၃၃ | ညောင်ခြေထောက်ကျေးရွာအုပ်စု | ၄ | ၅၁၀၀ | ၃၈၃၁ | ၁၂၆၉ | ၂၄၁၁ | | ၁၁၄၂ |
| ၃၄ | မြေစီးကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၁၉၇ | ၆၀၃ | ၁၀၀၃ | | ၄၀၀ |
| ၃၅ | ငှက်ပျောတောကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၁၀၃၈ | ၆၆၂ | ၁၂၆၂ | | ၆၀၀ |
| ၃၆ | တင်းကုတ္တန်းကျေးရွာအုပ်စု | ၄ | ၄၀၃၇ | ၁၅၆၉ | ၂၄၆၈ | ၁၄၂၀ | ၁၀၄၈ | |
| ၃၇ | ဇီးဖြူသောင်ကျေးရွာအုပ်စု | ၄ | ၃၉၂၆ | ၁၇၁၀ | ၂၂၁၆ | ၁၂၉၄ | ၉၂၂ | |
| ၃၈ | ဝွေးတောက်ခင်ကျေးရွာအုပ်စု | ၂ | ၂၃၁၈ | ၁၁၆၀ | ၁၁၅၈ | ၉၄၀ | ၂၁၈ | |
| ၃၉ | မျက်နီကွင်းကျေးရွာအုပ်စု | ၄ | ၄၀၇၈ | ၁၅၃၁ | ၂၅၄၇ | ၁၂၀၉ | ၁၃၃၈ | |
| ၄၀ | ကံကလေးကျေးရွာအုပ်စု | ၂ | ၂၉၈၈ | ၁၈၉၈ | ၁၀၉၀ | ၁၃၀၂ | | ၂၁၂ |
| ၄၁ | ဂုံမင်းတာကျေးရွာအုပ်စု | ၃ | ၃၄၅၂ | ၁၈၇၇ | ၁၅၇၅ | ၉၇၃ | ၆၀၂ | |
| ၄၂ | ညောင်လွင့်ကျေးရွာအုပ်စု | ၃ | ၂၉၅၄ | ၁၃၄၉ | ၁၆၀၅ | ၇၄၇ | ၈၅၈ | |
| ၄၃ | လက်စွပ်ကျကျေးရွာအုပ်စု | ၄ | ၃၉၇၈ | ၁၅၉၉ | ၂၃၇၉ | ၈၅၁ | ၁၅၂၈ | |
| ၄၄ | ဘုရားကလေးကျေးရွာအုပ်စု | ၂ | ၂၀၁၆ | ၉၄၂ | ၁၀၇၄ | ၄၅၂ | ၆၂၂ | |
| ၄၅ | အင်ဒိုင်းကျေးရွာအုပ်စု | ၂ | ၂၀၃၂ | ၁၀၀၃ | ၁၀၂၉ | ၄၉၇ | ၅၃၂ | |
| ၄၆ | ဆီဆုံကုန်းကျေးရွာအုပ်စု | ၂ | ၂၀၉၇ | ၈၇၆ | ၁၂၂၁ | ၆၂၃ | ၅၉၈ | |
| ၄၇ | ဆွဲလဲချောင်းကျေးရွာအုပ်စု | ၄ | ၃၉၅၃ | ၁၅၆၂ | ၂၃၉၁ | ၁၃၈၈ | ၁၀၀၃ | |
| ၄၈ | ဘန့်ဘွေးကုန်းကျေးရွာအုပ်စု | ၃ | ၃၂၆၈ | ၁၅၃၈ | ၁၇၃၀ | ၉၆၂ | ၇၆၈ | |
| ၄၉ | အုတ်ဖိုကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၉၆၈ | ၁၁၃၂ | ၇၃၂ | ၄၀၀ | |
| ၅၀ | ညောင်ကုန်းကျေးရွာအုပ်စု | ၂ | ၁၆၈၄ | ၃၅၄ | ၁၃၃၀ | ၄၉၆ | ၈၃၄ | |
| ၅၁ | ရေအိုးစဉ်ကျေးရွာအုပ်စု | ၄ | ၃၈၁၉ | ၁၃၅၄ | ၂၄၆၅ | ၁၀၉၆ | ၁၃၆၉ | |
| | ရပ်/ကျေး မဲလက်မှတ် | ၁၅၃ | ၁၅၃၅၄၂ | ၈၉၂၉၇ | ၆၄၂၄၅ | ၅၆၉၉၇ | ၁၅၄၆၁ | ၈၂၁၃ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၁၆၆ | ၈၇၂ | ၂၉၄ | ၂၉၄ | | |
| | ရပ်/ကျေးမှပြန်အပ် မဲလက်မှတ် | | | | | ၃၃၂၄ | | ၃၃၂၄ |
| | မြို့နယ်မဲလက်မှတ်စုစုပေါင်း | ၁၅၃ | ၁၅၄၇၀၈ | ၉၀၁၆၉ | ၆၄၅၃၉ | ၆၀၆၁၅ | ၁၅၄၆၁ | ၁၁၅၃၇ |

## ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၂။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင် ရပ်ကွက် ၁၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၈ အုပ်စု၊ မဲရုံပေါင်း ၂၁၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၂၉၁၀၀၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၈၅၅၇ ဖြစ်ပြီး ကျန်ရှိရမည့်အရေအတွက်မှာ ၉၀၅၄၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၈၄၉၇၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၂၃၁၀၀ | ၁၃၇၁၄၈ | ၈၅၉၅၂ | ၇၉၄၀၅ | ၈၆၀၅ | ၂၀၅၈ |
| ၂ | မြို့နယ်မဲလက်မှတ် | ၆၀၀၀ | ၁၄၀၉ | ၄၅၉၁ | ၄၅၉၁ | | |
| ၃ | ရပ်/ကျေးမှ ပြန်အပ် | | | | ၉၇၅ | | ၉၇၅ |
| | စုစုပေါင်း | ၂၂၉၁၀၀ | ၁၃၈၅၅၇ | ၉၀၅၄၃ | ၈၄၉၇၁ | ၈၆၀၅ | ၃၀၃၃ |

၁၃။ ဖြူးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၅၀ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၈၆၀၅ လျော့နည်းပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၁၃ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၂၀၅၈ ပိုမိုအသုံးပြုထားကြောင်း တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ရပ်ကွက်/ကျေးရွာအုပ်စုအချို့မှ ပြန်လည်အပ်နှံထားသည့် မဲလက်မှတ်အရေအတွက် ၉၇၅ ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၄။ ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | သိမ်ကုန်းရပ်ကွက် | ၂ | ၃၁၀၀ | ၂၀၁၇ | ၁၀၈၃ | ၉၈၃ | ၁၀၀ | |
| ၂ | အုတ်ဖြတ်ရပ်ကွက် | ၁ | ၁၇၅၀ | ၉၂၈ | ၈၂၂ | ၅၂၂ | ၃၀၀ | |
| ၃ | ထန်းကုန်းရပ်ကွက် | ၁ | ၂၀၅၀ | ၁၃၇၄ | ၆၇၆ | ၆၂၇ | ၄၉ | |
| ၄ | ဘူတာမြောက်ရပ်ကွက် | ၁ | ၁၇၀၀ | ၁၂၄၅ | ၄၅၅ | ၅၅၅ | | ၁၀၀ |
| ၅ | ဘူတာတောင်ရပ်ကွက် | ၂ | ၄၀၀၀ | ၂၅၇၀ | ၁၄၃၀ | ၁၅၈၅ | | ၁၅၅ |
| ၆ | ဈေးရပ်ကွက် | ၁ | ၁၀၀၀ | ၇၀၇ | ၂၉၃ | ၂၉၄ | | ၁ |
| ၇ | မြို့မအရှေ့ရပ်ကွက် | ၁ | ၁၂၅၀ | ၈၄၈ | ၄၀၂ | ၃၅၂ | ၅၀ | |
| ၈ | မြို့မအနောက်ရပ်ကွက် | ၁ | ၃၄၀၀ | ၂၄၀၃ | ၉၉၇ | ၁၄၇ | ၈၅၀ | |
| ၉ | ရုံးရပ်ကွက် | ၁ | ၈၀၀ | ၅၇၉ | ၂၂၁ | ၂၇၁ | | ၅၀ |
| ၁၀ | ဆေးရုံရပ်ကွက် | ၁ | ၂၃၀၀ | ၁၇၀၈ | ၅၉၂ | ၅၉၂ | | |
| ၁၁ | ရပ်ကွက်(၁)ဇေယျာဝတီမြို့ | ၄ | ၆၃၀၀ | ၃၈၅၇ | ၂၄၄၃ | ၂၂၉၃ | ၁၅၀ | |
| ၁၂ | ရပ်ကွက်(၂)ဇေယျာဝတီမြို့ | ၃ | ၄၇၀၀ | ၃၁၅၈ | ၁၅၄၂ | ၁၄၄၂ | | |
| ၁၃ | ရပ်ကွက်(၃)ဇေယျာဝတီမြို့ | ၃ | ၂၉၀၀ | ၁၆၆၂ | ၁၂၃၈ | ၁၀၈၈ | ၁၅၀ | |
| ၁၄ | ရပ်ကွက်(၄)ဇေယျာဝတီမြို့ | ၃ | ၃၂၅၀ | ၂၂၀၇ | ၁၀၄၃ | ၉၄၃ | ၁၀၀ | |
| ၁၅ | ဂျေပူကျေးရွာအုပ်စု | ၄ | ၃၆၀၀ | ၂၀၈၀ | ၁၅၂၀ | ၁၃၇၁ | ၁၄၉ | |
| ၁၆ | သာစုကန်ကျေးရွာအုပ်စု | ၆ | ၄၉၀၀ | ၂၇၉၁ | ၂၁၀၉ | ၁၉၅၉ | ၁၅၀ | |
| ၁၇ | လယ်ပြင်ကြီးကျေးရွာအုပ်စု | ၆ | ၅၀၀၀ | ၃၀၆၅ | ၁၉၃၅ | ၂၈၈၅ | | ၉၅၀ |
| ၁၈ | ပြောင်သေကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၅၈၉ | ၉၆၁ | ၉၇၁ | | ၁၀ |
| ၁၉ | ပတ္တာကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၈၅ | ၃၁၅ | ၂၆၅ | ၅၀ | |
| ၂၀ | ကြက်ပေါင်ချောင်း ကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၅၁၈ | ၉၈၂ | ၈၈၂ | ၁၀၀ | |
| ၂၁ | ရေသျှံကြီးကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၄၉၇ | ၇၅၃ | ၆၅၃ | ၁၀၀ | |
| ၂၂ | မင်းကံရိုးကျေးရွာအုပ်စု | ၄ | ၄၂၅၀ | ၂၆၉၂ | ၁၅၅၈ | ၁၄၅၈ | ၁၀၀ | |
| ၂၃ | လိပ်သေကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၁၆၇၈ | ၁၃၂၂ | ၁၂၇၂ | ၅၀ | |
| ၂၄ | ငါးခေါင်းအင်းကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၂၁၈ | ၉၈၂ | ၆၈၂ | ၃၀၀ | |
| ၂၅ | ဇီးခုန်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၂၂၆ | ၉၇၄ | ၇၂၆ | ၂၄၈ | |
| ၂၆ | ဝဲကြီးကျေးရွာအုပ်စု | ၄ | ၄၆၀၀ | ၂၅၅၃ | ၂၀၄၇ | ၁၇၃၇ | ၃၁၀ | |
| ၂၇ | ကျားသောင်ကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၄၀၇ | ၁၀၉၃ | ၉၄၃ | ၁၅၀ | |
| ၂၈ | ကြူအင်းကျေးရွာအုပ်စု | ၆ | ၄၁၅၀ | ၂၃၉၈ | ၁၇၅၂ | ၁၆၅၆ | ၉၆ | |
| ၂၉ | သစ်ချောက်ခင်ကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၀၀၄ | ၅၄၆ | ၅၉၆ | | ၅၀ |
| ၃၀ | အမဲခေါင်ကျေးရွာအုပ်စု | ၄ | ၄၄၀၀ | ၂၇၁၆ | ၁၆၈၄ | ၁၆၂၈ | ၅၆ | |
| ၃၁ | တံခွန်တိုင်ကျေးရွာအုပ်စု | ၃ | ၄၀၅၀ | ၂၅၆၉ | ၁၄၈၁ | ၁၆၈၁ | | ၂၀၀ |
| ၃၂ | သာယာကုန်းကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၈၀၈ | ၃၉၂ | ၃၄၂ | ၅၀ | |
| ၃၃ | ဖြူးအရှေ့ကျေးရွာအုပ်စု | ၃ | ၈၇၀၀ | ၅၆၄၂ | ၃၀၅၈ | ၂၉၅၆ | ၁၀၂ | |
| ၃၄ | ရွာတန်းရှည်ကျေးရွာအုပ်စု | ၃ | ၃၄၅၀ | ၂၀၈၆ | ၁၃၆၄ | ၁၁၁၂ | ၂၅၂ | |
| ၃၅ | ကညွတ်ကွင်းအရှေ့(၁) ရပ်ကွက် | ၂ | ၃၉၅၀ | ၂၄၃၃ | ၁၅၁၇ | ၉၇၇ | ၅၅၀ | |
| ၃၆ | ကညွတ်ကွင်းအရှေ့(၂) ရပ်ကွက် | ၂ | ၄၅၅၀ | ၂၇၀၂ | ၁၈၄၈ | ၁၇၄၈ | ၁၀၀ | |
| ၃၇ | ကညွတ်ကွင်းအနောက်(၁) ရပ်ကွက် | ၂ | ၄၃၀၀ | ၂၃၂၈ | ၁၉၇၂ | ၁၆၂၂ | ၃၅၀ | |
| ၃၈ | ကညွတ်ကွင်းအနောက်(၂) ရပ်ကွက် | ၂ | ၄၀၀၀ | ၂၃၇၃ | ၁၆၂၇ | ၁၆၂၇ | | |
| ၃၉ | အုတ်ဖြတ်ကျေးရွာအုပ်စု | ၄ | ၄၂၅၀ | ၂၇၄၇ | ၁၅၀၃ | ၁၅၀၃ | | |
| ၄၀ | ကြာအင်းကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၅၃၉ | ၆၈၁ | ၆၁၁ | ၇၀ | |
| ၄၁ | လှသင်းမောင်ကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၂၃၃ | ၇၆၇ | ၇၁၇ | ၅၀ | |
| ၄၂ | လိပ်ပေါကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၀၉၄ | ၆၀၆ | ၆၀၆ | | |
| ၄၃ | ကျော်လှကျေးရွာအုပ်စု | ၃ | ၃၄၅၀ | ၂၁၅၁ | ၁၂၉၉ | ၁၃၅၁ | | ၅၂ |
| ၄၄ | အကြပ်အင်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၀၅ | ၆၉၅ | ၆၉၅ | | |
| ၄၅ | ဘန်းလောင်ကျေးရွာအုပ်စု | ၃ | ၃၇၅၀ | ၂၃၃၈ | ၁၄၁၂ | ၁၂၆၂ | ၁၅၀ | |
| ၄၆ | ညောင်ကားယား ကျေးရွာအုပ်စု | ၅ | ၂၄၅၀ | ၁၄၉၄ | ၉၅၆ | ၈၀၆ | ၁၅၀ | |
| ၄၇ | ချောင်းကောက်ကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၀၄၀ | ၆၆၀ | ၅၆၀ | ၁၀၀ | |
| ၄၈ | ဇဟားကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၀၆၉ | ၁၃၈၁ | ၁၅၃၁ | | ၁၅၀ |
| ၄၉ | စိုက်တန်းခင်ကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၂၃၄ | ၆၁၆ | ၅၅၇ | ၅၉ | |
| ၅၀ | သစ်ပါတ်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၉၃၅ | ၈၁၅ | ၇၀၇ | ၁၀၈ | |
| ၅၁ | ညောင်ပင်သာကျေးရွာအုပ်စု | ၉ | ၉၉၅၀ | ၆၁၃၆ | ၃၈၁၄ | ၄၀၁၄ | | ၂၀၀ |
| ၅၂ | ခင်တန်းကြီးကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၁၅၆၇ | ၁၀၈၃ | ၉၃၃ | ၁၅၀ | |
| ၅၃ | ချင်းခင်ကျေးရွာအုပ်စု | ၃ | ၃၂၅၀ | ၂၁၀၂ | ၁၁၄၈ | ၁၁၄၈ | | |
| ၅၄ | ကျီးရိုးကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၅၀၀ | ၁၀၀၀ | ၉၀၄ | ၉၆ | |
| ၅၅ | ပေါက်ဇလုပ်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၈၅၃ | ၄၉၇ | ၃၉၇ | ၁၀၀ | |
| ၅၆ | အင်ပင်သာကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၁၀၈၅ | ၂၆၅ | ၂၁၅ | ၅၀ | |
| ၅၇ | ကညင်ဒိုင်းကျေးရွာအုပ်စု | ၇ | ၃၃၅၀ | ၁၉၄၁ | ၁၄၀၉ | ၁၁၀၉ | ၃၀၀ | |
| ၅၈ | မြင်ပင်ကျေးရွာအုပ်စု | ၅ | ၂၈၅၀ | ၁၆၃၆ | ၁၂၁၄ | ၁၀၆၄ | ၁၅၀ | |
| ၅၉ | သမင်းကွင်းကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၂၆၂ | ၉၃၈ | ၁၀၃၈ | | ၁၀၀ |
| ၆၀ | ဘုရားလဟာကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၁၈၇၃ | ၉၇၇ | ၉၇၇ | | |
| ၆၁ | သပြေလဟာကျေးရွာအုပ်စု | ၅ | ၃၂၅၀ | ၁၉၈၁ | ၁၂၆၉ | ၁၁၆၉ | ၁၀၀ | |
| ၆၂ | ငါးမြစ်ချင်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၅၇၅ | ၄၂၅ | ၄၂၅ | | |
| ၆၃ | ခင်ကြီးကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၉၆၈ | ၅၃၂ | ၅၇၂ | | ၄၀ |
| ၆၄ | မင်းလင်းကူးကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၁၄၆ | ၉၀၄ | ၉၀၄ | | |
| ၆၅ | သရက်ကုန်းကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၃၉ | ၂၆၁ | ၂၆၁ | | |

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆၆ | ခွေးပြာကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၈၃၁ | ၅၁၉ | ၄၆၉ | ၅၀ | |
| ၆၇ | ကျွန်းကုန်းကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၃၅၇ | ၉၉၃ | ၆၄၃ | ၃၅၀ | |
| ၆၈ | ဆိုးပုံကွင်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၈၈ | ၂၆၂ | ၂၆၂ | | |
| ၆၉ | ကင်မွန်းခြံကျေးရွာအုပ်စု | ၄ | ၂၉၅၀ | ၁၇၉၂ | ၁၁၅၈ | ၆၉၉ | ၄၅၉ | |
| ၇၀ | တေိုးခင်ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၂၄၁ | ၉၅၉ | ၆၀၉ | ၃၅၀ | |
| ၇၁ | လှေဒုံးကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၉၅၇ | ၆၉၃ | ၅၉၃ | ၁၀၀ | |
| ၇၂ | လက်တက်ကြီးကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၄၁၉ | ၇၃၁ | ၅၈၁ | ၁၅၀ | |
| ၇၃ | ဇလုပ်ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၃၄၄ | ၈၅၆ | ၈၅၆ | | |
| ၇၄ | မိဿလင်ကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၃၈၅ | ၁၀၆၅ | ၈၁၄ | ၂၅၁ | |
| ၇၅ | မြပဲခူးကျေးရွာအုပ်စု | ၆ | ၄၇၅၀ | ၂၈၁၉ | ၁၉၃၁ | ၁၇၃၁ | ၂၀၀ | |
| ၇၆ | ကျီးမနိုးကျေးရွာအုပ်စု | ၄ | ၄၉၀၀ | ၂၂၆၁ | ၂၆၁၉ | ၂၆၈၉ | ၅၀ | |
| | ရပ်/ကျေး မဲလက်မှတ် | ၂၁၄ | ၂၂၃၀၀၀ | ၁၃၇၁၄၈ | ၈၅၉၅၂ | ၇၉၄၀၅ | ၈၆၀၅ | ၂၀၅၈ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၆၀၀၀ | ၁၄၀၉ | ၄၅၉၁ | ၄၅၉၁ | | |
| | ရပ်/ကျေးမှ ပြန်အပ်မဲလက်မှတ် | | | | | ၉၇၅ | | ၉၇၅ |
| | မြို့နယ်ချုပ် စုစုပေါင်း | | ၂၂၉၁၀၀ | ၁၃၈၅၅၇ | ၉၀၅၄၃ | ၈၄၉၇၁ | ၈၆၀၅ | ၃၀၃၃ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




# အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော အသွားအလာ ကန့်သတ်ထားရှိသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ပို့ဆောင်

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ခဲ့သည့် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၇၀ ကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ကိုဗစ်-၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိသည့် Quarantine Center ၌သီးသန့်ထားရှိရာ ယနေ့တွင် သတ်မှတ်ရက်ပြည့်မြောက်သဖြင့် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ တပ်မတော်နှင့် တာဝန်ရှိသူများက စီစဉ်ပေးသည့် မော်တော်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးသည်။

ထိုသို့ပို့ဆောင်ပေးရာတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မတ် ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၈ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၃-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၂-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၉၇၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၂၆,၇၄၀) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၂၉၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၇၂) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၅၈၀၀၇၂ | ၂၂၈၄၆၆၇၄ | ၅၅၆၀၀၃ |
| ၂။ | ဘရာဇီး | ၁၂၀၅၁၆၁၉ | ၁၀၅၀၇၉၉၅ | ၂၉၅၆၈၅ |
| ၃။ | အိန္ဒိယ | ၁၁၆၈၆၇၉၆ | ၁၁၁၈၁၂၅၃ | ၁၆၀၂၀၀ |
| ၄။ | ရုရှား | ၄၄၇၄၆၁၀ | ၄၀၈၈၀၄၅ | ၉၅၈၁၈ |
| ၅။ | ဗြိတိန် | ၄၃၀၁၉၂၅ | ၃၆၉၄၁၅၅ | ၁၂၆၁၇၂ |
| ၆။ | ပြင်သစ် | ၄၂၉၈၃၉၅ | ၂၈၁၈၈၅ | ၉၂၆၂၁ |
| ၇။ | အီတလီ | ၃၄၀၀၈၇၇ | ၂၇၃၂၄၈၂ | ၁၀၅၃၂၈ |
| ၈။ | စပိန် | ၃၂၂၈၈၀၃ | ၂၉၈၇၄၇၄ | ၇၃၅၄၃ |
| ၉။ | တူရကီ | ၃၀၃၅၃၃၈ | ၂၈၄၄၆၈၁ | ၃၀၁၇၈ |
| ၁၀။ | ဂျာမနီ | ၂၆၈၀၅၀၂ | ၂၄၃၃၈၀၀ | ၇၅၄၈၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၇၁၂၂၅ | ၁၃၀၄၉၂၁ | ၃၉၈၆၅ |
| ၂။ | ဖိလစ်ပိုင် | ၆၇၇၆၅၃ | ၅၇၈၄၆၁ | ၁၂၉၉၂ |
| ၃။ | မလေးရှား | ၃၃၅၅၄၀ | ၃၁၉၈၄၂ | ၁၂၄၄ |
| ၄။ | မြန်မာ | ၁၄၂၂၉၂ | ၁၃၁၇၇၂ | ၃၂၀၄ |
| ၅။ | စင်ကာပူ | ၆၀၂၂၁ | ၆၀၀၅၁ | ၃၀ |
| ၆။ | ထိုင်း | ၂၈၂၇၇ | ၂၆၇၆၆ | ၉၂ |
| ၇။ | ဗီယက်နမ် | ၂၅၇၅ | ၂၂၃၃ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၇၈၈ | ၉၉၉ | ၄ |
| ၉။ | ဘရူနိုင်း | ၂၀၆ | ၁၈၈ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၅ | ၀ |

# နိုင်ငံသားအခွင့်အရေးနှင့် တာဝန်

ဦးလေးခိုင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ယနေ့လက်ရှိ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံးတို့ကို မြန်မာနိုင်ငံသူ၊ နိုင်ငံသား သို့မဟုတ် ပြည်ထောင်စုသား သို့မဟုတ် နိုင်ငံသားဟု လွယ်လွယ်ကူကူ ပြောဆိုနိုင်ပါသည်။ ပြည်ထောင်စုနိုင်ငံသားဟူသည် တစ်စားတည်းသာရှိပါသည်။ ရှမ်းပြည်နယ်သား၊ ကချင်ပြည်နယ်သား၊ ကရင်ပြည်နယ်သား၊ ချင်းပြည်နယ်သား၊ ကယားပြည်နယ်သား၊ ရခိုင်ပြည်နယ်သားဟူ၍ ခွဲခြားခြင်းမရှိပါ။ အားလုံးပင် ပြည်ထောင်စုသား မြန်မာနိုင်ငံသားများဖြစ်ကြပါသည်။

ပြည်ထောင်စုသား မြန်မာနိုင်ငံသားများဘဝကို မွေးရာပါသော အခွင့်အရေးအဖြစ်လည်း ရရှိနိုင်ပါသည်။ မွေးစဉ်က ပြည်ထောင်စုသား မဟုတ်သော်လည်း နိုင်ငံသားဖြစ်မှုကို လျှောက်ထားတောင်းခံ၍ နိုင်ငံတော်အစိုးရက လက်ခံခွင့်ပြုခြင်းဖြင့်လည်း ရရှိနိုင်ပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံအတွင်း ခွဲခြားသတ်မှတ်ထားသည့် နိုင်ငံသားသုံးမျိုးရှိပါသည်။ ၎င်းတို့မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံအတွင်း၌ နေထိုင်သူများအားလုံးကို တစ်တန်းတစ်စားတည်း နိုင်ငံသားဟူ၍ မှတ်ယူမရပါ။ တည်ဆဲမြန်မာနိုင်ငံသားဥပဒေနှင့်အညီ အသိအမှတ်ပြုခြင်းခံထားရသူများသာ မြန်မာနိုင်ငံသားများ ဖြစ်ကြပါသည်။

## အသိအမှတ်ပြုနိုင်ငံတော်

နိုင်ငံသားများအနေဖြင့် "နိုင်ငံတော်"ဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကို သိရှိခြင်းဖြင့် နိုင်ငံသားဖြစ်ခြင်းသည် မည်မျှအရေးပါသည်ကို သိရှိနိုင်ပြီး နိုင်ငံသားအဖြစ်ကို ပိုမိုတန်ဖိုးထားတတ်လာမည်ဖြစ်သည်။ နိုင်ငံတော်ဆိုသည်မှာ နိုင်ငံရေးသိပ္ပံနည်းအရ (State) ဟု ခေါ်ပါသည်။ နိုင်ငံတော်တစ်ခုဖြစ်လာရန်အတွက် (၁) လူဦးရေ၊ (၂) နယ်နိမိတ်၊ (၃) အချုပ်အခြာအာဏာနှင့် (၄) အသိအမှတ်ပြုခံရမှုဟူသော အင်္ဂါလေးရပ်နှင့် ပြည့်စုံရမည်ဖြစ်သည်။ ယင်းအင်္ဂါရပ် လေးရပ်တွင် ပထမအချက်ဖြစ်သည့် လူဦးရေဆိုသည်မှာ နယ်မြေတစ်ခုအတွင်း အေးအတူပူအမျှ အတူတကွနေထိုင်ကြသော "နိုင်ငံသား" များကို ဆိုလိုခြင်းဖြစ်သည်။

ဒုတိယအချက်ဖြစ်သည့် နယ်နိမိတ်ဆိုသည်မှာ နိုင်ငံတော်၏ဥပဒေများ ကျင့်သုံးနိုင်သည့် နယ်မြေ (သို့မဟုတ်) နိုင်ငံတော်၏ တရားစီရင်မှုအောက်တွင် ရှိသောနယ်မြေကို ဆိုလိုပါသည်။ တတိယအချက် အချုပ်အခြာအာဏာဆိုသည်မှာ မိမိပိုင်နက်နယ်မြေအတွင်း ခြွင်းချက်မရှိ ဥပဒေပြဋ္ဌာန်းနိုင်မှု၊ အုပ်ချုပ်စီမံခန့်ခွဲနိုင်မှု၊ ၎င်းဥပဒေများကို အသက်ဝင်စိုးမိုးလာစေနိုင်မှု၊ အများပြည်သူဆိုင်ရာ မူဝါဒများ ချမှတ်နိုင်မှုတို့ဖြစ်သည်။ စတုတ္ထအချက် အသိအမှတ်ပြုခံရမှုဆိုသည်မှာ နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေခြင်း ဖြစ်သည်။

## အင်္ဂါလေးရပ်နှင့်မပြည့်စုံ

ဤနေရာတွင် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရခြင်း၊ အသိအမှတ်ပြုမခံရခြင်းကို အလျဉ်းသင့်၍ တင်ပြလိုပါသည်။ ဂျစ်ပစီများကို ကြားဖူးကြမည်ဖြစ်သည်။ ထိုလူမျိုးများသည် လူဦးရေရှိသော်လည်း တစ်နေရာနှင့်တစ်နေရာ ရွှေ့ပြောင်းနေထိုင်ကြသူများ ဖြစ်သောကြောင့် တည်နေရာမရှိ၊ အချုပ်အခြာအာဏာမရှိ၊ အသိအမှတ်ပြုခြင်း မရှိကြပါ။ အလားတူ တနည်းဂရီကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်အသက်မွေးကြသည့် ဆလုံလူမျိုးများသည် လူဦးရေနှင့် နယ်နိမိတ်ရှိသော်လည်း အတည်တကျ တည်နေရာနှင့် အချုပ်အခြာအာဏာမရှိကြပါ။ ထိုင်ဝမ်တွင် လူဦးရေ၊ နယ်နိမိတ်နှင့် အချုပ်အခြာအာဏာပိုင် အစိုးရရှိသော်လည်း တရုတ်ပြည်မကြီး၏ နယ်မြေခွဲတစ်ခုအဖြစ်သာ နိုင်ငံတကာက အသိအမှတ်ပြုထားသောကြောင့် ထိုင်ဝမ်နိုင်ငံဟု မခေါ်တွင်ဘဲ ထိုင်ဝမ်ကျွန်းဟုသာ ခေါ်တွင်ကြပါသည်။

> **ရပ်ရွာများအတွင်း အတည်တကျနေထိုင်ကြလျှင် အိမ်ထောင်စုစာရင်းပြုလုပ်ကြရပြီး ခေတ္တပြောင်းရွှေ့နေထိုင်လျှင် ဧည့်စာရင်းကို ပြုလုပ်ကြရပါသည်။ အချိန်တန်အရွယ်ရောက်လျှင် ကလေးမှတ်ပုံတင်ပြုလုပ်ကြရပြီး အသက် ၁၈ နှစ်ပြည့် လူလားမြောက်လျှင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ကြရသည်။ အလုပ်အကိုင်လုပ်ကိုင်ရာတွင်ဖြစ်စေ၊ ပြည်တွင်းခရီးသွားလာရာတွင်ဖြစ်စေ၊ နိုင်ငံရပ်ခြားသို့ ခရီးသွားလျှင်ဖြစ်စေ၊ အကြောင်းကိစ္စတစ်မျိုးမျိုးရှိလျှင်ဖြစ်စေ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းတို့ မဖြစ်မနေလိုအပ်ပါသည်။ ထိုသို့ အရေးပါစွာလိုအပ်သော်လည်း မသိနားမလည်၍ဖြစ်စေ၊ အမှုမဲ့အမှတ်မဲ့ဖြစ်စေ၊ ပေါ့ပေါ့တန်တန်ဖြစ်စေ နိုင်ငံသားဆိုင်ရာကိစ္စများကို မပြုလုပ်ခဲ့ကြသည်ကို တွေ့ရပါသည်။ အနီးစပ်ဆုံးအနေဖြင့် သက်သေပြရလျှင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲစာရင်းတွင် ပါဝင်သူ၊ မဲထည့်ခဲ့ကြသူများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများကို တွေ့ရ။**

လက်ရှိ ကျွန်ုပ်တို့ နေထိုင်ရပ်တည်နေကြသော လူဦးရေ၊ နယ်နိမိတ်၊ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ရှေးအစဉ်အဆက်ကတည်းက တစ်ကမ္ဘာလုံး အသိအမှတ်ပြုထားကြပါသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားဖြစ်ခွင့်ရခြင်းမှာ အဖိုးထိုက်တန်ပါသည်။ နိုင်ငံတစ်နိုင်ငံတွင်ရှိအပ်သည့် ဝိသေသလက္ခဏာ (Identity) များနှင့် ပြည့်စုံသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အင်္ဂါလေးရပ်နှင့် မပြည့်စုံသော နေရာဒေသများရှိပါသည်။ အချို့လည်း အင်္ဂါလေးရပ်နှင့်မပြည့်စုံဘဲ မိမိတို့ကိုယ်ကိုမိမိတို့ State ဟု ကြွေးကြော်နေသောသူများလည်း ရှိပါသည်။ အင်္ဂါလေးရပ်နှင့် မပြည့်စုံသရွေ့ အသိအမှတ်ပြုခြင်းခံရမည် မဟုတ်ပါ။

## Identity ဆိုသည်မှာ

နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ရမည့် အင်္ဂါရပ်များနှင့် ဝိသေသလက္ခဏာ (Identity) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ပြည်သူများအနေဖြင့် သိရှိနားလည်ထားရန် လိုအပ်ပါသည်။ နိုင်ငံသားများနှင့် သက်ဆိုင်သည့် Identity တရားဝင်သက်သေအထောက်အထားများအကြောင်းကို နားလည်ဖို့၊ တန်ဖိုးထားတတ်ဖို့လည်း လိုပါသည်။ Identity ဆိုသည်မှာ သင်မည်သူမည်ဝါဖြစ်ကြောင်း၊ သင့်ကိုယ်သင် မည်သို့မှတ်ယူကြောင်း၊ ပတ်ဝန်းကျင်မှ သင့်ကိုမှတ်ယူကြောင်း အမူအကျင့်များကို ဖော်ပြနေပါသည်။ တစ်နည်းဆိုလျှင် Identity သည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၊ လူမျိုးစုတစ်ခုကို ကိုယ်စားပြုထင်ဟပ်စေသော အမှတ်လက္ခဏာ တစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသောပြည်သူများတွင် မသိနားမလည်၍သော်လည်းကောင်း၊ အကြောင်းကိစ္စမပေါ်လျှင် မပေါ်သလိုသော်လည်းကောင်း လွယ်လွယ်ကူကူ နေထိုင်ကြသလို အကြောင်းကိစ္စ မကြုံတွေ့သရွေ့ ပေါ့ပေါ့တန်တန် ပြီးပြီးလွယ်လွယ် နေထိုင်ကြသည့် ပြည်သူများကို တွေ့ရပါသည်။ အကြောင်းကိစ္စပေါ်ပေါက်မှသာလျှင် နိုင်ငံသားနှင့်ဆိုင်ရာကိစ္စတို့ကို ရေးကြီးသုတ်ပျာ လုပ်တတ်ကိုင်တတ်ပါသည်။ အမှန်တကယ်တွင် နိုင်ငံသားတစ်ယောက်ဖြစ်လာသည်နှင့် မွေးဖွားသည်မှ သေဆုံးသည်အထိ နိုင်ငံသားဆိုင်ရာကိစ္စများကို လုပ်ကိုင်ဆောင်ရွက်ကြရပါသည်။ အမိဝမ်းမှ မွေးဖွားလာသည်နှင့် မွေးစာရင်းကို ပြုလုပ်ကြရပြီး ခန္ဓာပြတ်စဲချုပ်ငြိမ်းသွားသည်နှင့် သေစာရင်းဖြင့် အိမ်ထောင်စုစာရင်းမှ ပယ်ဖျက်ခြင်းကို မဖြစ်မနေပြုလုပ်ရပါသည်။

## နိုင်ငံသားကတ်ပြားမရှိကြ

ရပ်ရွာများအတွင်း အတည်တကျနေထိုင်ကြလျှင် အိမ်ထောင်စုစာရင်းပြုလုပ်ကြရပြီး ခေတ္တပြောင်းရွှေ့နေထိုင်လျှင် ဧည့်စာရင်းကို ပြုလုပ်ကြရပါသည်။ အချိန်တန် အရွယ်ရောက်လျှင် ကလေးမှတ်ပုံတင်ပြုလုပ်ကြရပြီး အသက် ၁၈ နှစ်ပြည့် လူလားမြောက်လျှင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ကြရသည်။ အလုပ်အကိုင်လုပ်ကိုင်ရာတွင်ဖြစ်စေ၊ ပြည်တွင်းခရီးသွားလာရာတွင်ဖြစ်စေ၊ နိုင်ငံရပ်ခြားသို့ ခရီးသွားလျှင်ဖြစ်စေ၊ အကြောင်းကိစ္စတစ်မျိုးမျိုးရှိလျှင်ဖြစ်စေ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းတို့ မဖြစ်မနေလိုအပ်ပါသည်။ ထိုသို့ အရေးပါစွာ လိုအပ်သော်လည်း မသိနားမလည်၍ဖြစ်စေ၊ အမှုမဲ့အမှတ်မဲ့ဖြစ်စေ၊ ပေါ့ပေါ့တန်တန်ဖြစ်စေ **နိုင်ငံသားဆိုင်ရာကိစ္စများကို မပြုလုပ်ခဲ့ကြသည်ကို တွေ့ရပါသည်။ အနီးစပ်ဆုံးအနေဖြင့် သက်သေပြရလျှင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲစာရင်းတွင် ပါဝင်သူ၊ မဲထည့်ခဲ့ကြသူများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများကို တွေ့ရပါသည်။**

နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားစာရွက်စာတမ်း၊ အသိအမှတ်ပြုလက်မှတ် (အရပ်အခေါ်အားဖြင့် မှတ်ပုံတင်၊ သန်းခေါင်စာရင်းစသည့်) များသည် နိုင်ငံသားတစ်ဦးခံစားခွင့်ရှိသည့် အခွင့်အရေးအမျိုးမျိုးတို့အတွက် မရှိမဖြစ်အရေးပါသည့် အခြေခံအထောက်အထားများပင်ဖြစ်သည်။ သို့ရာတွင် ၂၀၁၄ ခုနှစ် (သန်းခေါင်စာရင်း) လူဦးရေစစ်တမ်းကောက်ယူမှုစာရင်းအရ မြန်မာနိုင်ငံ၌ လူဦးရေ သန်း ၅၀ ကျော်ရှိသည့်အနက် အသက် ၁၀ နှစ်နှင့်အထက် အထောက်အထား စာရွက်စာတမ်းမရှိသူ (မည်သည့်အထောက်အထားကတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူ) အရေအတွက်မှာ ၁၁ သန်းကျော်ခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၂၇ ဒသမ ၃၄ ရာခိုင်နှုန်းရှိသည်ဟု လေ့လာသူများက ဆိုပါသည်။

## အလွန်အရေးကြီးသည့်အချက်

မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ လေးပုံတစ်ပုံကျော်မျှသည် အထောက်အထား စာရွက်စာတမ်းများ ကိုင်ဆောင်ထားခြင်းမရှိသဖြင့် နိုင်ငံမဲ့နိုင်ငံသား ဖြစ်သွားနိုင်သည့် အခြေအနေများ သို့မဟုတ် နိုင်ငံသားအခွင့်အရေး ဆုံးရှုံးနိုင်ဖွယ်ရှိသည့် အခြေအနေများဟု ပညာရပ်ဆိုင်ရာ ပညာရှင်များက သုံးသပ်ကြပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်မူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ အခြားအထောက်အထားတစ်ခုခုဖြင့် မဲအရေအတွက်များရေးကိုသာ ရှေးရှု၍ မဲစာရင်းတွင်ထည့်သွင်းခြင်း၊ မဲပေးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

နိုင်ငံသားများ နိုင်ငံသားစိစစ်ရေးကတ်မရှိခြင်းသည် အလွန်အရေးကြီးသည့်အချက်ဖြစ်သည်ကို သတိမူကြရမည်ဖြစ်သည်။ ပြည်သူလူထုအနေဖြင့် နိုင်ငံသားများနှင့်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများရှိခြင်း၏ အရေးကြီးမှု၊ အရေးပါမှုများကို အမှုမဲ့အမှတ်မဲ့ဖြစ်ကာ အလေးထားဆောင်ရွက်မှု ပြုလုပ်ရန် သတိမထားမိခဲ့ခြင်းဖြစ်နိုင်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆောင်ရွက်နိုင်သော အခြေအနေရနေသောကြောင့်လည်း ဖြစ်တန်ခြေရှိပါသည်။ ထို့အပြင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (လဝက)၏ လုပ်ထုံးလုပ်နည်းများကို နားမလည်၍သော်လည်းကောင်း၊ အချို့ပြည်သူတို့အနေဖြင့် ရုံးဌာနများသို့ ဝင်ထွက်သွားလာမှု မပြုလုပ်ရဲခြင်းကြောင့်လည်းကောင်း၊ လိုအပ်သည့် ထောက်ခံချက်စာရွက်စာတမ်းများ မည်သို့ရယူရမည်ကို မသိခြင်းကြောင့်လည်းကောင်း၊ ပြုလုပ်ရာတွင် မလွယ်ကူပါဟု ထင်မြင်ယူဆထားသောကြောင့်လည်းကောင်း စသည့် အကြောင်းအချက်တစ်မျိုးမျိုးကြောင့် နိုင်ငံသားအထောက်အထား မရှိကြခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။

စာမျက်နှာ ၂၃ သို့ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

■ စာမျက်နှာ ၂၂ မှ

### လူဦးရေသန်းခေါင်စာရင်း

ထို့ကြောင့် နိုင်ငံသားဖြစ်မှု၊ နိုင်ငံမဲ့မှု၊ နိုင်ငံသားဆိုင်ရာကိစ္စများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ရန် လိုအပ်ပါသည်။ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့် ပတ်သက်သည့် ပြည်သူများသိရှိသင့်သည့် ဗဟုသုတအချက်အလက်များကို မျှဝေပေးလိုပါသည်။ နိုင်ငံသားများ အရေးကိစ္စတို့သာမက နိုင်ငံတော်၏ ပကတိအခြေအနေမှန်ကို သိရှိနိုင်ရန် လူဦးရေနှင့် အိမ်ထောင်စုစာရင်း (သန်းခေါင်စာရင်း) သည် ရှေးဦးအရေးကြီးဆုံးလုပ်ငန်း ဖြစ်ပါသည်။ လူဦးရေနှင့် အိမ်ထောင်စုစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်သောကြောင့် နိုင်ငံသားတို့၏ အခြေအနေကိုသိရပြီး နိုင်ငံသားဆိုင်ရာ အထောက်အထားမရှိသူများကို ဖော်ထုတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ လူဦးရေကို ရှေးမြန်မာမင်းများ လက်ထက်က ကောက်ယူခြင်းမရှိသော်လည်း အခွန်တော်စစ်တမ်းကောက်ယူရာမှ လူဦးရေကို ခန့်မှန်းခဲ့သည်။ သာလွန်မင်းလက်ထက်တွင် မြန်မာနိုင်ငံစစ်တမ်းကောက်ယူခဲ့သည်။ အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် ၁၈၇၂ ခုနှစ်တွင် ပထမအကြိမ် သန်းခေါင်စာရင်း ကောက်ယူခဲ့ပြီး ၁၈၈၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ မြန်မာတစ်နိုင်ငံလုံး၏ သန်းခေါင်စာရင်းကို ၁၈၉၁ ခုနှစ်တွင် ကောက်ယူခဲ့ပြီး ထိုအချိန်က မြန်မာနိုင်ငံ၏ လူဦးရေသည် ၇ ဒသမ ၇ သန်း ရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်တွင် မြို့ပေါင်း ၂၅၂ မြို့နှင့် ၁၉၅၄ ခုနှစ်တွင် ကျေးရွာအုပ်စု ၂၀၀၀ ကျော်ကို သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်များတွင် မြန်မာတစ်နိုင်ငံလုံးအတွက် သန်းခေါင်စာရင်းများ ပြည့်စုံစွာကောက်ယူနိုင်ခဲ့သည်။

### အထောက်အထားစတင်အသုံးပြု

မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူခြင်းကို အစဉ်အဆက်ပြုလုပ်လာခဲ့ပြီး Identity အသိအမှတ်ပြုလက်မှတ်တစ်ခုခု ထုတ်ပေးခြင်းကို ၁၉၄၀ ပြည့်နှစ် နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေအရ စတင်ပြုလုပ်လာခဲ့သည်။ ထို့နောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ နိုင်ငံသားအက်ဥပဒေပါအတိုင်း အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခဲ့သည်။ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ ယနေ့အထိတိုင် နိုင်ငံသားအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိသည်။ ကျွန်ုပ်တို့ လက်ရှိကိုင်ဆောင်အသုံးပြုလျက်ရှိသော ID Card တစ်နည်း သက်သေခံကတ်များသည် Passport မှတစ်ဆင့် အခြေခံဆင်းသက်သည်ဟု ဆိုရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပထမဆုံးဟု ယူဆရသော Passport ကို ၁၄၁၄ ခုနှစ် အင်္ဂလန်နိုင်ငံ ပဉ္စမမြောက် ဟင်နရီဘုရင်လက်ထက်တွင်ပြုလုပ်ခဲ့သည်ဟု စတင်ခန့်မှန်းကြသည်။ သို့သော် ပထမကမ္ဘာစစ်မတိုင်မီအချိန်အထိ လူအများတွင် သက်သေခံအထောက်အထား မရှိကြသလို လိုအပ်မှုလည်းမရှိခဲ့ပါ။

**အာဖရိကနှင့် တောင်အာရှနိုင်ငံများတွင် အသက် ၁၅ နှစ်ကျော် လူအများစုမှာ Identity Card ကိုင်ဆောင်ထားခြင်းမရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းထုတ်ပြန်ချက်အရ လူဦးရေ ၁၁ သန်းကျော်သည် နိုင်ငံသားဖြစ်ကြောင်း မည်သည့်အထောက်အထားကိုမျှ ကိုင်ဆောင်ထားခြင်းမရှိသည်ကို တွေ့ရှိခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဖော်ပြချက် ၁၆ ဒသမ ၉ တွင် ၂၀၃၀ ပြည့်နှစ်သို့ ရောက်ပါက လူသားအားလုံး မွေးစာရင်းပြုလုပ်ခြင်း အပါအဝင် တရားဝင်သက်သေခံ အထောက်အထားရရှိရေး ရည်မှန်းချက်ထားရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် အစိုးရနှင့် CSO များက ပြည်သူများအတွင်း သက်သေခံအထောက်အထားမဲ့ လျော့နည်းစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ထိုဆောင်ရွက်ချက်များကို သိရှိနိုင်ရန်နှင့် နိုင်ငံသားဖြစ်မှုကို ပိုမိုဂရုပြုတတ်စေရန်၊ အထောက်အထား စာရွက်စာတမ်းများကို တန်ဖိုးထားတတ်စေရန် အသိပညာပေးမှုများ လိုအပ်။**

ထိုအချိန်က အသုံးပြုသော Passport များတွင် လူ၏ သက်သေခံဓာတ်ပုံများ မပါဝင်သေးပါ။ နှစ်ပေါင်းကြာလာသည်နှင့်အမျှ လူသက်သေခံဓာတ်ပုံအထောက်အထားများ ပါဝင်သည့် ID Card များ တစ်နည်းအားဖြင့် သက်သေခံအထောက်အထားများ ၁၈၇၆ ခုနှစ်ခန့်တွင် စတင်ပေါ်ပေါက်လာပါသည်။ ID Card များတွင် ကတ်ပိုင်ရှင်၏ ဓာတ်ပုံပါဝင်ခြင်းသည် အရေးကြီးပုံကို ဦးစွာသိရှိသူများမှာ ဗြိတိသျှများဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် “Lody spy scandal” ဟုခေါ်သည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ခြင်းကြောင့် ဖြစ်သည်။ ၁၉၁၄ ခုနှစ်တွင် Lody ဟုခေါ်သော ဂျာမန်တစ်ဦးက ဗြိတိသျှတို့ထံတွင် လျှို့ဝှက်ထောက်လှမ်းရေး “စပိုင်” လုပ်ခဲ့ခြင်းမှ စခဲ့သည်။ ထို့နောက် ၎င်းအား သေဒဏ်အပြစ်ပေးခဲ့သည်။ ထို့နောက် ၁၉၁၅ ခုနှစ်မှစတင်၍ ဩစတြေးလျနှင့် ဗြိတိန်တို့သည် ဓာတ်ပုံအထောက်အထားကို စတင်အသုံးပြုခဲ့သည်။ ၁၉၈၅ ခုနှစ်နောက်ပိုင်းတွင် ID Card များအား ISO/ICE 7810 ဖြင့် စံသတ်မှတ်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ISO/ICE 7816 ဖြင့် ထပ်မံသတ်မှတ်ခဲ့သည်။

### နိုင်ငံသားဖြစ်မှုပိုမိုဂရုပြု

နိုင်ငံသားတစ်ဦးစီတိုင်းသည် တရားဝင်အထောက်အထားဖြစ်မှုကို နားလည်သဘောပေါက်ပြီး Legal Identity ၏ အရေးပါမှုကို သိရှိထားရန် လိုအပ်သည်။ တရားဝင် အထောက်အထားဆိုသည်မှာ မိမိတို့နေထိုင်သော သက်ဆိုင်ရာနိုင်ငံများတွင် လူပုဂ္ဂိုလ်တစ်ဦး၏ ရသင့်ရထိုက်သော ရပိုင်ခွင့်၊ အခွင့်အရေးများနှင့် တာဝန်များကို သက်သေခံပေးနိုင်ရန် တရားဝင်မှတ်ပုံတင်ခြင်းနှင့် အထောက်အထားတစ်ရပ်ဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံများမှ ကျင့်သုံးသော နိုင်ငံတော်ဥပဒေအရ ပြုလုပ်ပေးပါသည်။ တချို့စာအုပ်များတွင် တရားဝင်အထောက်အထားကို “ဥပဒေရှေ့မှောက်တွင် လူပုဂ္ဂိုလ်အဖြစ် တစ်ဦးတစ်ယောက်ကို အသိအမှတ်ပြုခြင်း”ဟု ရည်ညွှန်းအသုံးပြုကြောင်း တွေ့ရသည်။ တရားဝင်အထောက်အထားကို အသိအမှတ်ပြုခြင်းမှာ တစ်ဦးတစ်ယောက် ပိုင်ဆိုင်ထားသော ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းများ သို့မဟုတ် တရားဝင်အထောက်အထားများနှင့် ပတ်သက်၍ သက်သေခံနိုင်သော အခြားပုံစံများပေါ်တွင် မူတည်ပါသည်။ ဥပမာ- နိုင်ငံသားစိစစ်ရေးကတ်၊ နိုင်ငံကူးလက်မှတ်၊ ယာဉ်မောင်းလိုင်စင် စသည်တို့ကို ဆိုလိုပါသည်။

**အာဖရိကနှင့် တောင်အာရှနိုင်ငံများတွင် အသက် ၁၅ နှစ်ကျော် လူအများစုမှာ Identity Card ကိုင်ဆောင်ထားခြင်းမရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းထုတ်ပြန်ချက်အရ လူဦးရေ ၁၁ သန်းကျော်သည် နိုင်ငံသားဖြစ်ကြောင်း** မည်သည့်အထောက်အထားကိုမျှ ကိုင်ဆောင်ထားခြင်းမရှိသည်ကို တွေ့ရှိခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဖော်ပြချက် ၁၆ ဒသမ ၉ တွင် ၂၀၃၀ ပြည့်နှစ်သို့ ရောက်ပါက လူသားအားလုံး မွေးစာရင်းပြုလုပ်ခြင်းအပါအဝင် တရားဝင်သက်သေခံအထောက်အထားရရှိရေး ရည်မှန်းချက် ထားရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် အစိုးရနှင့် CSO များက ပြည်သူများအတွင်း သက်သေခံအထောက်အထားမဲ့ လျော့နည်းစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ထိုဆောင်ရွက်ချက်များကို သိရှိနိုင်ရန်နှင့် နိုင်ငံသားဖြစ်မှုကို ပိုမိုဂရုပြုတတ်စေရန်၊ အထောက်အထား စာရွက်စာတမ်းများကို တန်ဖိုးထားတတ်စေရန် အသိပညာပေးမှုများ လိုအပ်ပါသည်။

### လူဦးရေစာရင်းမှန်ကန်စေရန်

နိုင်ငံတော်အစိုးရအနေဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အောက်တွင် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ မိုးပွင့်အထူးစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးလက်ဒေသများ၊ အစိုးရစာသင်ကျောင်းများတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်ကို မြင်တွေ့ခဲ့ကြရမည်ဖြစ်သည်။ ထို့အပြင် အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရပါသည်။ ၂၀၁၆ ခုနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် သစ္စာစီမံချက်ဖြင့်လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့က ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က “မဲစာရင်းများကို ဆောင်ရွက်ရာတွင် လူဦးရေစာရင်းများ မှန်မှန်ကန်ကန်ရှိစေရန်အတွက်လည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ် ရွှေ့ပြောင်းသန်းခေါင်စာရင်းများ အပေါ်မူတည်၍ စာရင်းများ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မှတ်ပုံတင်မရရှိသေးသည့် နိုင်ငံသားများအား အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် မှတ်ပုံတင်မရရှိသေးသည့် တိုင်းရင်းသားများ ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း သမာသမတ်ရှိစွာဖြင့် ဆောင်ရွက်ရန်လိုကြောင်း” မှာကြားခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

# ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများအား လက်ဝယ်ထားရှိသူများနှင့် ပြုလုပ်ပေးသူများအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၃**
ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များတွင် ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အသက်သေဆုံးသည်အထိ ရန်ပြုတိုက်ခိုက်လျက်ရှိပြီး ထိုသို့ အကြမ်းဖက်ရာတွင် အသုံးပြုရန် လက်နက်များပြုလုပ်ခြင်း၊ လက်ဝယ်တွင် ထားရှိခြင်းများ ပြုလုပ်လျက်ရှိခြင်းကြောင့် သက်ဆိုင်ရာ နယ်မြေများအလိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမှုများဆောင်ရွက်ခြင်း၊ သတင်းဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၂၂ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့ မင်္ဂလာတံတားအနီး "ဦးမြင့်ထွန်း" စက်ပြင်အလုပ်ရုံ၌ ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်နက်ပစ္စည်းများ သိုဝှက်ထားကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အလုပ်သမားဖြစ်သူ ကော့သောင်းမြို့နယ် ရွှေဟသ်ာရပ်ကွက် ပတ်ကုလားတန်းလျားနေ ဇော်မျိုး(ခ)ကိုကိုယ်(၃၅)နှစ် (ဘ) ဦးသိန်းမြင့်အား တွေ့ရှိရပြီး အလုပ်ရုံအတွင်းမှ ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့် မှိန်းတစ်ချောင်း၊ ပိုက်လုံးစွပ်တုတ်/ဓားတစ်ချောင်း၊ အလျားသုံးပေခန့်ရှိ ဓားတစ်ချောင်း၊ အလျား ၁၁ လက်မခန့်ရှိ စကောဘာတစ်ချောင်း၊ အလျား ၁၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ သံလက်သီးတစ်ခု၊ ဂျင်ကလိပစ်လေးခွတစ်လက်၊ ခေါက်ဓားတစ်ချောင်းနှင့် ဓာတ်ငွေ့ကာမျက်နှာဖုံးတစ်ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ မတ် ၂၃ ရက် နံနက် ၉ နာရီခန့်တွင် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ပေါ်ဦးလမ်းရှိ သန်းလွင်ဦး နေအိမ်တွင် သန်းလွင်ဦး(ခ)လွင်လွင်(၄၀)နှစ် (ဘ) ဦးစီကင်းစိန်အပါအဝင် တစ်ရပ်ကွက်တည်းနေ အောင်နိုင်စိုး (၂၀)နှစ် (ဘ) ဦးကျော်ရွှေ၊ ကောင်းကျော်ထက် (၁၅)နှစ် (ဘ) ဦးသန်းလွင်၊ အောင်မျိုးဦး (၁၈)နှစ် (ဘ) ဦးခင်မောင်ဦး၊ စစ်ဖြိုးပိုင် (၁၈)နှစ် (ဘ) ဦးဇော်နိုင်နှင့် မဂျူးမြတ်မြတ်မိုး (၂၁)နှစ် (ဘ) ဦးလှသိန်းတို့ ခြောက်ဦးအား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် မီးစာတပ်ထားသော ဓာတ်ဆီပုလင်း ၇၆ လုံး၊ ဓာတ်ဆီ၊ ဒီဇယ်၊ အင်ဂျင်ဝိုင်များထည့်ထားသော ပုံးလေးပုံး၊ ဓာတ်ငွေ့ကာမျက်နှာဖုံး ၁၇ ခု၊ လေးခွ ၂၉ လက်၊ ဖန်ဂေါ်လီ ၁၀၉၄ လုံး၊ လက်လုပ်မီးခိုးဗုံး ၄၅ လုံး၊ ဘောလုံး ဖြောက်အိုးအလုံး ၅၀၊ နေကြာပန်းပုံ သံချောင်းသုံးချောင်း၊ ဓာတ်မြေ ဩဇာ ၁၅ ထုပ်၊ Sodium Chloride ငါးပုံး၊ မြားပြုလုပ်ရန် ဝါးချောင်း ၃၀၀၊ ကျည်ကာအင်္ကျီတစ်ထည်၊ မီးခြစ်ဆံဘူးနှစ်ဘူး၊ မီးစာကြိုးသုံးခွေ၊ ကော်ဦးထုပ်ရောင်စုံခြောက်လုံးနှင့် အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲခန့်တွင် အေးရိပ်ငြိမ်ရပ်ကွက် ပေါ်ဦးလမ်းရှိ အောင်ဝင်းထိုက်၏ နေအိမ်တွင် အောင်ဝင်းထိုက် (၃၈)နှစ် (ဘ) ဦးအောင်ဇော်၊ နေလင်းဦး (၂၇)နှစ် (ဘ) ဦးဘရွှေနှင့် ရင်အောင် (၃၀)နှစ် (ဘ)ဦးဘိုဝတို့အား လက်လုပ်လေသေနတ်တစ်လက်၊ သံဒိုင်းကာ ၁၄ ချပ်၊ ဓားသုံးချောင်း၊ ပုဆိန်တစ်လက်၊ ဂက်(စ်)ဘူးတစ်ဘူး၊ မီးစာတပ်ထားသော ဓာတ်ဆီပုလင်းငါးလုံး၊ ဓာတ်ဆီပုံးတစ်ပုံး၊ ဓာတ်ငွေ့ကာမျက်နှာဖုံး ၂၁ ခု၊ ဦးထုပ် ၁၅ လုံး၊ မီးသတ်ဆေးဘူးသုံးဘူးနှင့် အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် အေးငြိမ်ရိပ်ရပ်ကွက် ပေါ်ဦးလမ်းရှိ ကျော်ဝင်း(၆၅)နှစ် (ဘ)ဦးထွန်းရ၏ နေအိမ်တွင် ကျော်ဝင်း အား မီးစာတပ်ထားသော ဓာတ်ဆီပုလင်း ၁၆၅ လုံး၊ မြားပစ်လက်လုပ်သေနတ်တစ်လက်၊ မှိန်းတစ်ချောင်း၊ ဓားလေးချောင်း၊ ပုဆိန်တစ်လက်၊ ၃ ပေါင်တူတစ်ချောင်း၊ မြားတံပြုလုပ်မည့် ဝါးချောင်း ၂၂ ချောင်း၊ ဓာတ်ငွေ့ကာတစ်ခု၊ ပုလင်းအခွံ ၅၅ လုံးနှင့် ဦးထုပ်နှစ်လုံးတို့နှင့်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် အေးရိပ်ငြိမ်ရပ်ကွက် ပေါ်ဦးလမ်းရှိ မောင်မောင်(၆၅)နှစ် (ဘ) ဦးအုန်းကြွယ်၏ နေအိမ်တွင် မောင်မောင်အား မီးစာတပ်ထားသည့် ဓာတ်ဆီပုလင်း ၇၈ လုံးနှင့် လက်လုပ်မိုင်းပြုလုပ်ရန် ဖြတ်တောက်ထားသည့် သံပိုက်အတို အခု၇၀ တို့နှင့်လည်းကောင်း အသီးသီး ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း။

ထို့အတူ မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ပန်းကျေးရွာ၌ စုနိုင်မျိုး(ဘ)ဦးမိုးသီးနှင့် အောင်ဇော်မျိုး(ဘ) ဦးစိုးမြင့်တို့ နှစ်ဦးကို ဂက်စ်ဘူး၊ ကော်ပိုက်အပြာဖြင့်ပြုလုပ်ကာ ဖန်ဂေါ်လီထည့်ပစ်ရသည့် လက်လုပ်သေနတ်တစ်လက်တို့နှင့်လည်းကောင်း၊ မတ် ၂၂ ရက် ည ၁၁ နာရီ ၄၅ မိနစ်တွင် မင်းလှမြို့ ပန်းတော်ပင်ကျေးရွာ၌ ဇော်မိုးလွင်(ဘ) ဦးအောင်မြင့်စိန်ကို ဒေသန္တရလုပ် လေသေနတ်တစ်လက်၊ သံဘောစေ့ ၄၂ လုံးပါ တစ်ထုပ်၊ လေထိုးတံတစ်ချောင်းတို့နှင့်လည်းကောင်း၊ ယနေ့နံနက် ၁ နာရီ ၁၀ မိနစ်တွင် ကူမဲမြို့ အမှတ်(၃)ရပ်ကွက်နေ ဖွဲလင်းဖြိုး(ခ) ကိုဖွဲ(ဘ)ဦးမျိုးမြင့်သိန်းကို သံကိုယ်ထည်ဖြင့် ပြုလုပ်ထားသော လက်လုပ်သေနတ် တစ်လက်၊ သံဘောစေ့အလုံး ၂၀ ပါတစ်ဘူးတို့နှင့်လည်းကောင်း၊ ယနေ့ နံနက် ၁ နာရီ ၁၀မိနစ်တွင် ညောင်ဦးမြို့ အမှတ်(၄)ရပ်ကွက် ဆုံကုန်းရပ် ရှစ်မျက်နှာဘုန်းတော်ကြီးကျောင်းရှေ့၌ သန့်ဇင်အောင်(ဘ) ဦးဘိုလေးကို လက်လုပ်မီးခိုးဗုံးနှစ်လုံး၊ Hand Speaker တစ်လုံး၊ ဖိုက်ဘာဦးထုပ် ၁၀ လုံး၊ ဝါးခမောက် ၁၀ လုံး၊ လက်အိတ်နှစ်စုံ၊ လက်လုပ်ဒိုင်း နှစ်ခု၊ နဖူးစည်းများ၊ ဗီနိုင်းဆိုင်းဘုတ်များနှင့်လည်းကောင်း၊ အမှတ်(၂)ရပ်ကွက်နေ မြတ်နိုးဦး(ဘ)ဦးရဲငွေး၏ နေအိမ်၌ မြတ်နိုးဦးကို ပီပါပိုင်းဖြင့် ပြုလုပ် ထားသော လက်လုပ်ဒိုင်း ရှစ်ချပ်နှင့်လည်းကောင်း အသီးသီး ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း။

ယင်းအတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် အသဃ(၂၅)လမ်း အိမ်အမှတ်(၇၃၂/ခ)၌ ဦးမျိုးကြည်(ဘ)ဦးလှမြင့်နှင့် ၎င်း၏သားဖြစ်သူ ဦးကောင်းထက်မျိုးကြည်တို့အား မြားတစ်ချောင်း၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်အသံဗုံးသုံးလုံး၊ ဓားတစ်ချောင်း၊ ဓာတ်ဆီသုံးပုလင်း၊ ဂျင်ကလိ ၁၀ ချောင်း၊ လေးခွတစ်လက်တို့နှင့်လည်းကောင်း၊ လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက် ရန်ကင်းဘုရားလမ်း ဦးမိုးကျော်သူ (ဘ) ဦးမောင်ဘို၏ အိမ်ဈေးဆိုင်၌ ဦးမိုးကျော်သူအား ဓားခြောက်လက်၊ လှံတစ်ချောင်း၊ လေးခွငါးလက်၊ ဂျင်ကလိကိုးချောင်းနှင့် ဂျင်ကလိတစ်လက်၊ သံချောင်းများနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာ မြသီတာရပ်ကွက် ဗဟိုလမ်းနှင့် မြသီတာလမ်းထောင့်ရှိ ဆွမ်းလောင်း ဓမ္မာရုံအတွင်းနှင့် တဲလက်များ ပရဟိတရုံးတို့၌ စတီးဒိုင်း ၁၁ ခု၊ ဓားအိမ်တစ်ခု၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း အသီးသီး ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း။

အထက်ပါဖြစ်စဉ်များမှ ဆူပူဆန္ဒပြမှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်နှင့်ဆက်စပ်ပစ္စည်းများကို လက်ဝယ်ထားရှိမှုဖြင့် ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မင်္ဂလာဒုံမြို့နယ်၌ ဆူပူမှုတွင် အသုံးပြုမည့်ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ အမျိုးသမီးတစ်ဦး အသတ်ခံရမှုမှ ထွက်ပြေးတိမ်းရှောင်တရားခံကို ဖမ်းဆီးရမိ၍ ပဏာမစစ်မေးချက်အရ ဆက်စပ် လူသတ်တရားခံများကို ထပ်မံဖော်ထုတ်ရရှိ



(ဝဲမှယာ)ပြစ်မှုကျူးလွန်သူ မင်းခန့်၊ ကတုံး(ခ)သူရ။

**နေပြည်တော် မတ် ၂၃**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ အမျိုးသမီးတစ်ဦး အသတ်ခံရမှုမှ ထွက်ပြေးတိမ်းရှောင်တရားခံအား ဖမ်းဆီးရမိ၍ ပဏာမစစ်မေးချက်အရ ဆက်စပ်လူသတ်တရားခံများကို ထပ်မံဖော်ထုတ်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ မတ် ၁၅ ရက်တွင် လှိုင်သာယာမြို့နယ်နေ အမျိုးသမီးတစ်ဦးကို တွံတေးမြို့နယ် ဖျောက်ရိုးကျေးရွာအနီးတွင် ရက်စက်ယုတ်မာစွာ သတ်ဖြတ်ခဲ့ပြီး တိမ်းရှောင်နေသူ လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီးနှင့် ၎င်း၏ဇနီးတို့ကို လှည်းကူးမြို့နယ် ဘုရားသုံးဆူကျေးရွာတွင် ဖမ်းဆီးရမိခဲ့ကြောင်း မတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ဖမ်းဆီးရမိသူ လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီးအား ပဏာမစစ်မေးချက်အရ သတ်ဖြတ်ခံရသူ အမျိုးသမီးကို ဖမ်းဆီးသတ်ဖြတ်ရန်အတွက် တယ်လီဖုန်းဖြင့် ဆက်သွယ်ညွှန်ကြားခဲ့သူများမှာ မတ် ၁၅ ရက်တွင် လှိုင်သာယာမြို့၌ ဖမ်းဆီးရမိသူ "ရွှေကောင်းကြွယ်" လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဝင်းသူစိုးနှင့် မင်းခန့်(စိစစ်ဆဲ) ကျိုက္ကနာရွာ ထန်းတပင်မြို့နယ်တို့ဖြစ်ကြောင်း။

သတ်ဖြတ်ခံရသူ အမျိုးသမီးကို ကားဖြင့်ဖမ်းဆီးခေါ်ဆောင်သွားရာတွင် ဝက်ကြီးနှင့်အတူ ကတုံး(ခ)သူရ(စိစစ်ဆဲ) တေးဥယျာဉ်(၁၃)လမ်း အောက်ထိပ် လှိုင်သာယာအရှေ့မြို့နယ်နေသူပါရှိပြီး တွံတေးမြို့နယ် ဖျောက်ရိုးကျေးရွာအနီးအရောက်တွင် ကတုံး(ခ)သူရက သေဆုံးသူအမျိုးသမီးကို ဓားဖြင့် ခုနစ်ချက်ထိုးသတ်ခဲ့ကြောင်းနှင့် သေဆုံးသူထံမှ လော့ကတ်သီးပါ ရွှေဆွဲကြိုးတစ်ကုံးနှင့် လက်စွပ်တစ်ကွင်းတို့ကို ဖြုတ်ယူခဲ့ပြီး ၎င်းပစ္စည်းများကို လှမျိုးအောင်(ခ) ကိုမျိုး(ခ) ဝက်ကြီးထံတွင် ထားရှိသဖြင့် နေအိမ်မှ ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း။

အမှုအား ခိုင်မာစွာတည်ဆောက်လျက်ရှိပြီး ဖမ်းဆီးရမိရန်ကျန်ရှိနေသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် ဖမ်းဆီးရမိသူများကို စစ်ခုံရုံးဖြင့် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုကြောင့် ယာယီထိန်းသိမ်းထားသည့် ကျောင်းသား ကျောင်းသူများကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၂၂ လမ်းနှင့် လမ်း ၉၀ ထောင့်တို့တွင် မတ် ၇ ရက် နံနက်ပိုင်းက ဆူပူဆန္ဒပြမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေလျှော့လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့စဉ် ဆူပူဆန္ဒပြသူများထဲမှ အမျိုးသား ၇၃ ဦး၊ အမျိုးသမီး ၁၉ ဦးတို့ကို ထိန်းသိမ်းဖမ်းဆီးခဲ့သည်။

အဆိုပါထိန်းသိမ်းထားသူများအား စိစစ်ခဲ့ရာ ပတ်ဝန်းကျင်၏ စေ့ဆော်ခဲ့မှု၊ ဆူပူဆန္ဒပြမှုအား လှုံ့ဆော်စည်းရုံးခံရမှုနှင့် စားဝတ်နေရေးအထောက်အပံ့ရယူမှုစသည့် အခြေခံအကြောင်းများကြောင့် CDM လှုပ်ရှားဆန္ဒပြမှုတွင် ပါဝင်ခဲ့ကြောင်း တွေ့ရှိရပြီး အထူးသဖြင့် နိုင်ငံရေးအရောင်အသွေးမရှိသော အပြစ်မဲ့သည့် နုငယ်သေးသည့် ကျောင်းသား ကျောင်းသူများအား တွေ့ရှိရသောကြောင့် ၎င်းတို့၏ အနာဂတ်အရေးအတွက် သားသမီးချင်း ကိုယ်ချင်းစာတရားထားရှိကာ ကျောင်းသား ၃၀ နှင့် ကျောင်းသူငါးဦးတို့ကို ယနေ့နံနက် ၈ နာရီခန့်တွင် မန္တလေးဗဟိုအကျဉ်းထောင်မှ အောင်မြေသာစံမြို့နယ် နန်းမြို့အတွင်းသို့ ပြန်လည်ခေါ်ဆောင်ကာ စိတ်အပန်းဖြေဘုရားဖူးခြင်း၊ နန်းမြို့တွင်း လှည့်လည်ပြသခြင်း၊ ဗဟုသုတရဖွယ်စာအုပ်၊ စာစောင်များ ဖတ်ရှုစေပြီး ကောင်းမွန်စွာနေထိုင်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၃၅ ဦးတို့အား ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဆုံးမအမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ ပို့ဆောင်၍ မိဘ၊ အုပ်ထိန်းသူများထံသို့ ပြန်လည်အပ်နှံရာ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘ၊ အုပ်ထိန်းသူများ တက်ရောက်ကြသည်။ ဦးစွာ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ဆုံးမဩဝါဒစကား ပြောကြားကာ ၎င်းတို့ ဖမ်းဆီးထိန်းသိမ်းခံရချိန်တွင် ရှာဖွေပုံစံများဖြင့် သိမ်းဆည်းထားသည့် ကိုယ်ပိုင်ပစ္စည်းများအား စာရင်းအတိုင်း ပြန်လည်လွှဲပြောင်းပေးအပ်ပြီး ခံဝန်ထိုး၍ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်အပ်နှံစေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**



# တောင်ကြီးမြို့နယ်အတွင်းရှိ အခွန်ရုံးနှင့် အခွန်ရုံးအောက်ရှိ ယာဉ်များအား မီးရှို့ရန် လာရောက်သူများကို ဖမ်းဆီးရမိပြီး ဆူပူအကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အတွင်းရှိ အများပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မတ် ၂၂ ရက် ည ၈ နာရီ မိနစ် ၄၀ ခန့်တွင် အနောက်မြို့ပတ်လမ်း ကျောင်းကြီးစုရပ်ကွက် Mytel ရုံးအနီး၌ မသင်္ကာဖွယ် ဆိုင်ကယ်လေးစီးကို စစ်ဆေးရန် တားဆီးစဉ် နောက်ပြန်လှည့်မောင်းနှင်ထွက်ပြေးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းများနှင့်အညီ ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ရွှေဖြူကျေးရွာနေ ရှိုင်းဘိုဘို(ဘ) ဦးသိန်းဟန်နှင့် ကျောင်းကြီးစုရပ်ကွက် ဖရဲလမ်းနေ သိန်းဇော်မြင့်(ဘ)ဦးစိန်လင်း တို့ကို မီးရှို့ရန် အဝတ်စဖြင့် အသင့်ပြုလုပ်ထားသော ဓာတ်ဆီ သုံးပုလင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးမေးမြန်းချက်အရ ကျောင်းကြီးစုရပ်ကွက် ဖရဲလမ်းရှိ OK 26 စားသောက်ဆိုင်ပိုင်ရှင် သက်ပိုင်က အခွန်ရုံးနှင့် အခွန်ရုံးအောက်ရှိ ယာဉ်များအား မီးရှို့ရန် စေခိုင်းသဖြင့် ထွက်ခွာလာစဉ် ယခုကဲ့သို့ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက OK 26 စားသောက်ဆိုင်ကို ည ၁၁ နာရီခန့်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ ဆိုင်အလုပ်သမားများဖြစ်ကြသည့် အမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦးတို့ကို မီးပုလင်းအကြီး ၂၇ လုံး၊ မီးပုလင်းအသေး ၁၄ လုံး၊ အောက်ဆီဂျင်ဘူး ၁၇ ဘူး၊ လက်လုပ်ဗုံး ငါးလုံး၊ ဆီပုလင်း နှစ်လုံး၊ သံချေးချွတ်ဆေးခြောက်လုံး၊ ဓာတ်ငွေ့ကာ ၁၂ ခု၊ လက်လုပ်သေနတ် တစ်လက်၊ ဂျင်ကလိ ၁၁ ချောင်း၊ တစ်ပေခန့်ရှိ ဓားလေးချောင်း၊ နွေဦးတော်လှန်ရေးစာတန်းပါ အင်္ကျီသုံးထည်၊ ICON တံဆိပ်ပါ ကျည်ကာ (ကင်မရာနှင့်တွဲလျက်) တစ်ခု၊ ဖိုက်ဘာဦးထုပ် ၁၄ လုံး၊ နေကာမျက်မှန် ၈၉ ခု၊ NLD အလံအသေး ငါးခုနှင့် ဆူပူအကြမ်းဖက်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆိုင်ပိုင်ရှင်ဖြစ်သူမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် အဓိကဦးဆောင်သူဖြစ်သည့် OK 26 စားသောက်ဆိုင်ပိုင်ရှင် ဖြစ်သူ သက်ပိုင်ကို အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် ဖမ်းဆီးရမိသူများအား တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# CDM လှုပ်ရှားမှုနှင့် ဆူပူဆန္ဒပြမှုများတွင် ပါဝင်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၃**

အချို့မြို့နယ်များတွင် နိုင်ငံတော်တည်ငြိမ်မှုကို ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်သူအုပ်စုများက ဆူပူဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်စေရန် လှုံ့ဆော်သွေးထိုးမှုများကို နည်းမျိုးစုံဖြင့် လုပ်ဆောင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းကောင်းများ၏ တာဝန်ထမ်းဆောင်နေမှုများကို ပျက်ယွင်းစေရန် လှုံ့ဆော်ခြိမ်းခြောက်ခြင်းများ ပြုလုပ်လျက်ရှိခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာနယ်မြေအသီးသီးတွင် လုံခြုံရေး ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည်များ စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ဖမ်းဆီးထိန်းသိမ်းရမိ**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၂ ရက် ည ၈ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုရင့်နောင်တံတား၌ ဖြတ်သန်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်များကို စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် လှိုင်သာယာဘက်သို့ မောင်းနှင်လာသည့် Honda Inside အမျိုးအစား မော်တော်ယာဉ်တစ်စီးပေါ်မှ ဦးဇင်လင်းထွန်း(ဘ) ဦးကံမြင့်၊ ဦးတေဇာလင်း (ခ) ဦးဇော်မင်း(ဘ)ဦးစိန်မြင့်၊ ဦးမျိုးမင်းဇော် (ဘ) ဦးဝင်းလှိုင်နှင့် ဦးစိုးမင်းဦး(ခ) မောင်ဝိုင်း (ဘ) ဦးအောင်လွင်တို့ကို CDM လှုပ်ရှားမှုတွင် အသုံးပြုသည့် ဗီနိုင်းစများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ထို့ပြင် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခြင်း၊ လှုံ့ဆော်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း စုံစမ်းဖော်ထုတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် (၂/က) ရပ်ကွက် ဓမ္မသုခလမ်း အမှတ် (၂၀/ခ)နေအိမ်ကို သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်သင်းသင်းချို (ခ) မချို (ဘ) ဦးသီးနှင့် ဦးကောင်းမြတ်သူ(ဘ)ဦးဝင်းမြင့်တို့နှစ်ဦးကို လှုံ့ဆော်စာရွက်စာတမ်းများ၊ ဗီနိုင်းစများ၏ အသုံးအဆောင်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့ သည်။ ထို့အတူ ဝေဇယန္တာလမ်းနှင့် သစ္စာလမ်းထောင့်တွင် နိုင်ငံတော်အကြည်ညိုပျက်စေမည့် လှုံ့ဆော်စာတန်းများ ချိတ်ဆွဲနေသော ဦးသော်ဇင်ဦး(ဘ) ဦးကျော်နီနှင့် ဦးကြည်ဇေမင်း (ဘ) ဦးစိုးနိုင်ဦး တို့နှစ်ဦးကို ထပ်မံထိန်းသိမ်းရမိခဲ့သည်။

**စစ်ဆေး**

အလားတူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ လေးမိုင်မြို့အဝင်စစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်ဝင်ထွက်မှုများအား စစ်ဆေးလျက်ရှိစဉ် ရန်ကုန်မြို့မှ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ဆန်းမင်းထွန်း(ဘ) ဦးငယ်ကြီးကို ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်လာစေရန် ရေးသားထားသည့် လှုံ့ဆော်စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

CDM လှုံ့ဆော်မှုနှင့် ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်လာစေရန် လှုံ့ဆော်မှုများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေသည့် လုပ်ဆောင်မှုဖြစ်သဖြင့် အထက်ပါပြစ်မှုများ ကျူးလွန်သူများကို တရားဥပဒေအရ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းများ၌ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သော်ဇင်ဦးနှင့် ကြည်ဇေမင်း


ဒေါ်သင်းသင်းချိုနှင့် ကောင်းမြတ်သူ


ဆန်းမင်းထွန်း



# လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တည်ငြိမ်အေးချမ်းရေးကိုလိုလားသော ပြည်သူများက ဆူပူအကြမ်းဖက်သူများပိတ်ဆို့ထားသည့် အတားအဆီးများကို ပူးပေါင်းဖယ်ရှားရှင်းလင်း





**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ဆူပူအကြမ်းဖက်ဆန္ဒဖော်ထုတ်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိပ်တိုက်ရင်ဆိုင်အကြမ်းဖက်တိုက်ခိုက်ခြင်းများအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သွားလာမှုအနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် အများပြည်သူများ အသုံးပြုလျက်ရှိသည့် လမ်းမများပေါ်၌ တာယာကွင်းများ၊ သဲအိတ်များ၊ သစ်ကိုင်းများ၊ အုတ်ခဲကျိုးများနှင့် သံချောင်းများစသည့် အတားအဆီးများ ထူထပ်စွာချထား၍ ပိတ်ဆို့တားဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် NLD ပါတီဝင် နိုင်ငံရေးသမားများနှင့် အဖျက်အမှောင့်သမားများသည် အစိုးရအုပ်ချုပ်မှုယန္တရားပျက်စီးပြီး နိုင်ငံတော်စီးပွားရေးကို ထိခိုက်ဆုံးရှုံးစေရန်နှင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးပျက်ပြားစေရန် မြန်မာနိုင်ငံအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခွင့်ပြုချက်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံထားသော အိမ်နီးချင်းနိုင်ငံများ၏ စက်ရုံအလုပ်ရုံများအား မီးရှို့ဖျက်ဆီးလုယက်ခြင်းများကို လှိုင်သာယာ၊ ရွှေပြည်သာစက်မှုဇုန်များအနီးရှိ ကြေးစားလူရမ်းကားများကို အခကြေးငွေပေး၍ ပြုလုပ်စေခိုင်းခဲ့သည်။ ထို့ပြင် NLD ပါတီဝင်များနှင့် NLD ထောက်ခံသူများသည် ၎င်းတို့အား မထောက်ခံသည့် အပြစ်မဲ့ပြည်သူများကို ငါနှင့်မတူ ငါ့ရန်သူအဖြစ် သဘောထားပြီး သူလျှို၊ ဒလန်များအဖြစ် တစ်ဖက်သတ်စွပ်စွဲကာ Social Punishment ပြုလုပ်ရာမှတစ်ဆင့် ရက်ရက်စက်စက်သတ်ဖြတ်ခြင်း၊ လူနေအိမ်များအား မီးရှို့ခြင်း၊ မီးကွင်းပစ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို အရှိန်မြှင့်လုပ်ဆောင်လာခဲ့ကြသဖြင့် မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၆ မြို့နယ်အား စစ်အုပ်ချုပ်ရေး Martial Law ထုတ်ပြန်ဆောင်ရွက်ခဲ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်အုပ်ချုပ်ရေး Martial Law အမိန့်ထုတ်ပြန်ပြီး မြို့ရွာများတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အရှိန်တိုးမြှင့်ဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတစ်ဝန်း ဆန္ဒပြမှုအခြေအနေများသည် မတ်၁၄ ရက်တွင် အင်အား ၁၅၆၀၀ ကျော် (ရာခိုင်နှုန်းအားဖြင့် နိုင်ငံ့လူဦးရေ၏ ၀ ဒသမ ၀၂၉ ရာခိုင်နှုန်း) ရှိရာမှ မတ် ၂၁ ရက်တွင် အင်အား ၃၂၅၀ ခန့်သာ(ရာခိုင်နှုန်းအားဖြင့် နိုင်ငံ့လူဦးရေ၏ ၀ ဒသမ ၀၀၆ ရာခိုင်နှုန်း) ရှိသည်အထိ တစ်နေ့ထက်တစ်နေ့ အကြမ်းဖက်ဆန္ဒပြမှုများ လျော့နည်းလာကြောင်း တွေ့ရှိရသည်။

လက်တလော ဆူပူဆန္ဒဖော်ထုတ်မှုများတွင် NLD ပါတီ အာဏာပြန်လည်ရရှိရေး လိုလားသူအမာခံများက ဆူပူအကြမ်းဖက်လိုသူများကို သွေးထိုးမြှောက်ပင့်ပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို လူကိုသေစေနိုင်သည့် လက်နက်များဖြင့် တိုက်ခိုက်ခြင်း၊ လူမိုက်လူရမ်းကားများနှင့် မူးယစ်ဆေးဝါး သုံးစွဲသူများကို အခကြေးငွေပေး၍ ဆူပူအကြမ်းဖက်မှုများကို အရှိန်မြင့်တက်စေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေကြကြောင်း တွေ့ရှိရသည်။

သို့သော်လည်း မတ် ၁၄ ရက် စစ်အုပ်ချုပ်ရေး Martial Law အမိန့် ထုတ်ပြန်ပြီးနောက် ဆူပူအကြမ်းဖက်မှုများကို ထိရောက်စွာထိန်းသိမ်းခဲ့သဖြင့် တည်ငြိမ်အေးချမ်းမှုအခြေအနေများ တိုးတက်ကောင်းမွန်လာသလို၊ တည်ငြိမ်အေးချမ်းရေးကို လိုလားသော မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူအများစုအနေဖြင့် ၎င်းတို့၏ မိသားစုလုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် လူမှုရေး၊ ကျန်းမာရေးအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ စိတ်ဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအပါအဝင် မန္တလေး၊ မုံရွာမြို့ကြီးများနှင့် အခြားမြို့နယ်အချို့တို့တွင် ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ လမ်းပိတ်ဆို့ထားသည့် အတားအဆီးများကို လူအင်အား၊ စက်ယန္တရားအင်အားများအသုံးပြု၍ ဖယ်ရှားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လမ်းပိတ်ဆို့ထားသော အတားအဆီးများကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးအခက်အခဲများ အရေးပေါ်ကြုံတွေ့လာပါက အလွယ်တကူသွားလာနိုင်ပြီဖြစ်သကဲ့သို့ မီးဘေးအန္တရာယ်အတွက် စိုးရိမ်ထိတ်လန့် စရာမလိုတော့သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး နေ့စဉ် လမ်းပိတ်ဆို့မှု ရှင်းလင်းရေးကို အရှိန်အဟုန်မြှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်း တွေ့ရှိရသည့်အပြင် လမ်းမကြီးများနှင့် ရပ်ကွက်များအတွင်း ပိတ်ဆို့တားဆီးခြင်းများ ကင်းရှင်းမှုကြောင့်လည်း ပြည်သူအများစုသည် ရပ်ကွက်၊ မြို့တွင်းဈေးအသီးသီး၌ ပြန်လည်ရောင်းဝယ်ဖောက်ကားခြင်းများ တစ်စနှင့်တစ်စ ပြုလုပ်စည်ကားလာကြောင်း တွေ့ရှိရသည်။ ယနေ့တွင်လည်း ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နှင့် လှိုင်မြို့နယ်အတွင်းရှိ အများပြည်သူများသွားလာလျက်ရှိသည့် လမ်းများပေါ်တွင် ပိတ်ဆို့ထားသော အတားဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများက ဝိုင်းဝန်းဖယ်ရှားရှင်းလင်းပေးကြသည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်နေမှုများကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အတွင်း ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အတွင်း ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် အောင်ပြည့်ဖြိုး (ဘ)ဦးလှမြင့်သည် မတ် ၁၄ ရက်တွင် လှိုင်သဇင်လမ်းပေါ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်၌ အရိုးခြောက်လက်မခွဲခန့်၊ အသွား ငါးလက်မခွဲခန့်ရှိဓားဦးချွန်ခေါက်ဓားတစ်ချောင်းကို ကိုင်ဆောင်ခွင့်မရှိဘဲ စွဲကိုင်သွားလာခဲ့မှုအတွက်လည်းကောင်း၊ စိန်သောင်း (ဘ) ဦးလှမြင့်သည် မတ် ၁၆ ရက်တွင် ပဒံကျေးရွာ သမကုန်းလမ်းဆုံနေရာ၌ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် အရိုး လေးလက်မခွဲခန့်၊ အသွား ငါးလက်မခွဲခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် အရိုး ၁၈ လက်မ၊ အသွား ၂၂ လက်မခန့်ရှိ ကိုင်းခုတ်ဓားတစ်ချောင်းအား ကိုင်ဆောင်ခွင့်မရှိဘဲ စွဲကိုင်သွားလာခဲ့မှုအတွက် လည်းကောင်း၊ စိုးသန်း (ဘ) ဦးလှဝင်းသည် မတ် ၁၆ ရက်တွင် ဗိုလ်အောင်ကျော်လမ်းမပေါ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် အရိုးအသွား ခြောက်လက်မခန့်ရှိ ဂျင်ကလိသုံးချောင်းနှင့် အရိုး နှစ်လက်မ၊ အသွား ၆ လက်မခန့်ရှိဓားဦးချွန်တစ်ချောင်းကို ကိုင်ဆောင်ခွင့်မရှိဘဲ စွဲကိုင်သွားလာခဲ့မှုအတွက်လည်းကောင်း၊ တင်ထွန်း(ဘ) ဦးစိုးသိန်းသည် မတ် ၁၈ ရက်တွင် (၁၆)ရပ်ကွက် ရမည်းသင်းလမ်း ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် အရိုးအသွား ၂၇ လက်မခန့်ရှိဓားဦးချွန်တစ်ချောင်းကို ကိုင်ဆောင်ခွင့်မရှိဘဲ စွဲကိုင်သွားလာခဲ့မှုအတွက်လည်းကောင်း၊ ကျော်သက်(ဘ) ဦးတင်ဝင်းသည် မတ် ၁၈ ရက်တွင် အမှတ်(၁၉) ရပ်ကွက်၊ ပေါင်းကူး(၉)လမ်း ဆူပူအကြမ်းဖက်မှုဖြစ်စဉ်၌ အရိုး ခုနစ်လက်မ၊ အသွား ၂၄ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းအား ကိုင်ဆောင်ခွင့်မရှိဘဲ စွဲကိုင်သွားလာခဲ့မှုအတွက်လည်းကောင်း အသီးသီး ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၎င်းတို့အား စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး **၁၈၇၈ ခုနှစ်၊ လက်နက်များအက်ဥပဒေပုဒ်မ ၁၉(င) ပါပြဋ္ဌာန်းချက်များအရ ပြစ်ဒဏ်ထိုက်သင့်သည့် ကိုင်ဆောင်ခွင့်မရှိဘဲနှင့် လက်နက်တစ်ခုခုကို စွဲကိုင်သွားလာမှုဖြင့်** အလုပ်နှင့် ထောင်ဒဏ် ၃ နှစ် အသီးသီးကျခံစေရန် မတ် ၁၉ ရက်တွင် အမိန့်ချမှတ်လိုက်ကြောင်း။

အလားတူ ရွှေပြည်သာမြို့နယ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် မင်းထက်(ခ)လင်းထက်ပိုင်(ဘ)ဦးသန်းထွန်းနှင့် လှဝင်း(ဘ)ဦးစိန်မောင်တို့သည် မတ် ၁၆ ရက်တွင် SOLAMODA အထည်ချုပ်စက်ရုံ အဆောက်အအုံအား မီးရှို့ဖျက်ဆီးခဲ့မှုကို ကျူးလွန်ခဲ့သည့်အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၃၆ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ကိုလည်းကောင်း၊ အောင်ထွန်း (ခ) ဆာမိ၊ အောင်သက်ပိုင်(ခ)ပီချေနှင့် ဝင်းကိုကိုတို့သည် မတ် ၁၄ ရက်တွင် မြန်မာဟုန်ပေါင်၊ မက်နစ်ကယ်အင်န်၊ အီလက်ထရစ်ကယ်၊ အင်ဂျင်နီးယားရင်း ကုမ္ပဏီလီမိတက်စက်ရုံမှ အမည်မသိ လူငါးဦးမှ ခိုးယူလာပြီး လာရောက်ရောင်းချသည့် ပစ္စည်းများအား ခိုးရာပါပစ္စည်း ဖြစ်ကြောင်း ယုံကြည်ရန်အကြောင်း ရှိလျက်နှင့် ဝယ်ယူခဲ့ပြီး အဆိုပါပစ္စည်းများအား မရိုးမဖြောင့်သော သဘောဖြင့် လက်ခံထားရှိမှုကို ကျူးလွန်ခဲ့သည့်အတွက် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၁၄ အရ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်ကိုလည်းကောင်း၊ ကျော်သိန်းဝင်း (ခ) ကိုကိုဝင်း၊ သီဟ(ခ) ဆံရှည်၊ ရန်နိုင်နှင့် နိုင်မင်းတို့သည် မတ် ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၈ ရက်တို့တွင် ဆူပူအကြမ်းဖက်သူများနှင့်အတူ အော်ဟစ်ဆဲဆိုကြွေးကြော်ခြင်းများ ဆောင်ရွက်ပြီး အစိုးရဝန်ထမ်းများအား ရုံးတာဝန်ဝတ္တရားများ ပျက်ကွက်စေရန် သွေးထိုးလှုံ့ဆော်မှုများဖြင့် ၎င်းတို့အား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က(ဂ)အရအလုပ်နှင့် ထောင်ဒဏ် ၃ နှစ်ကို လည်းကောင်း၊ စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး မတ် ၂၂ ရက်တွင် အသီးသီး အမိန့်ချမှတ်လိုက်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှုမဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law)အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိခြင်းကြောင့် တိုက်စစ်မှူး လူကာကူ ဘယ်လ်ဂျီယံအသင်းတွင် ပါဝင်လာမည်

အင်တာမီလန်အသင်းကစားသမားတချို့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ပြီးနောက် တိုက်စစ်မှူး လူကာကူအား ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုပြုလုပ်ခဲ့ရာ ကူးစက်မှုမရှိတဲ့အတွက် ဘယ်လ်ဂျီယံနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေမှာ တိုက်စစ်မှူးလူကာကူပါဝင်လာမှာဖြစ်တယ်လို့ သိရပါတယ်။

အင်တာမီလန်အသင်းဟာ ပြီးခဲ့တဲ့စနေနေ့က ဆာဆူအိုလိုအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် အီတလီစီးရီးအေပွဲစဉ်ကို အင်တာမီလန်အသင်းဂိုးသမား ဟန်ဒါနိုဗစ်အပါအဝင် ကစားသမားလေးဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရတာကြောင့် ရွှေ့ဆိုင်းခဲ့ရတာဖြစ်ပါတယ်။

ဒါကြောင့် အင်တာမီလန်အသင်းက နိုင်ငံတကာပွဲစဉ်တွေ သွားရောက်ကစားမယ့် အင်တာမီလန်ကစားသမားတွေကို အီတလီနိုင်ငံကနေ မထွက်ခွာဖို့ တားမြစ်ပိတ်ပင်မှုတွေပြုလုပ်ခဲ့တာဖြစ်ပြီး တိုက်စစ်မှူး လူကာကူကတော့ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိခဲ့တဲ့အတွက် ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းနဲ့အတူ ပါဝင်လာဖို့ သေချာခဲ့တာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် မတ် ၂၄ ရက်မှာ ဝေးလ်အသင်းနဲ့ စတင်ကစားရမှာဖြစ်ပါတယ်။ ဘယ်လ်ဂျီယံအသင်းဟာ ဝေးလ်အသင်းနဲ့ ယှဉ်ပြိုင်ကစားပြီးပါက မတ် ၂၇ ရက်မှာ ချက်အသင်းနဲ့ ကစားရမှာဖြစ်ပြီး မတ် ၃၀ ရက်မှာ ဘီလာရုစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

တိုက်စစ်မှူး လူကာကူ ဘယ်လ်ဂျီယံအသင်းနဲ့အတူ ပါဝင်လာခဲ့ပေမယ့် ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ အေဒင်ဟာဇက်နဲ့ အေဇယ်ဝစ်ဆယ်တို့ကတော့ ဒဏ်ရာပြဿနာ အသီးသီးရရှိထားတာကြောင့် နည်းပြရောဘတ်တိုမာတီနက်ဇ်ရဲ့ ဘယ်လ်ဂျီယံအသင်းနဲ့အတူ ပါဝင်လာဖို့ မရှိခဲ့တာဖြစ်ပါတယ်။

# ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေး လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု သတင်းများထွက်ပေါ်

အီတလီ စီးရီးအေကလပ် ဂျူဗင်တပ်အသင်း ကွင်းလယ်ကစား သမား အာရွန်ရမ်ဆေးဟာ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းဆီ ပြောင်းရွှေ့ ကစားမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်လျက်ရှိပါတယ်။

အသက် ၃၀ နှစ် အရွယ်ရှိ ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးဟာ ဂျူဗင်တပ်အသင်းဆီ ရောက်ရှိချိန်ကတည်းက ဒဏ်ရာပြဿနာကြုံခဲ့ရပြီး လက်ရှိအချိန်အထိ ဂျူဗင်တပ်အသင်းနဲ့အတူ ၁၂ ပွဲသာ ပွဲထွက်ကစားခွင့်ရရှိသေးတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးဟာ ၂၀၁၉ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက အာဆင်နယ်အသင်းကနေ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

အာရွန်ရမ်ဆေးဟာ အာဆင်နယ်အသင်းမှာ ရှိနေစဉ်က အသင်းအတွက် အဓိကအားထားရတဲ့ ကစားသမားဖြစ်ခဲ့တာကြောင့် လက်ရှိမှာ အာဆင်နယ်အသင်းဆီ ပြန်လည်ပြောင်းရွှေ့ဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

ဒါပေမယ့် အာဆင်နယ်အသင်းဆီက အာရွန်ရမ်ဆေးနဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာပြောကြားခြင်းမရှိခဲ့တာကြောင့် လီဗာပူးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့က ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေတယ်လို့ သိရပါတယ်။ လီဗာပူးအသင်းကတော့ ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန် ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ကစားမှာဖြစ်တဲ့အတွက် အာရွန်ရမ်ဆေးကို အစားထိုးခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။



ငွေကြယ်-ရေးသားသည်

## အနုပညာ

# စံချိန်သစ်တင်လိုက်တဲ့ ရိုးစ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရိုးစ်ဟာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် စံချိန်သစ် တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ သူဟာ ကေပေါ့ပ်အမျိုးသမီး တစ်ကိုယ်တော် တေးသံရှင်တွေအနက် ဘေဘုတ်ရဲ့ ထိပ်တန်းတေးသီချင်း ၁၀၀ စာရင်းမှာ အမြင့်ဆုံးနေရာကို ရနိုင်ခဲ့သူဖြစ်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရိုးစ်ဟာ သူ့ရဲ့တစ်ကိုယ်တော် တေးအယ်လ်ဘမ် R ထုတ်လွှင့်မှုနဲ့အတူ အဆိုပါ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ On The Ground ရဲ့ တေးဗီဒီယိုကိုလည်း ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါတေးဗီဒီယိုဟာ လက်ရှိမှာ ဘေဘုတ်ရဲ့ ထိပ်တန်းတေးသီချင်း ၁၀၀ စာရင်းမှာ နံပါတ် ၇၀ နေရာမှာ ရပ်တည်နေကြောင်း ဘေဘုတ်က မတ် ၂၃ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။

ဒီလို ရပ်တည်နိုင်တာဟာ ကေပေါ့ပ်အမျိုးသမီး တစ်ကိုယ်တော်တေးသံရှင်တွေအနက် အမြင့်ဆုံးဖြစ်ပါတယ်။ ဘေဘုတ်ရဲ့ ထိပ်တန်းတေးသီချင်း ၁၀၀ ကို ဝင်နိုင်ခဲ့တဲ့ အခြားသော ကေပေါ့ပ်အမျိုးသမီး တစ်ကိုယ်တော် တေးသံရှင်ကတော့ စီအယ်လ်ဖြစ်ပြီး သူကတော့ နံပါတ် ၉၄ နေရာမှာ ရှိခဲ့တာပါ။ အဆိုပါစာရင်းကို ဝင်နိုင်တဲ့ ကေပေါ့ပ်အမျိုးသမီးတစ်ကိုယ်တော် တေးသံရှင်တွေကတော့ သူတို့နှစ်ဦးသာ ရှိသေးတာကြောင့် ယခင် စီအယ်လ်တင်ထားခဲ့တဲ့ စံချိန်ကို ကျော်လွန်ကာ ရိုးစ်က စံချိန်သစ်တင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အဆိုပါတေးသီချင်းစာရင်းဟာ အမေရိကန်မှာ လူကြိုက်အများဆုံးသော တေးသီချင်းတွေကို ထုတ်လွှင့်မှုကို အခြေခံကာ စာရင်းပြုစုထားတာဖြစ်ပါတယ်။ တေးသီချင်းအမျိုးအစားစုံကို တရားဝင်ထုတ်လွှင့်တဲ့ အော်ဒီယို၊ ဗီဒီယို၊ ရေဒီယိုနဲ့ လေလှိုင်းမှတစ်ဆင့် ထုတ်လွှင့်မှုတွေနဲ့ ရောင်းအားအချက်အလက်တွေအပေါ် အခြေခံကာ တွက်ချက်ထုတ်ပြန်ထားတာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ရိုးစ်ဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာလည်း ယူကေရဲ့ တရားဝင်တေးသီချင်းစာရင်းမှာ ဝင်ရောက်နိုင်ခဲ့တဲ့ ပထမဆုံးသော ကေပေါ့ပ်အမျိုးသမီး တေးသံရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီး သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဟာ ကေပေါ့ပ်အမျိုးသမီး တစ်ကိုယ်တော်တေးသံရှင်တွေအနက် ပထမ



သီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ်လည်း စံချိန်သစ် တင်ခဲ့ပါတယ်။ ဒါ့အပြင် ယူကျူပေါ်မှာ ၂၄ နာရီအတွင်း လူကြည့်အများဆုံးနဲ့ ၂၄ နာရီအတွင်း အကြိမ်အများဆုံး ထုတ်လွှင့်ပေးခဲ့ရတဲ့ တေးသီချင်းအဖြစ်လည်း စံချိန်တင်ပြီးဖြစ်တယ်လို့ သိရပါတယ်။

အေးပြည့်- စုစည်းသည်

# ဂျေမီဖောက်ဇ်ကို မိုက်တိုင်ဆန်အဖြစ် တွေ့မြင်ရမည်

ကျော်ကြားတဲ့ ဟောလိဝုဒ်မင်းသားတစ်ဦးဖြစ်သူ ဂျေမီဖောက်ဇ်ဟာ မိုက်တိုင်ဆန်အကြောင်း ရိုက်ကူးသွားမယ့် အတ္ထုပ္ပတ္တိရုပ်ရှင်မှာ မိုက်တိုင်ဆန်အဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အမေရိကန် ဂန္ထဝင်လက်ဝှေ့ကစားသမားတစ်ဦးဖြစ်တဲ့ မိုက်တိုင်ဆန်အကြောင်းကို ဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးပုံဖော်သွားမှာဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲမှာ အသက် ၅၃ နှစ်အရွယ် မင်းသား ဂျေမီဖောက်ဇ်က မိုက်တိုင်ဆန်အဖြစ်ပါဝင်သွားမှာပါ။

အသက် ၅၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မိုက်တိုင်ဆန်ဟာ သူ့ရဲ့အကြောင်းကို ရိုက်ကူးမယ့် ရုပ်ရှင်အတွက် နှစ်ပေါင်းများစွာ ပြင်ဆင်နေခဲ့ကာ ၂၀၁၄ ခုနှစ်အတွင်းကပင် သူ့ရဲ့ အစီအစဉ်ကို စတင်နေခဲ့တာ ဖြစ်ပါတယ်။ ဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးသွားမှာဖြစ်ပေမယ့် နောက်ပိုင်းမှာ ရုပ်ရှင်အဖြစ်လည်း ပြန်လည်ထုတ်လုပ်ဖို့ ရည်ရွယ်ထားတာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ ဇာတ်လမ်းတွဲတွေအဖြစ် ပြင်ဆင်နေပြီး ဇာတ်ညွှန်းရေးသားခြင်းတွေ လုပ်ဆောင်နေဆဲဖြစ်ကြောင်းလည်း သိရပါတယ်။



## သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်စုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၆၇-၃၄၃၂၁၁၈၊ ၀၉-၄၃၀၁၈၁၆၂
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ဖုန်း-၀၆၇-၃၆၁၀၇၊ ၀၉-၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၉၅၄၄၃၁၇၊ ၀၉-၄၄၈၀၄၂၂၁၄
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၈၂၉၂၈၃၀၊ ၀၉-၄၅၀၀၂၅၅၇၀
- The Global New Light of Myanmar (ရန်ကုန်)
  ဖုန်း-၀၁-၈၆၀၄၅၃၂၊ ၀၉-၉၈၃၉၂၄၉၉၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၂-၄၀၃၂၇၂၉၊ ၀၂-၄၀၃၂၅၅၀
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၇၁-၂၀၂၆၅၃၅၊ ၀၇၁-၂၀၂၆၅၃၃
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၅၇-၂၀၂၇၅၂၅၊ ၀၅၇-၂၀၂၇၅၂၆
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၄၃-၂၀၂၄၀၉၁၊ ၀၄၃-၂၀၂၃၀၆၈
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၈၁-၂၁၂၁၁၆၄
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၆၃-၂၀၂၃၇၁၂
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၈၄-၂၁၂၂၄၉၂
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၇၃-၂၁၂၁၃၃
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၇၄-၂၅၂၂၄၆၂
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၈၂-၂၂၀၄၀၆၇
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၅၉-၂၀၄၂၁၈၃

သင့်လုပ်ငန်းများအောင်မြင်ဖို့
အမြဲမပြတ်အားထားနိုင်သည့်
မြန်မာ့အလင်း
ကြေးမုံ
GLOBAL NEW LIGHT OF MYANMAR
သတင်းစာတွင် ကြော်ငြာထည့်ကြစို့


နေ့စဉ် သတင်းမှန်၊ အမြင်မှန်၊ တကယ်အချက်အလက်မှန်များကို
မှန်မှန် မြန်မြန် သိလိုပါသလား?
မြန်မာ့အလင်း
Myanma Alinn Daily
ကြေးမုံ
The Mirror Daily
THE GLOBAL NEW LIGHT OF MYANMAR
ဖတ်ရှုနိုင်ပါပြီ။
ဆက်သွယ် မှာယူနိုင်ပါသည်-
မြန်မာ့အလင်း 01 - 9544 317, 09 - 4480 422 14
ကြေးမုံ 01 - 8292 830, 09 - 4500 255 70
The Global New Light of Myanmar
01 - 8604 532, 09 - 9839 249 91

# အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

# ဟာဂျီဟူစိန်ဘိုင်(ခ)ဦးဟန်စိန်

## အသက်(၅၁)နှစ်

## ကြက်လျှာစွန်းဒံပေါက်ဆိုင်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၄၁)၊ (၁၁၉)လမ်းနေ ဟာဂျီ ကာစင်မ်ဘိုင်-[ဟာဂျီမ အမာဂျန်(ခ)ဒေါ်အေးမြင့်] ကြက်လျှာစွန်းဒံပေါက်တို့၏ သားထွေး၊ (ဟာဂျီမ မဘေဘီ)၊ ဟာဂျီ ဦးထွန်းမြင့်၊ ဟာဂျီကိုအီဗရာဟင်၊ ဟာဂျီကိုစိန်ဝင်း၊ ဟာဂျီမ မခင်မာလွင်၊ ဟာဂျီမ မခင်လှသန်းတို့၏ မောင်လေး၊ မဝင်းပပ၏ ချစ်လှစွာသောခင်ပွန်း၊ မပွင့်ရတီမြင့်၊ မယွန်းဝတီမြင့်၊ မဧကရီမြင့်၊ မောင်ကောင်းမြတ်သူတို့၏ မွေးသဖခင်သည် ၂၂-၃-၂၀၂၂ (တနင်္လာနေ့)တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ အပိုလိုဆေးရုံကြီး၌ အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးဆေးနိုင်မြင့် (ကျောင်းကုန်း)

## အသက် (၅၅) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ (၂)ရပ်ကွက်၊ ဆေးရုံလမ်းနေ (ဦးမောင်ကံ-ဒေါ်တင်)တို့၏ သား၊ ဦးလေးသာ၏ တူ၊ ဒေါ်စန်းစန်းမြင့်၊ (ဦးသိန်းအေး)၊ ဦးကိုကိုလေး-ဒေါ်ခင်မြငြိမ်း၊ ဒေါ်ခင်မြအေးတို့၏ ညီ/မောင်၊ ဦးလင်းထိန်မြင့်၏အစ်ကို၊ ဒေါ်ခင်မိုးမိုးစမ်း၏ခင်ပွန်း၊ မောင်ဖွဲ့ဆက်၊ မောင်မင်းသစ်တို့၏ ဖခင်၊ မသာရမြလေး၏ဦးလေး ဦးဆေးနိုင်မြင့်သည် ၂၂-၃-၂၀၂၂ (တနင်္လာနေ့) ည ၇:၃၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျောင်းကုန်းနေအိမ်မှ ကြို့ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုင်းခမ်းရှန်(ခ) စိုင်းလုံ

## အသက်(၇၃)နှစ်

တာချီလိတ်မြို့နေ(ဦးနန်ပန်-ဒေါ်နန်းကျန်)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း နေ ဒေါ်ခင်ဖြူဖြူ၏ ခင်ပွန်း၊ ဒေါ်ယဉ်ယဉ်ပန်၊ ဒေါက်တာမြင့်ဆွေ (ခ) စိုင်းနွဲ့ - ဒေါ်ညွန့်ညွန့်ဝင်းတို့၏ အစ်ကို ၊ နန်းစံဟွမ်၊ စိုင်းဆိုင်မိုင်း-နန်းငင်းစန္ဒာမြတ်၊ နန်းနီလာ၊ စိုင်းခွန်ဖတို့၏ ဖခင်၊ စိုင်းအွမ်၊ နန်းသျှရီခမ်းမိုင်း၊ နန်းခမ်းဆီလိုင်း၊ နန်းလောင်ခမ်း၊ စိုင်းဆိုင်ဝမ်းတို့၏ အဘိုး ဦးစိုင်းခမ်းရှန်(ခ) စိုင်းလုံ သည် ၂၂-၃-၂၀၂၂ (တနင်္လာနေ့) နံနက် ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးဆေးနိုင်မြင့်(ကျောင်းကုန်း)

## အသက်(၅၅)နှစ်

မခင်မိုးမိုးစမ်း၏ ခင်ပွန်း၊ မောင်ဖွဲ့ဆက်၊ မောင်မင်းသစ်တို့၏ဖခင်၊ ဦးလေးသောင်း ၏တူ၊ ဒေါ်စန်းစန်းမြင့်၊ ဦးကိုကိုလေး- ဒေါ်ခင်မြငြိမ်း၊ ဒေါ်ခင်မြအေးတို့၏ ညီ/မောင်၊ ဦးလင်းထိန်မြင့်၏ အစ်ကို ဦးဆေးနိုင်မြင့်သည် ၂၂-၃-၂၀၂၂(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းကြား သိရပါသဖြင့် မိသားစုများနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ အေးချမ်းမြင့်မြတ်ကောင်းမွန်သော ဘုံဘဝသို့ ရောက်ရှိပါစေ။

ဦးသောင်စိန်၊ ဒေါ်ခင်ဆွေလဲ့

မိသားစု

ရန်ကုန်

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ အောင်ကူးဆေးရုံ၊ ဒါယိကာမကြီး

### ဒေါ်ကြင်ကူး- A1 ပွဲရုံ

### အသက် (၉၂) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန် (၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇) စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်ဟန်- ဒေါ်ကြင်ဆိုင်တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ကြင်ကူး (A1 ပွဲရုံ)၊ အသက်(၉၂)နှစ်သည် ၂၂-၃-၂၀၂၂ (တနင်္လာနေ့) တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့ လှိုင်သာယာစက်မှုဇုန် (၁၊၂၊၃၊၄၊၆၊၇)**

**စီမံခန့်ခွဲရေးကော်မတီရုံး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဟာဂျီ ဟူစိန်ဘိုင်(ခ) ဦးဟန်စိန်

### အသက်(၅၁)နှစ်

### ကြက်လျှာစွန်းဒံပေါက်ဆိုင်

ဟာဂျီ ဟူစိန်ဘိုင်(ခ) ဦးဟန်စိန်သည် ၂၂-၃-၂၀၂၂ (တနင်္လာနေ့)တွင် အိန္ဒိယနိုင်ငံ၊ နယူး ဒေလီမြို့၊ အပိုလိုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ဆင်မင်းဆန်ဆိုင် မိသားစု**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ၃/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၃/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

**ကျန်းမာရေးဆိုင်ရာများ ဆောင်ရွက်**

သတင်းစာရှင်းလင်းပွဲ မစတင်မီ တက်ရောက်လာကြသူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ၃/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

# မန်ယူတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်နဲ့ ဒေါ့မွန်တိုက်စစ်မှူး ဟာလန်းတို့ ကမ္ဘာ့ဈေးအကြီးဆုံးကစားသမားတွေအဖြစ် ဖော်ပြခံရ

**မန်ယူအသင်းတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်နဲ့ ဒေါ့မွန်တိုက်စစ်မှူး ဟာလန်းတို့ဟာ CIES ဘောလုံးဆိုင်ရာ လေ့လာရေးဝက်ဘ်ဆိုက်ရဲ့ လေ့လာမှုသစ်တစ်ခုမှာ ကမ္ဘာ့ဈေးအကြီးဆုံးကစားသမားတွေအဖြစ် ဖော်ပြခံခဲ့ရတယ်လို့ သိရပါတယ်။**

အသက် ၂၄ နှစ်အရွယ်ရှိ မန်ယူတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ ပေါင်သန်း ၁၃၀ နဲ့ ပေါင် ၁၇၂ သန်းကြားတန်ဖိုးရှိပြီး ယင်းတန်ဖိုးမှာ မန်ယူအသင်း စုစုပေါင်းတန်ဖိုးရဲ့ ၁၄ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ အသက် ၂၀ အရွယ်ရှိ ဒေါ့မွန်တိုက်စစ်မှူးကလည်း ပေါင်သန်း ၁၃၀ နဲ့ ပေါင် ၁၇၂ သန်းကြား တန်ဖိုးရှိပြီး ဒေါ့မွန်အသင်း စုစုပေါင်းတန်ဖိုးရဲ့ ၂၁ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။

အဲဒီကစားသမားနှစ်ဦး နောက်မှာတော့ မန်စီးတီးကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်၊ အာဆင်နယ်ကွင်းလယ် ကစားသမား ဘူကာယိုဆာကာ၊ အက်သလက်တီကို မက်ဒရစ်တိုက်စစ်မှူး ဂျိုအာအိုဖိလစ်နဲ့ ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး အမ်ဘတ်ပီတို့က ပေါင် ၁၀၃ သန်းနဲ့ ပေါင်သန်း ၁၃၀ ကြား တန်ဖိုးအသီးသီး ရှိကြတယ်လို့ ဆိုပါတယ်။

လီဗာပူးအသင်း ညာနောက်ခံ ကစားသမား အလက်ဇန်းဒါး အာနိုး၊ စပါးတိုက်စစ်မှူး ဟယ်ရီကိန်း၊ ချယ်လ်ဆီး တိုက်စစ်မှူး တီမိုဝါနာ၊ ဘိုင်ယန်မြူးနစ် ဘယ်နောက်ခံ ကစားသမား အယ်လ်ဖွန်ဆိုဒေးဗီးလ်၊ ဘာစီလိုနာကစားသမား ဖရန်ကီဒီဂျောင်၊ ဂျူဗင်တပ်အသင်း နောက်ခံလူ ဒီလစ်နဲ့ အင်တာမီလန်အသင်း တိုက်စစ်မှူး မာတီနက်ဇ်တို့ကတော့ ပေါင် ၇၇ သန်းနဲ့ ပေါင် ၁၀၃ သန်းကြား တန်ဖိုးရှိတယ်လို့ ဖော်ပြထားတာ ဖြစ်ပါတယ်။ ငွေကြယ်



မန်ယူအသင်းတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်


ကြေးမုံ ယနေ့ ဖတ်စရာ

**မမေ့အပ်သော ကျေးဇူးတရား**

ဆောင်းပါး စာမျက်နှာ » ၁၁

**ဂျပန်ဆေးဝါးကုမ္ပဏီ နှစ်ခု၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား လက်တွေ့စမ်းသပ်မှုများ ပြုလုပ်**

စာမျက်နှာ » ၁၂

**ကမ္ဘာ့နိုင်ငံအားလုံး ကာကွယ်ဆေးရရှိရေးအတွက် ပူးပေါင်းပါဝင်ကြရန် ဖွံ့ဖြိုးပြီးနိုင်ငံများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း**

စာမျက်နှာ » ၁၃

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၁၈

**နိုင်ငံသားအခွင့်အရေးနှင့် တာဝန်**

စာမျက်နှာ » ၂၂